
www.burmeseclassic.com
သင်မြတ်နိုး
မောင်စန်ဆင်းတဲ့ရင်ခုန်သံ
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မြင့်မြင့်ရီ (မြ-၀၄၇၀၆)<br>ရွှေစာပေ၊ အမှတ်-၃၂၀(က)၊ အင်း၀(၄)လမ်း<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (မြ-၁၀၀၉၀)<br>(ရွှေခြသေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၅ ခုနှစ်၊ ဧပြီလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဗိုးလပြည့်စာပေ<br>အမှတ်-၂၂၉၊ ၃လွှာ၊ ၃၁-လမ်း<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၁၇၈၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

သင်မြတ်နိုး

မောင်ဝန်ဆင်းတဲ့ရင်ခုန်သံ/သင်မြတ်နိုး။ ရန်ကုန်၊

ရွှေစာပေ၊ ၂၀၁၅။

(၂၂၄)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) မောင်ဝန်ဆင်းတဲ့ရင်ခုန်သံ


အခန်း ( ၁ )

"ဒေါက် ... ဒေါက်"

"ဒေါက် ... ဒေါက် ... ဒေါက်"

"မောင် ... မောင်ရေ ... ထတော့လေ ကျောင်းသွားဖို့ ပြင်တော့လေ"

မမ အတွက်ကတော့ မောင့်ကို နှိုးရတယ်ဆိုတာ မနက်တိုင်း လုပ်နေရတဲ့ အလုပ်တစ်ခုပဲဖြစ်သည်။

မောင်ဆိုတာက မကြာခင်ကမှ မမတို့အိမ်ကို ကျောင်းတက်ရန် ရောက်လာတယ်ဆိုတဲ့ ခပ်ဆိုးဆိုး ခပ်ပေပေ ကောင်လေး တစ်ယောက်ပါ ... အိပ်ပုပ်ကြီးပြီး အပျင်းထူလွန်းတဲ့ ကောင်လေး တစ်ယောက်ပဲဖြစ်သည်။

ဆယ်တန်း စာမေးပွဲကိုတောင် နှစ်ခါပြန်ဖြေရတဲ့ မောင်။ ဉာဏ်ကောင်းပြီး စာကျက်ရမှာ ပျင်းတဲ့မောင် ... မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



သော့သောင်းမှာ ကျိုကျိုတက် ချမ်းသာကြ၏။ အလုပ်တွေနှင့်မို့ ချော်တုန်ကို ဆင်းမလာနိုင်တဲ့ မောင့်ရဲ့မိဘတွေက သူတို့သား မြတ်သောမောင်ကို မမတို့အိမ်ကနေ ကျောင်းတက်ခိုင်းခဲ့ကြခြင်းဖြစ်သည်။

မမရဲ့ မိဘတွေနှင့် မောင့်ရဲ့မိဘတွေက ဆွေမျိုးရင်းချာနီး ရင်းနှီးခင်မင်ခဲ့ကြတဲ့ မိတ်ဆွေ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာမို့ မောင့်ကိုလည်း ခုလို မမတို့အိမ်မှာနေဖို့ လွှတ်ခဲ့ကြတာပါ ...

မောင့်နာမည်က မြတ်သောမောင်ဆိုပေမယ့် အားလုံးက မောင်လို့ပဲ ချစ်စနိုးနဲ့ ခေါ်ခဲ့ကြခြင်းဖြစ်သည်။

"မောင် ... မထသေးဘူးလား ... ကျောင်းတက်ရမယ်လေ ထ ... ခုထတော့နော် ... "

မောင်က ဘယ်လိုမှ နိုးမရ ... သူမ အခန်းတံခါးကို အသာခေါက်ရင်း မောင့်ကို မရရအောင် နှိုးနေမိ၏။

"ခေါက် ... ခေါက်"

"ခေါက် ... "

"မောင် ထတော့လေကွာ ... ဘယ်အချိန်ရှိနေပြီလဲ"

မောင့်ဆီက တုံ့ပြန်ပြီး ထူးသံမကြားရ ... မမ တံခါးခေါက်နေတာပင် နာရီဝက်လောက်ရှိနေပြီ ... မောင်က ငြိမ်သက်လွန်းနေတော့ မမတစ်ယောက် စိတ်ပူလာရ၏။ အရင်ကဆို ဒီလောက်နှိုးရ မခက်တဲ့မောင် ... အခု ဘယ်လိုမှ နှိုးလို့မရ ... ။





"မောင် ... "

"မောင် ... "

"ဒုန်း ... "

"ဒုန်း ... "

"မောင် ... "

မမစိတ်ပူပူနှင့် မောင့်ခန်းတံခါးကို တဒုန်းဒုန်း ထုနေမိသည်။

"ဟဲ့ ... သမီး မမ ... "

"ရှင် ... "

"ဘာလို့ ဒီလောက် အခန်းတံခါးကို တဒုန်းဒုန်း ထုနေရတာလဲကွယ် ... မောင် အိပ်ပါစေလား"

"ကျောင်းတက်ရမယ်လေ မေမေရဲ့"

"သမီး ပြက္ခဒိန်လေး ဘာလေး ပြန်ကြည့်ဦး"

"ဟင် ... "

"ဒီနေ့ စနေနေ့လေ ... မောင်မှ ကျောင်းမတက်ရဘဲ"

"ဟင် ... "

မမမျက်နှာလေး ရှက်ကိုးရှက်ကန်းနှင့် ရဲခနဲဖြစ်သွားရ၏။ ဟုတ်သားပဲ ...

မေမေ ပြောလိုက်မှပဲ ဒီနေ့ စနေဆိုတာကို မမသတိရမိသွားသည်။ သူမ မေ့ပြီး မောင့်ကို မရ ရအောင် နှိုးနေမိတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



မမေရဲ့ အဖြစ်သည်းရန်ကောဆိုတဲ့ အကြည့်ကို ရင်မဆိုင်ရဲတော့ဘဲ သူမ မျက်လွှာလေး ချထားလိုက်မိ၏။

"သမီး ..."

"ရှင် ..."

"ဒီနေ့ ဘယ်သွားစရာရှိလဲ"

"ဟို ... ကျူရှင် သွားစရာတော့ ရှိတယ်မေမေ ... မေမေ ဘာခိုင်းမလို့လဲ"

"မခိုင်းပါဘူး ... သမီး သွားစရာမရှိရင် ဆိုင်လိုက်ခဲ့လို့ ခေါ်မလို့ ..."

မမရဲ့ မေမေက ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်ဖွင့်ထားတာပါ။

"မလိုက်တော့ပါဘူး မေမေရယ် ... ကျူရှင်လည်း ရှိနေတော့"

"အေးပါ ... မောင့်ကိုလည်း အတင်းနှိုးမနေနဲ့ဦး ... မောင် ညက တော်တော်နဲ့ အိပ်တာမဟုတ်ဘူး ... မေမေ တရေးနိုးတုန်းကတောင် မောင် ခြံထဲမှာထိုင်နေတာ တွေ့သေးတယ်"

ဟင် ...

မောင် ညဉ့်နက်မှ အိပ်တယ်ဆိုပါလား ... မောင် ဘာများဖြစ်နေလို့ပါလိမ့် ... ခုတလော မောင် မျက်နှာမကောင်းတာ သူမ သတိထားမိနေသည်။ အရင်လို ရွှင်ရွှင်ပျပျ မရှိ ... တစ်စုံတစ်ခုကို





တွေးနေသလိုပုံနှင့် ငေးမှိုင်နေတတ်သည်။

အရင်ကဆို အမြဲတမ်း အပြုံးတွေနှင့် ရယ်မောနေတတ်တဲ့ မောင်က အခုတလော အခန်းတံခါးပိတ်ပြီး တစ်ယောက်တဲနေတတ်လာသည်။ မမနှင့်တောင် ဟက်ဟက်ပက်ပက် စကားမပြောတော့ ...

အခန်းတံခါးခေါက်ပြီး နှိုးမလို့ လှုပ်ရင်းက စိတ်ကိုထိန်းပြီး မမ ကိုယ့်အခန်းထဲပဲ ကိုယ့်ဘာသာ ပြန်လာထိုင်နေမိသည်။ စာကြည့်စားပွဲမှာ ထိုင်ရင်း ငယ်ငယ်က မောင်နှင့်တွဲရိုက်ထားတဲ့ ဓာတ်ပုံလေးကို ငေးကြည့်နေမိ၏။

အဲဒီတုန်းက မောင်က ရှစ်နှစ်ပဲရှိသေးသည်။ မမနှင့်မောင်က အသက်က သုံးနှစ်ပဲ ကွာတာမို့ မမက ဆယ့်တစ်နှစ်သမီးပဲ ရှိသေးတာပါ ... ဓာတ်ပုံထဲက မောင့်အပြုံးတွေက ဖြူစင်ရှင်းသန့်နေသည်။

မမဆိုတဲ့ နာမည်ရခဲ့တာလည်း မောင်ကြောင့်ပါပဲ ... တကယ်တော့ မမရဲ့နာမည်ရင်းက ရင်ခုန်သံတဲ့ ... မောင့်ကိုမွေးတော့ မမနဲ့မောင်လို့ ချစ်စနိုးခေါ်ကြရင်းက အဲနာမည်တွေ တွင်ခဲ့ကြတာပါ ... ။

အိစက်နေအောင်လှတဲ့ မမရဲ့ မိဘတွေကလည်း ကြွယ်ဝချမ်းသာတဲ့ သူတွေပါပဲ ... ပြီးတော့ မမက တစ်ဦးတည်းသော သမီး မွေးချင်းမောင်နှမ မရှိတဲ့ မမအတွက်တော့ မောင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ ခင်တွယ်စရာ ရှိခဲ့သည်။

မမ ဆယ့်ငါးနှစ်သမီးမှာ ဖေဖေဆုံးသွားခဲ့သည်။ မေမေက ဆွေမျိုးတွေ ရှိရာ ရန်ကုန်ကိုပြောင်းတော့ မောင်နှင့်သိပ်မတွေ့ဖြစ်တော့ ... တခါတလေ ကျောင်းပိတ်မှသာ မောင်ရှိရာ ကော့သောင်းကို အလည်ရောက်ဖြစ်၏။ မောင့်မိဘတွေ အတွက်လည်း မမက သမီးတစ်ယောက်လို ဖြစ်နေတာမို့ မောင့်အိမ်မှာပဲ တည်းဖြစ်သည်။

မြတ်သောမောင်ဆိုတဲ့ မောင်က ခပ်ဆိုးဆိုးကောင်လေး စာဆိုရင် ဘယ်တော့မှ မကျက်ချင် ... ။

"မမရေ... မောင့်ကိုလည်း ပြောစမ်းပါဦးကွယ် ... စာကျက်ဖို့ ပျင်းရတဲ့ကြားထဲ အခု ကောင်မလေးတွေနဲ့ပါ ဖုန်းတွေပြောတတ်နေပြီ စိတ်ညစ်ပါတယ် မမရယ် ... "

မောင် ... ကောင်မလေးတွေနှင့် ဖုန်းတွေ ပြောနေသည်ဟု မောင့်မေမေက ညည်းတော့ မမစိတ်ပူသွားရသည်။ စိုးရိမ်ပူပန်စွာဖြင့် မောင့်ကို မေးမိ၏။

"မောင် ... စာမကျက်ဘဲ ကောင်မလေးတွေနဲ့ ဖုန်းပြောနေတယ်ဆို ... "

"အဟက် ... "

"မောင် ... ဘာရယ်နေတာလဲ"

"ကောင်မလေးတွေနဲ့ ဖုန်းပြောနေတယ်ဆိုလို့ ရယ်တာပါ"





မောင်က မလုံတတ်တေးနှင့် ဖြေတော့ မမဒေါကန်သွားရ၏။ မောင့်ခေါင်းကို ဖွပ်ခနဲနေအောင် ခေါက်ပစ်လိုက်ချင်တဲ့စိတ်ကို မနည်း မျိုသိပ်ထားရသည်။

"အဲဒါ ... ရယ်စရာလားမောင် ... မောင် စာမေးပွဲကျတာ မရှက်ဘူးလား"

"မရှက်ပါဘူး ... "

"မောင် ... "

မမက ဒေါသနှင့်အော်တော့ မောင်က စပ်ဖြဲဖြဲနှင့် ရယ်ပဲရယ်နေသည်။

"မမ အကောင်းပြောနေတာ ... မောင်က ဉာဏ်ကောင်းပြီးသား ... စာကို နည်းနည်းပိုကျက်လိုက်ရုံနဲ့ အောင်မှာ ... "

"ခုရော မောင်က ဘာလုပ်နေလို့လဲ"

"ကောင်မလေးတွေနဲ့ ဖုန်းပြောနေတယ်လေ"

"အာ ... မမကလည်း အဲဒါက ဗီလင်လေ ... ဟဲ ဟဲ ... "

"တော်စမ်း ... မောင်"

မမ ဒေါကန်လာရပြန်သည်။ မောင့်ရဲ့ အဲဒီလို ပေါ့ပျက်ပျက် အမူအရာတွေကိုပဲ မမ မကြိုက်တာ ... ။ ဘာကိုမှ လေးလေးနက်နက် မထားတတ် ... ။

"မောင် စာမေးပွဲအောင်ဖို့ အရင်ကြိုးစားသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ မမကလည်း ... "

"ဘာ ... မမကလဲ ... လဲ"

"အခုတော့ ကောင်မလေးတွေကြိုက်အောင် အရင်လုပ်လိုက်ဦးမယ် ... "

"မောင် ... "

မမက လက်ရှယ်တော့ မောင်က လှစ်ခနဲနေအောင် ထပြေးသည်။ မမကိုလည်း ပြောင်သလို နောက်သလို အမူအရာတွေ လုပ်ပြသွားသေး၏။ ဒေါသတွေနှင့် အမြဲကျန်ခဲ့ရတာက ရင်ခုန်သံဆိုတဲ့ မောင်ရဲ့ မမရယ်ပါ ... ။

မောင့်ကို ဘယ်လို ဆုံးမရမလဲဆိုတာ မမ မစဉ်းစားတတ်။ အရမ်းဆိုးလွန်းတဲ့ မောင် ... စာကျက်ဖို့ထက် ရည်းစားထားဖို့ပိုစိတ်ဝင်စားနေတတ်တဲ့ မောင် ... ။

ပြီးတော့ ...

ငယ်ငယ်လေးထဲက ချစ်စရာကောင်းတဲ့ မောင်က အခုအသက်ကြီးလာတော့ ယောကျာ်းပီသစွာ ချောမောလာခဲ့သည်။ အဲဒီတော့ ကောင်မလေးတွေရဲ့ နှုတ်ခမ်းဖျားမှာ မြတ်သောမောင်ဆိုတာ နာမည်ကြီးလာရတော့၏။ နဂိုတည်းက ရည်းစားများချင်တဲ့မောင့်အတွက် ဘေးနားမှာ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတာ မဆန်းတော့ ... ။





မောင့် အကြောင်းတွေးနေတာရပ်ရင်း ကျူရှင်သွားဖို့ မမ ပြင်ဆင်နေမိသည်။ မှန်တင်ခုံထဲမှာ မြင်နေရတဲ့ မမကလည်း အိစက်နေအောင်လှတဲ့ မိန်းကလေးတစ်ယောက်ပါပဲ ... မြင်သူတိုင်း ငေးမကြည့်ဘဲ မနေနိုင်လောက်အောင် ချောမောလှပတဲ့ ကောင်မလေးတစ်ယောက်ပါ ... ။

ခက်တာက ... မောင် ...

မမရဲ့ အလှတွေကို မျက်စိထဲ မထားတတ်တဲ့ မောင် ... ဒီလောက်လှတဲ့ မမကို အရှေ့မှာထားပြီး အခြားကောင်မလေးတွေကိုပဲ စိတ်ဝင်စားနေတတ်ခဲ့မောင် ... ။

"ဟွန်း ... "

မမ နှုတ်ခမ်းလေးတွေကို စူထော်ပစ်လိုက်မိသည်။

မဖြစ်သေးပါဘူး ... ။

မောင် ညကလည်း တော်တော်နဲ့ မအိပ်ဘူးတဲ့ ... စုံစမ်းရမှာပဲ မောင် ဘယ်ကောင်မလေးနဲ့ ကြိုက်နေလဲဆိုတာ ရအောင်စုံစမ်းရမည် ... မောင့်ကို ညအိပ်မရအောင်လုပ်နိုင်တဲ့ ကောင်မလေးက ဘယ်လိုလဲဆိုတာ မမ သိချင်လာရ၏။

မောင် ညက ဘာလို့မအိပ်တာလဲ မောင်ဘာတွေ ခံစားနေရလို့လဲ မဖြစ်သေးပါဘူး ... မမစုံစမ်းဦးမှပါပဲ ...

အမြဲတမ်းလိုလို မမက မောင့်ကို ဂရုတစိုက်ရှိခဲ့တာပါ ... သေးသေးမွှားမွှားလေးကအစ မောင့်အပေါ် မမဂရုစိုက်တတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ မောင် နည်းနည်းလေး မျက်နှာမကောင်းတာနှင့် စိုးရိမ်တကြီး မေးတတ်ခဲ့တာပါ ... အဲလောက် ဂရုတစိုက်ရှိခဲ့တဲ့ မမကို မောင်က ဘယ်တော့မှ အရေးတယူ မရှိခဲ့ ... ။

မောင်ရယ် ...

မမဆိုတာ မောင့်အတွက် ရှင်သန်ပေးခဲ့ရတဲ့ လူတစ်ယောက်ပါပဲ ... အဲဒါကို မောင် ဘာလို့ မသိရတာလဲ မောင်ဘာလို့ ဂရုတစိုက် ရှိခဲ့တဲ့ မမကို မောင်က ဘယ်တော့မှ အရေးတယူ မရှိခဲ့။

မမရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်လေးတွေ အမှတ်မထင် ဝေ့ဝဲလာရသည်။ ဝေ့လာတဲ့ မျက်ရည်စလေးတွေကို လက်ကိုင်ပုဝါလေးနှင့် အသာတို့ရင်း လွယ်အိတ်လေးကို ကောက်ကိုင်ကာ အခန်းထဲက ထွက်လာခဲ့မိ၏။

မောင့်အခန်းတံခါးရှေ့မှာ ခြေစုံရပ်ရင်း မောင့်ကို နှိုးမလို့ စဉ်းစားနေမိ၏။

အိပ်ပါစေ ... မောင်ညက အိပ်ရေးပျက်ထားတာပဲ ...

မမ ...

နှုတ်ခမ်းလေးကို ဖိကိုက်ရင်း မောင့်အခန်းရှေ့ကနေ ထွက်လာခဲ့လိုက်သည်။

မောင် ...

မောင် မမကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူး သိလား ... ။

***



အခန်း ( ၂ )

"အား ... "

အိပ်ရာက နိုးလာတဲ့ မောင် လက်နှစ်ဖက်ကို အပေါ်ကို ဆန့်ရင်း အကြောတွေကို ဆွဲဆန့်လိုက်မိသည်။

နာရီကို ကြည့်တော့ ဆယ်နာရီခွဲနေပြီ ... ညက အိပ်ရေးပျက်ထားတာကြောင့် အိပ်ကောင်းကောင်းနှင့် အိပ်နေမိတာပါ။

မမလာနှိုးတာကို သိပေမယ့် မောင် မထနိုင်လို့ ဆက်အိပ်နေလိုက်မိသည်။ မောင် ညက တော်တော်နှင့်အိပ်မပျော် ကောင်မလေး တစ်ယောက်အကြောင်းကို တွေးနေမိသည်။

ချစ်ကြိုးငယ်ဆိုတဲ့ ကောင်မလေး ...

မောင်နဲ့ တက္ကသိုလ်တစ်ခုထဲ အတူတက်တဲ့ ကောင်မလေး။ မေဂျာလည်း အတူတူ ... ပြီးတော့ အခန်းချင်းလည်း တူတဲ့ ကောင်မလေး ... ။

မောင့်ရဲ့ နှလုံးသားတစ်ခုလုံး တုန်ခါသွားအောင် အပြုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်နဲ့ ပြုံးသွားခဲ့တဲ့ ကောင်မလေး ... မောင် ရင်ခုန်သံတွေ ဆူညံသွားအောင် လုပ်နိုင်ခဲ့တဲ့ ကောင်မလေး နာမည်က ချစ်ကြိုးငယ်တဲ့ ...။

နှာတံစင်းစင်း မျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် လှပချောမွေ့နေတဲ့ ကောင်မလေးပါ ... မောင်နဲ့ အမှတ်မထင် ဆုံလိုက်တဲ့ အချိန်မှာ မောင် အသိစိတ်တွေ လွင့်ပြီး သူမကို ငေးကြည့်နေခဲ့မိသည်။ မောင်က မေဂျာရဲ့ King ဖြစ်သလို သူမကလည်း Queen ဖြစ်တဲ့ ကောင်မလေး ...

ဆံနွယ်ရှည်ရှည်လေးတွေက အိစက်ဖြောင့်စင်းနေတဲ့ ချစ်ကြိုးငယ်ကို ကြည့်ရင်း မောင့် ရင်ခုန်သံတွေ ဆူပွက်သွားရ၏။ ရည်းစားတွေ အများကြီးထားခဲ့ဖူးပြီး နှုတ်ရဲလက်ရဲရှိတဲ့ မောင်က သူမရဲ့ တည်တင်းတဲ့ နှုတ်ခမ်းတွေကို ကြည့်ရင်း စကားမပြောရဲလောက်အောင် ကြောက်ရွံ့နေခဲ့ရသည်။

ညကလည်း တစ်ညလုံးအိပ်မရ ... ချစ်ကြိုးငယ် အကြောင်းပဲ တွေးနေမိ၏။ မနက်က မမနှိုးတဲ့ အသံကြားပေမယ့် ဘယ်လိုမှ ထမရ ... မမတော့ စိတ်ပူနေတော့မှာပဲ ...။

မမက မောင့်ကို အရမ်းဂရုတစိုက် ရှိတတ်လွန်းသည်။ မမကို အားနာမိပေမယ့် သူတကယ် မထနိုင်တာပါ ... မမက မောင့်ကို အရမ်းဂရုတစိုက် ရှိတဲ့ အစ်မအရင်းတစ်ယောက် ...

ချစ်ကြိုးငယ်တဲ့ ...





အရမ်းလှတဲ့ ကောင်မလေးတစ်ယောက်ပါပဲ ...

မောင့်မျက်စိထဲမှာ သူ့ပုံရိပ်ကို ဘယ်လိုမှ ဖျောက်၍မရ ...

ညက ...

မောင် တစ်ညလုံး အိပ်မပျော် ...

ချစ်ကြိုးငယ် အကြောင်းကို တချိန်လုံး တွေးနေမိသည်။

ဟက် ... ဟက်

မမကတော့ သူအိပ်ပုပ်ကြီးတယ်ဆိုပြီး ဒေါသထွက်နေတော့မှာ သေချာသည်။

သူငယ်ချင်းတစ်ယောက် မိတ်ဆက်ပေးလို့ ချစ်ကြိုးငယ်နှင့် သူ ... သူငယ်ချင်းတွေ ဖြစ်သွားခဲ့ရသည်။

"ချစ်ကြိုးငယ် ... "

"ဟင် ... "

"မောင် အပြန်လိုက်ပို့ပေးမယ်လေ"

"ဟွန်း ... ရှင့် နာမည်ကြီးကလဲ ... "

"ဘာဖြစ်လို့လဲ ... မောင် ငယ်ငယ်လေးထဲက ဒီလိုပဲပြောခဲ့တာဆိုတော့ နှုတ်ကျိုးနေပြီလေ ... "

"ဘာ ... တဲ့ နာမည်ကြီးက ... "

ချစ်ကြိုးငယ်က သိက္ခာကြီးမားတဲ့ မိန်းကလေး တစ်ယောက်ပါ ...

မမလိုပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေရှိသည် ... ။

တည်တည်တံ့တံ့ နေတတ်တဲ့ ကောင်မလေး ... ။

မမနဲ့ ကွာတာဆိုလို့ တစ်ခုထဲရှိတာပါ ...

အဲဒါက မောင့်နာမည်ကို ခေါ်ဖို့ ရှက်ရွံ့တုန့်လှုပ်နေတတ်တာလေ ...

"ဝါး ... "

မောင် သမ်းနေမိသည်။

ညက တစ်ညလုံး သူမအကြောင်းတွေးပြီး အိပ်မရခဲ့တာမို့ အိပ်ရေးက မဝ ...

တကယ်ပါပဲ ...

ချစ်ကြိုးငယ် ...

မောင် အိပ်လို့ မရဘူး ...

မောင် ... ကောင်မလေးတွေ အများကြီးနဲ့ ပတ်သက်ခဲ့ဖူးပါတယ် ... ။

ဒါပေမဲ့ ...

ချစ်ကြိုးငယ်ကို ချစ်သလို မချစ်ခဲ့ဖူးပါဘူး ...

တစ်ခါမှလည်း အဲလို စွဲလမ်းမနေခဲ့ ...

အခုတော့ ...

ချစ်ကြိုးငယ်ကိုပဲ တမ်းတနေမိသည်။

ညတစ်ညလုံး စဉ်းစားနေမိတဲ့ သူမ ...





အခု

မောင် အိပ်ရာနိုးတော့လည်း စဉ်းစားနေမိတာပါပဲ ...

ခက်တယ်ကွာ ...

မောင် ဘာလုပ်ရမလဲ ...

အခုချိန်ဆို သူမရော ဘာလုပ်နေမလဲ ...

စာပဲ ကျက်နေမလား ...

မနက်စာရော သေချာစားရဲ့လား ...

မောင် စိတ်ပူနေမိသည်။

မဖြစ်သေးပါဘူး ...

ချစ်ကြိုးငယ်ဆီ ဖုန်းဆက်ဦးမှပါပဲ ...

မောင် ဟန်းဖုန်းလေးကိုယူပြီး သူမဆီ ဖုန်းခေါ်လိုက်မိသည်။

"ဟဲလို ... "

တစ်ဖက်က ထူးလိုက်တဲ့ ချစ်ကြိုးငယ်ရဲ့ အသံလေးကြောင့် မောင် ပျော်သွားရ၏။

"ချစ်ကြိုးငယ်လား ... "

"အင်း"

"မောင်ပါ ... "

"သိတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"မောင် ညထဲက သတိရနေတာ"

"ဘာ ... အဲဒီနာမည်ကြီး မသုံးစမ်းပါနဲ့"

"ဘာလို့လဲ ... မောင်လို့ပဲ လူတိုင်းခေါ်ကြတာပဲလေ"

"မခေါ်ချင်ပါဘူး ... "

"ဘာလို့လဲ ... "

"အာ ... "

မောင် သဘောကျစွာ ပြုံးလိုက်မိသည်။

"ဒီနေ့ သူငယ်ချင်းတွေ အပြင်သွားမှာ လိုက်မယ်မှတ်လား"

"ဟုတ် ... "

"လှလှလေး ဝတ်ခဲ့နော် ... "

"တော်ပြီကွာ ... ဖုန်းချလိုက်တော့မယ်"

ရှက်ရှက်နှင့် ဖုန်းချသွားတဲ့ ချစ်ကြိုးငယ် အကြောင်းတွေး ရင်း မောင် သဘောကျစွာ ရယ်လိုက်မိသည်။

ဘာလို့မှန်း မသိ ...

ချစ်ကြိုးငယ်ဆိုတဲ့ ကောင်မလေးကို မောင် ချစ်မိနေရ သည်။

အပြင်သွားရမှာမို့ မောင် ရေချိုးခန်းထဲ ဝင်ခဲ့လိုက်သည်။

ရေပန်းရဲ့ အေးစိမ့်တဲ့ အထိအတွေ့ကြောင့် ထိတ်လန့်သွား မှုကို သူမ နာမည်လေး တအားရွတ်ရင် ဖြေဖျောက်လိုက်မိသည်။

ချစ်ကြိုးငယ် ...





မောင် အဲလောက်ထိ ချစ်တာသိလား ...

ရေချိုးပြီး အဝတ်အစားလဲတော့ ထူးထူးခြားခြား မောင် ပျော်နေမိသည်။

သူမနှင့် တွေ့ရမည်ဆိုတဲ့ အသိကြောင့် မောင်တက်ကြွနေ မိ၏။

မမကတော့ ဒီအချိန်လောက်ဆို မနက်စာစားဖို့ မောင့်ကို မျှော်နေမှာ သေချာသည်။

မမ ...

တကယ်တော့ မမက မောင့်ထက် နှစ်နှစ်လောက်ပဲကြီး တာပါ ... ။

ဒါပေမဲ့ ... မမက ဆရာလုပ်လွန်း၏။

အသက် ဘယ်လောက်မှ မကွာပေမယ့် မမက အရမ်းကို လူကြီးဆန်လွန်းသည်။

ချုပ်ချယ်လွန်း၏။

တစ်ချိန်လုံး စာပဲ ကျက်ခိုင်းချင်နေသည်။

စီးပွားရေး လုပ်ဖို့လည်း တိုက်တွန်းတတ်၏။

မောင်က အဲဒါကိုပဲ မကြိုက်တာပါ ...

မောင် ငယ်ပါသေးတယ် ...

လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ကျောင်းသားဘဝ ကို ဖြတ်သန်းချင်မိတာပါ ... ။



www.burmeseclassic.com

www.burmeseclassic.com



မမကတော့ အဲလိုမဟုတ် ...။

“မောင် စာလည်းကြိုးစားရင်း စီးပွားရေး လုပ်ငန်းတစ်ခုလည်း လုပ်သင့်တယ်လို့ မမထင်တယ် ...”

“မမကလည်း မောင် အခုမှ ကျောင်းသားပဲရှိသေးတာလေ”

“ကျောင်းသားက စီးပွားရေး မလုပ်ရဘူးလား”

မမက အဲလိုမျိုးပင် ...

မောင့်အပေါ်မှာဆို အမြဲဆရာလုပ်နေကျ။

တစ်ခါတစ်ခါတော့လည်း မမက ရယ်ရသလိုပင်။

လောကအကြောင်း ... ဘဝအကြောင်းတွေ မောင့်ကိုပြောပြနေတတ်သည်။

မောင်က စိတ်မဝင်စားပါဘူး။

အခု ... မောင် စိတ်ဝင်စားတာက ချစ်ကြိုးငယ်ဆိုတဲ့ ကောင်မလေး ...

နူးညံ့လှပတဲ့ ပန်းပျိုမလေး။ ... ...

မမလို တည်ငြိမ်ရင့်ကျက် ကျက်သရေရှိတဲ့ Grace လို့ ပြောလို့ရတဲ့ အလှမျိုးတွေ မရှိသေးပေမယ့် ...

Cute ဆိုတဲ့ နုသစ်ရွှယ်ဦး အလှဖူးတွေပွင့်နေတဲ့ သိက္ခာရှိတဲ့ ပန်းနုငယ်လေးပါ။

တကယ်ပါ ... ချစ်ကြိုးငယ်လေးရယ် ...





သူငယ်ချင်းတွေနှင့် ချိန်းထားတာမို့ မောင် အဝတ်အစားလဲပြီး အပြင်ထွက်လာခဲ့လိုက်သည်။

ဖေဖေနှင့်မေမေက မောင် ကျောင်းတက်လျှင် အဆင်ပြေအောင်ဆိုပြီး ကားဝယ်ပေးထားသည်။

ကားမောင်းကြမ်းသော မောင့်အား မေမေက စိတ်မချ။

မမကတော့ အဆိုးဆုံးပေါ့ ...

အမြဲတမ်း သတိပေးနေတတ်တဲ့ မမပါ။

ချိန်းထားတဲ့နေရာရောက်တော့ သူငယ်ချင်းတွေက ရောက်နှင့်နေပြီ။

ချစ်ကြိုးငယ်ရဲ့ မျက်နှာလေးကို တွေ့လိုက်ရတော့မှ မောင် ပျော်သွားမိ၏။

ဖြူစင်ဝင်းပနေတဲ့ ချစ်ကြိုးငယ်က လိမ္မော်ရောင်ဝတ်စုံလေးနှင့် လိုက်ဖက်ညီစွာ လှပနေသည်။

“မောင် ... မင်းကျွေးမှာမှတ်လား ... ရိုးရိုးဆိုင်မှာတော့ မရဘူးနော် ...”

သူငယ်ချင်းတွေက စနေကြ၏။

မောင်ကတော့ ချစ်ကြိုးငယ်နှင့်အတူ သွားရမှာမို့ ပျော်နေမိသည်။

ချစ်ကြိုးငယ် ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါပဲကွာ ...

မောင့်ရင်ထဲမှာ ချစ်ကြိုးငယ်မှ ချစ်ကြိုးငယ်ပဲ ဖြစ်နေရ၏။

ဘယ်ဆိုင်မှာပဲ ကျွေးရ ကျွေးရ၊

ဘယ်လောက်ပဲကုန်ကုန် ...

"ကားကို ဖြည်းဖြည်းမောင်းပါ မောင်ရယ် ... "

ဘေးမှာထိုင်နေတဲ့ သီတာကပင် ပြောယူရသည်။

သူငယ်ချင်းတွေအားလုံးကလည်း အလိုက်တသိနှင့် ချစ်ကြိုးငယ်နှင့် မောင့်ကို စနေကြ၏။

"မောင်နော် ... အကောင်းဆုံးဆိုင်မှာ မကျွေးလို့ကတော့ ဟိုတစ်ယောက်က စိတ်ဆိုးမှာ ... "

"ဘယ်ဆိုင်သွားမှာလဲ ... မောင့်ကိုပြောလေ ... မောင်မှ မသိတာ ... "

"တောသားပဲ ... "

"ဟက် ... ဟက် ... "

ချစ်ကြိုးငယ်ကတော့ ကျောက်ရုပ်လေးတစ်ရုပ်လို ငြိမ်သက်စွာ ထိုင်နေသည်။

ဘာမှ မပြောမိ။

"ချစ်ကြိုးငယ် ... "

"ဟင် ... "

"ဘာစားမလဲ ... "





"မသိဘူးလေ ... "

"ချစ်ကြိုးငယ် စားချင်တာ မောင်ကျွေးပါ့မယ် ... "

မောင်ဆိုတဲ့ စကားကိုကြားရတာ သူမ ရှက်နေမိသည်။

သူ့နာမည်က မောင်ပဲလေ ...

မောင် ...

အား ...

သူမ စိတ်ညစ်နေမိသည်။

မောင်က သူမကို အရမ်းဂရုစိုက်နေ၏။

သူမ ...

ရှက်နေမိသည်။

ယောက်ျားလေးတွေနှင့် အရောတဝင် စနေတတ်ခဲ့တဲ့ သူမအတွက် မောင်နှင့်ပတ်သက်နေရတာ ရှက်နေမိ၏။

ညို ...

အဲဒီဟာမကြောင့် ...

သူမက ငယ်ငယ်လေးထဲက မိဘတွေရဲ့ အုပ်ထိန်းမှုအောက်မှာ တင်းကျပ်စွာနေလာခဲ့တာပါ။

ဖေဖေနှင့်မေမေက သူမကို အရိပ်တကြည့်ကြည့်နှင့် ရှိနေတတ်ကြ၏။

အပြင်တောင် သိပ်ထွက်ခွင့်မပေးကြ။

ထမင်းဆိုင်ထဲရောက်တော့ သူငယ်ချင်းတွေ သူမကို မောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ ထိုင်စေသည်။

"ချစ်ကြိုးငယ် ... "

"ဟင် ... "

"ဘာစားချင်လဲ"

"ရှင်ပဲ မှာပါ ... "

"ချစ်ကြိုးငယ် စားချင်တာမှာလေ ... မောင်က ချစ်ကြိုးငယ်ကို စားစေချင်လို့ ... "

"ဟွန်း ... နင်က ငါတို့ကိုတော့ မစားစေချင်ဘူးပေါ့"

ညိုက နှုတ်ခမ်းစူပြီး ပြောရှာ၏။

"မောင် ... နင်က အဲလိုပေါ့လေ ... "

တခြားသူတွေက မောင်လို့ခေါ်ကြပေမယ့် သူမ မခေါ်ရဲပါဘူး။

မောင်တဲ့ ...

မောင် ...

အား ...

သူမ ရင်တွေခုန်သွားရသည်။

စိတ်ထဲက တိုးတိုးလေးခေါ်ကြည့်ရင်း ရွှတ်နေမိ၏။

မောင်တဲ့လား ... မောင်ရယ် ... ။

***

အခန်း ( ၃ )

"မောင် ... "

"ဟင် ... "

"မောင် ဘယ်တွေလျှောက်သွားနေတာလဲ"

မောင် ပြန်ရောက်တာ နောက်ကျလွန်းသည်ဟု မမထင်မိသည်။

ကျောင်းပိတ်ရက်တွေမှာ မောင် အပြင်သွားတတ်ပေမယ့် ဒီလောက် အချိန်မကြာတတ်။

ကြည့်စမ်း ...

ည ကိုးနာရီ ထိုးနေပြီ။

ဒါ ...

ကျောင်းသားတစ်ယောက် အပြင်က ပြန်ရောက်သင့်တဲ့ အချိန်လား။

"မောင် ... လာဦး ... "



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ ဝင်တော့မလို ဟန်ပြင်နေတဲ့ မောင့်ကို မမလှမ်းခေါ်လိုက်မိသည်။

မောင့်က ရယ်ကျဲကျဲနှင့် မမနားကို ပြန်လျှောက်လာ၏။

"ထိုင်ဦး ... "

"ဟုတ်ကဲ့ပါ မမ ... "

"နောက်မနေနဲ့ ... "

"ရှိရှိသေသေလည်း ပြောရသေးတယ် ... "

မောင် ...

မောင်က မမကို အစ်မအရင်းတစ်ယောက်လိုပဲ သဘောထားတာလား။

"မမ ... "

"ဟင် ... "

"မောင့်ကို ဆုံးမ မလို့လား"

"ဟုတ်တယ် ... "

"မောင်က မလိမ်မာဘူးနော် ... "

"မောင် ... ဘယ်ကပြန်လာတာလဲ ... "

"ဟဲဟဲ ... "

"မောင် ... မမမေးနေတယ်လေ ... "

မမ လူကြီးတစ်ယောက်ရဲ့လေသံနှင့် မောင့်ကို ဟောက်ပစ်





လိုက်မိသည်။

မောင့်ကိုကြည့်ရတာ ပျော်စရာတစ်ခုခု ရှိနေပုံရ၏။

မျက်လုံးတွေက အရမ်းကို ရွှင်မြူးနေသည်။

"မောင် ... ဘာလို့ အဲလောက်ပျော်နေတာလဲ ... "

မမမေးတော့ မောင်က မဖြေ။

ပြုံးစိစိပဲ လုပ်နေသည်။

"မောင် ... "

စိတ်မရှည်တော့ဘဲ မမ ထအော်လိုက်မိသည်။

"ဗျာ ... "

"ဒီနေ့ ဘယ်တွေသွားနေတာလဲ ... ဘာပျော်စရာရှိတာလဲ"

"မမ ... "

"ပြော ... "

"မောင် ... ကောင်မလေးတစ်ယောက်နဲ့ ခင်လာတယ်"

"ဘာ ... "

မမ ရင်ထဲမှာ ထိတ်ခနဲ တုန်လှုပ်သွားရသည်။

ကောင်မလေးတဲ့ ...

ဘုရားရေ ...

အဲကောင်မလေးအတွက်နဲ့ မောင် ပျော်နေတာလား။

မမ မျက်နှာ ပျက်မသွားရအောင် သတိထားပြီး ငြိမ်နေရ



www.burmeseclassic.com

www.burmeseclassic.com



"မောင် ..."

"ဗျာ ..."

"အဲဒီကောင်မလေးက ဘယ်သူလဲ ... ဘယ်ကလဲ ... မောင်နဲ့ ဘယ်လိုခင်တာလဲ ..."

"ပြောပါ့မယ် မမရယ် ... မောင်ကပြောချင်နေတာ၊ အဲဒီကောင်မလေးက ချစ်ကြိုးငယ်တဲ့ ... မောင်တို့အတန်းထဲကပဲ၊ သူက ကွင်းလေ ..."

ဟင် ...

ဒါဆို ... အဲကောင်မလေးက အရမ်းလှမှာပေါ့။

ပြီးတော့ ...

မောင်နဲ့ တစ်ခန်းထဲတဲ့။

မမ ...

မနာလို ဝန်တို ဖြစ်မိသွားရ၏။

"ချစ်ကြိုးငယ်က အရမ်းလှတယ် ... ပြီးတော့လေ မမလိုပဲ ဣန္ဒြေရှိပြီး အရမ်းလည်း ရက်တတ်တယ်သိလား ..."

မမ ... မောင့်ကို ငေးကြောင်ပြီး ကြည့်နေမိသည်။

စူးရှနာကျင်တဲ့ ဝေဒနာတစ်ခုကိုလည်း ရင်ထဲမှာ ခံစားလိုက်ရ၏။

ဒါကြောင့်ကိုး ...

မောင့်ရင်ထဲမှာ အဲဒီချစ်ကြိုးငယ်ဆိုတဲ့ ကောင်မလေးကို





စွဲလမ်းနှစ်သက်နေမှန်း မမရိပ်မိလိုက်သည်။

မမကရော ...

မမလည်း ချောမောလှပတဲ့ ကောင်မလေးတစ်ယောက်ပါပဲ။

မောင် ... မောင်နဲ့ အဲဒီကောင်မလေးနဲ့ ချစ်သူတွေဖြစ်နေကြပြီလား။

ရင်တွေ တုန်လာရသည်။

ချစ်ကြိုးငယ်ဆိုတာ ဘယ်လိုကောင်မလေးမျိုးလဲ။

"မောင် ... မိန်းကလေးတွေ အများကြီးတွေ့ခဲ့ဖူးပါတယ်၊ သူငယ်ချင်းတွေရော ... အိစိကလီအနေနဲ့ရော တွေ့ခဲ့ဖူးတယ်"

မောင်က တက်ကြွစွာပြောနေပေမယ့် မမကတော့ နားမထောင်ရဲလောက်အောင် တုန်လှုပ်ချောက်ချားနေမိသည်။

တောက်ပနေတဲ့ မောင့်ရဲ့မျက်ဝန်းတွေက ချစ်ကြိုးငယ်ဆိုတဲ့ ကောင်မလေးအပေါ်မှာ ဘယ်လောက်စွဲလမ်းနေတယ်ဆိုတာ ပေါ်လွင်နေသည်။

"ချစ်ကြိုးငယ်ကျမှ မောင်စွဲလမ်းမိသွားတာ ..."

"မောင် ..."

"ဗျာ ..."

မမ လေသံက ထိန်းချုပ်ထားတဲ့ကြားမှ တင်းမာသွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါသတွေ ရောစွက်နေ၏။

"မောင် ... ပညာသင်ရမယ့်အရွယ်ပဲရှိသေးတယ် ... အခု အချိန်မှာ မောင် ... အဲဒါမျိုးတွေ မစဉ်းစားသင့်သေးဘူး"

"ဟာ ... မမကလည်း ... ဒါရင်ထဲက အလိုလိုဖြစ်လာတဲ့ ခံစားချက်လေ ... "

"တော်စမ်း ... "

မောင့်အကြည့်တွေက အံ့သြထိတ်လန့်သွားပုံရ၏။

ထူးဆန်းစွာပဲ မမကို ကြည့်နေသည်။

အမူအယာ ပျက်သွားတဲ့ မမကိုပဲ မမပြန်ထိန်းဖို့ ကြိုးစား လိုက်ရသည်။

မဖြစ်သေးပါဘူး ...

မောင့်ရှေ့မှာ မောင့်ကိုစိတ်ဝင်စားတဲ့ အမူအရာတွေ ပေါ်လို့ မဖြစ်ဘူး။

မမရဲ့ ဣန္ဒြေနဲ့သိက္ခာကို အထိခိုက်တော့ မခံနိုင်။

မမက မေမေ့ရဲ့အုပ်ထိန်းမှုအောက်မှာ ဗိုင်းကောင်းကျောက် ဖိ ကြီးပြင်းလာခဲ့ရတဲ့သူပါ။

မမ ထိန်းသိမ်းသင့်တယ်။

ဣန္ဒြေဆယ်သင့်တယ်။

တုန်လှုပ်နေတဲ့ မမရဲ့စိတ်တွေကို ပြန်ထိန်းချုပ်ထားလိုက်မိ





သည်။

"မောင့်မေမေက မောင့်ကို စောင့်ရှောက်ပေးဖို့ မမကို အထပ်ထပ်မှာထားတာ မောင် ... မောင်က အခုမှ ပညာသင်ကာစ ပဲရှိသေးတယ် ... ချစ်သူ မထားသင့်သေးဘူး"

မောင်က ပြုံးလိုက်ရင်း ...

"မောင့်အတွက် ကောင်မလေးဆိုတာ ဆန်းမှမဆန်းတော့ တာလေ မမရဲ့ ... မောင် ဆယ်တန်းထဲက ရည်းစားထားတာ မမ သိတာပဲ ... "

မမအနေနှင့် မောင့်ကို ဘယ်လိုတားရမည်မှန်း မသိအောင် ဖြစ်နေရသည်။

ရိုးသားဖြူစင်ပြီး အစ်မအရင်းလိုခင်နေတဲ့ မောင့်အပေါ်မှာ မရိုးမသားဖြစ်နေမိတဲ့ မမ။

ဘယ်လိုရှင်းပြရမလဲ ...

မောင့်ကို သဝန်တိုပြီး တားမိတာကို ဘယ်လိုရှင်းပြနိုင်မလဲ မောင်ရယ် ...

"မမ ... စေတနာတွေကို မောင်နားလည်ပါတယ်၊ ဒါပေမဲ့ ချစ်ကြိုးငယ်ကိုတော့ မောင် တကယ်ချစ်မိသွားတာပါ ... တကယ့် ကို အလေးအနက် ချစ်မိသွားတာပါ"

ချစ်ကြိုးငယ်အပေါ် မောင့်ရဲ့စွဲလမ်းမြတ်နိုးမှု အတိုင်းအတာ မမ ရိပ်မိလိုက်ပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ကြည်နူးပီတိတွေ ဖြာဝေနေတဲ့ မောင့်ကို မမ အနောက်အယှက်လည်းမ ပေးလိုတာ အမှန်ပါပဲ။

"မောင်"

"ပြောပါ မမ ..."

"ချစ်သူ ရည်းစားထားတာကိုတော့ မမ ဘာမှမပြောချင်ပါဘူး ... ဒါပေမဲ့ ... မောင့်အရွယ်နဲ့အချိန်အခါက ပညာရေးကလွဲပြီး ဘာမှစိတ်ဝင်စားဖို့ မသင့်သေးဘူးထင်လို့ပါ ..."

မမ ...

လူကြီးဆန်စွာ တားဆီးဖို့ပဲ စဉ်းစားမိသည်။

မောင့်စိတ်ထဲမှာက မမကို အစ်မတစ်ယောက်လိုပဲ ထင်နေမှာလေ။

ပြီးတော့ ...

မမစိတ်တွေလည်း မလုံမလဲဖြစ်နေမိသည်။

မောင်များ ရိပ်မိနေပြီလား။

"မမ ..."

"ဟင် ..."

အတွေးတွေနဲ့ ငိုင်နေတဲ့ မမကို မောင်က ကြည့်နေသည်။

"မမက မောင့်ကို ကောင်းစားစေချင်တာပါ ... မောင်ကိုယ်တိုင် နားလည်သဘောပေါက်ပါတယ် ... စိတ်ချပါ ... အခု မောင့်ရင်ထဲမှာ ချစ်ကြိုးငယ် အထင်ကြီးအားကိုးတဲ့ ယောကျ်ားတစ်ယောက်ဖြစ်လာအောင် ကြိုးစားပြချင်နေတယ်"

မောင်ရယ် ...

မောင် အဲလောက်တောင် ဖြစ်နေပြီလားဟင်။

"ချစ်ကြိုးငယ်နဲ့တွေ့မှ မောင့်အနာဂတ်တွေ တောက်ပလာသလို ခံစားရတယ်သိလား ..."

"ဟင် ..."

"သူက မောင့်ရဲ့ အနာဂတ်ကို ပံ့ကိုင်ပေးနိုင်တဲ့ မိန်းကလေးတစ်ယောက်လို့ပဲ မောင် ထင်တယ် ..."

"မောင် ... မောင်တို့နှစ်ယောက် ချစ်သူတွေဖြစ်နေကြပြီလား"

"မဖြစ်သေးပါဘူး မမ ... ချစ်ကြိုးငယ်က အရမ်းရှက်တတ်တော့ ချက်ချင်း ဖွင့်ပြောလို့ မဖြစ်သေးဘူးလေ"

မောင်က ချစ်ကြိုးငယ်ဆိုတဲ့ ကောင်မလေးကို ချီးမွမ်းခန်းဖွင့်၍ မဆုံးတော့။

မမ ...

နားကြားပြင်းကပ်လာမိ၏။

"မောင် ..."

"ဗျာ ..."

"မင်း အချစ်ရေးကို လုံးဝမစဉ်းစားပါနဲ့ ..."

"မမ ..."







www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဒါတွေ မစဉ်းစားသင့်သေးဘူးမောင် ... မင်းဆယ်တန်းမှာ နှစ်ခါကျတာ မမှတ်သေးဘူးလား"

"ဒီတစ်ခါတော့ မောင်စာမေးပွဲကျလို့ မဖြစ်တော့ဘူးမမ ချစ်ကြိုးငယ် ရှေ့မှာ သိက္ခာအကျမခံနိုင်ဘူး ..."

မောင် ဘယ်လိုပဲပြောပြော မမလုံးဝလက်မခံနိုင်ပေ။

ရင်ထဲမှာ နာကျင်နေမိ၏။

"မမ ..."

"တော်တော့ မောင် ..."

"မမကလည်းဗျာ ..."

"မမ ... မင်းအတွက်ပြောနေတာ မောင် ..."

"မောင်က ..."

"ဆက်မပြောနဲ့တော့ မောင် ... မမစကားကို နားထောင်ပါ"

ချစ်ကြိုးငယ်နဲ့ ပတ်သက်တဲ့ စကားတွေကို မမ ဆက်မကြားလိုတော့ပါ။

မောင် ...

မမက

မောင် ငယ်ငယ်လေးထဲက သံယောဇဉ်တွယ်ပြီး ချစ်လာခဲ့ရတဲ့သူပါ။

"မမကလည်းဗျာ ... အဲဒါကြောင့် မမ အပျိုကြီးဖြစ်နေတာ"





"မောင် ..."

မောင်က ပြောချင်ရာပြောပြီး အခန်းထဲ ပြေးဝင်သွားသည်။

"ဟင် ..."

မမ ...

ရင်ထဲမှာ မွန်းကျပ်စွာဖြင့် ကျန်ရစ်ခဲ့ရတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

မမက အမြဲအဲလိုပဲ ...

အရမ်းစိုးရိမ်ပြီး စီဓာကြောင်တတ်လွန်းတဲ့ မမ။

မမအကြောင်း သိထားပြီးတဲ့ မောင်ကတော့ အရေးမစိုက်ပါဘူး။

မောင့်အတွက်တော့ ချစ်ကြိုးငယ်ပဲရှိသည်။

ချစ်ကြိုးငယ်နဲ့ အတူသွားလာခဲ့ရတာလေးကို ပြန်တွေးပြီး ကြည်နူးနေမိသည်။

အခန်းထဲရောက်တော့ စိတ်လွတ်လက်လွတ်နှင့် အိပ်ရာပေါ် လှဲချလိုက်မိသည်။

ချစ်ကြိုးငယ် ...

မောင် အရမ်းပျော်နေတယ် သိလား။

အရမ်းချစ်စရာကောင်းပြီး သိမ်မွေ့နူးညံ့တဲ့ ကောင်မလေးရယ်။





မမလည်း ချစ်ကြိုးငယ်ကို မတွေ့သေးလို့ပါ။

တွေ့ရင် ... မမလည်း ချစ်သွားမှာ သေချာပါတယ်။

"ချစ်ကြိုးငယ် ..."

သူမ နာမည်လေးကို တမ်းတမ်းတတ အော်ပစ်လိုက်မိသည်။

"မောင် ..."

"ဟင် ..."

မမ အခန်းထဲ ဝင်လာသည်။

"မမ ..."

"မောင် ဘာဖြစ်နေတာလဲ ..."

"ပျော်နေတာ"

"ဘာ ..."

"ချစ်ကြိုးငယ်နဲ့ အပြင်သွားရတာကိုတွေးပြီး ပျော်နေတာလေ ... ပြီးတော့ မမလည်း သူ့ကို မတွေ့ဖူးသေးလို့ပါ ... တွေ့ရင် ချစ်သွားမှာ"

မတွေ့ချင်ပါဘူး။

မချစ်လည်း မချစ်ပါဘူး။

ချစ်ကြိုးငယ်ဆိုတာ မမရဲ့နှလုံးသားတွေကိုဆွဲယူပြီး နင်းချေပစ်မယ့် မိန်းမတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



အဲလို မိန်းမတစ်ယောက်ကို မမက ချစ်ရမှာလား။

"မမ ..."

"ဟင် ..."

"စောစောကပဲ ဆုံးမပြီးပြီ မဟုတ်လား"

"မောင် ..."

"ပြော ..."

"မင်းနဲ့သူနဲ့ ချစ်သူတွေ မဖြစ်သေးတာ သေချာလား"

"မောင့်ဘက်က တစ်ဖက်သက်ချစ်နေတာ ... သူက အရမ်းရှက်တတ်တော့ မောင့်ဘက်က ဆင်ခြင်နေရတာ ..."

ဘာရှက်တတ်တာလဲ။

မောင်ကိုက အမွန်းတင်လွန်းနေတာ။

အရှက်အကြောက်ရှိတဲ့ မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်နဲ့ လျှောက်သွားနေမလား။

မမကမှ အရှက်အကြောက် ကြီးနေခဲ့တာပါ မောင်ရယ်။

မောင်နဲ့ဒီလောက်အထိ ရင်းနှီးနေခဲ့တာတောင် မမရင်ထဲက ခံစားချက် မောင် မသိအောင် ထိန်းချုပ်နေခဲ့ရတဲ့သူပါ။

"မင်း ... ရည်းစားမထားပါနဲ့ ..."

"မမ ... ခုနလေးပဲ ပြောပြီးပြီလေ ..."

မမ ...





ထပ်ပြောနေမိတာ ...

မောင် အရမ်းပျော်နေတယ်ဆိုတာ မမသိ၏။

မနာလို ဝန်တိုဖြစ်နေမိသည်။

မောင့်အခန်းထဲထိ လိုက်ပြီးတားဆီးမိနေတာပါ။

"မမရယ် ... စိတ်မပူစမ်းပါနဲ့ ... မောင် စာကြိုးစားမှာပါ"

မောင့်အနာဂတ် လှလာမှာပါ မမရဲ့ ...

မောင် ...

အဲဒီကောင်မလေးကြောင့် မောင့်အနာဂတ် လှပလာမယ်လို့ မောင် အရမ်းယုံနေလား။

ဝေးပါသေးတယ် မောင်ရယ် ...

မမကိုယ်တိုင်ပဲ မောင်ရဲ့အနာဂတ်လေးလှပအောင် ဖန်ဆင်းပေးချင်ခဲ့တာပါ။

မောင်ကတော့ အိပ်ရာပေါ်မှာ ပက်လက်ကလေးလှဲရင် မမကိုပြုံးပြီး ကြည့်နေသည်။

"မောင် ... ဘာပြုံးနေတာလဲ ..."

"မပြုံးရတော့ဘူးလား ..."

"မင်းကို ချစ်သူရည်းစား မထားရဘူးလို့ ပြောထားပြီးသားနော် ..."

"အဟက် ..."

"ရယ်မနေနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရယ်တောင် မရယ်ရတော့ဘူးလား ..."

"မင်း သိပ်ပျော်နေလား မောင် ..."

မမ မျက်ဝန်းတွေက တင်းမာခက်ထန်နေသည်။

အသံကလည်း ဒေါသသံ ...

မင်းတဲ့ ...

မောင့်အပေါ်မှာ တစ်ခါမှ ရင့်ရင့်သီးသီး အဲလိုမခေါ်ဘူးခဲ့။

မောင် ... နောက်ပြောင်နေလို့ မဖြစ်မှန်းသိ၍ အိပ်နေရာက ထထိုင်လိုက်သည်။

"မမ ..."

"မင်းကို မမ အပြတ်ပြောထားတယ်နော် ... ချစ်ကြိုးငယ်နဲ့ ကင်းအောင်နေ ..."

"ဒုက္ခပါပဲ ..."

"မင်း ... မမစကားကို နားမထောင်ဘူးဆိုရင်တော့ မင်း အမေဆီကို မမ ဖုန်းဆက်ပြီး တိုင်ရမှာပဲ ..."

ဟင် ...

မောင့်မေမေက မောင့်ကို ဘယ်တော့မှ မဆူတတ်တာ မမ သိနေတာပဲ။

တင်းမာတဲ့ မျက်ဝန်းတွေနှင့် မမက မောင့်ကိုကြည့်နေသည်။

"မမ ..."





"မြတ်သောမောင် ..."

"ဗျာ ..."

"မင်း ... ဒီကောင်မလေးနဲ့ လုံးဝမပတ်သက်နဲ့ ..."

မမ ဘာဖြစ်သွားတာလဲ ...

အရမ်းပြောင်းလဲသွားသည်။

မောင့်အပေါ် ... ဘယ်တုန်းကမှ အဲလိုမဆက်ဆံတတ်ခဲ့။

"မမ ... မောင့်ကို တကယ်စိတ်ဆိုးနေတာလား"

"ဟုတ်တယ် ..."

"မောင် ရှင်းပြတာကို နားထောင်ပါဦး မမရယ် ... ချစ်ကြိုးငယ်နဲ့တွေ့မှ မောင့်အနာဂတ်အတွက် မောင်ကြိုးစားချင်လာတာပါ"

"မရဘူး ... မမ မင်းကို စိတ်မချဘူး"

မမ သဝန်တိုနေတာ မောင် ...

မောင့်ကို စိတ်မချဘူး။

မောင့်ရဲ့အနာဂတ်တွေက မမကြောင့်ပဲ တောက်ပနေရမယ်။

"မောင် အိပ်တော့မယ် ... အရမ်းအိပ်ချင်နေပြီ"

"ဝါး ..."

မောင် သန်းလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း အိပ်ချင်နေတာပါ။

မမ ...

အရမ်းစိတ်ရှုပ်မိသည်။

မောင့်ကို ဆုံးမဖို့ပဲ စဉ်းစားနေသည်။

"မောင် ... "

"ဗျာ ... ဝါး ... "

မောင် ... တဝါးဝါး သန်းပြနေသည်။

မျက်လုံးတွေကလည်း စင်းလာ၏။

"မင်း ... ဟိုကောင်မလေးအကြောင်း စဉ်းစားနေတာမှတ်သား ... "

"စဉ်းစားလို့တောင် မရဘူးလားဗျာ ... "

မမ ပြောင်းလဲသွား၏။

ဒေါသတွေ ဖြစ်နေသည်။

ခုက္ခပါပဲ ...

မောင် စိတ်ညစ်လာပြီ။

မောင့်ဆန္ဒ မောင့်အချစ်ကို မမ ဘာလို့နားမလည်ရတာလဲ။

သူမကြောင့် မောင်ကြိုးစားချင်လာတာ။

မောင့်အနာဂတ်ကို တည်ဆောက်ချင်လာတာ။

မမ ... ထွက်သွားပါတော့လို့ ပြောချင်လာသည်။

"မင်း ... အိပ်တော့ ... "





"အင်း ... "

"ပညာရေးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားရဘူးနော် မောင်"

"အင်းပါ ... "

မောင် ... စောင်ကို ခေါင်းထိခြုံထားလိုက်သည်။

အိပ်ချင်ယောင် ဆောင်နေလိုက်သည်။

ခဏနေတော့ ... မမ ပြန်ထွက်သွားသည်။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"မလွယ်ပါဘူး ချစ်ကြိုးငယ်ရေ ... "

ချစ်သူကို တမ်းတရေရွတ်ရင်း ပြောမိသည်။

မမက တကယ်မလွယ် ...

စည်းကမ်းကြီးသည်။

မမ စေတနာတွေကို မောင် နားလည်ပါတယ်လေ။

မောင့်ကို ကြီးပွားတိုးတက် အောင်မြင်စေချင်တာပဲ မဟုတ်လား။

သွေးသားမတော်စပ်ဘူးဆိုပေမယ့် ငယ်ငယ်လေးထဲက မောင်နှမအရင်းတွေလို နေခဲ့ကြသည်။

မေမေကလည်း မမလက်ထဲအပ်ထားတာ ...

မမ ...

မောင် ... ချစ်ကြိုးငယ်ကို ချစ်မိနေပြီ။

မောင့်အတွက် မမ စိတ်ပူရတာ သက်သာသွားမှာပါ။





မမအစား မောင့်ချစ်သူက စိတ်ပူပေးမယ် ... ဂရုစိုက်ပေးမှာပါ။

သူမဘက်က ဘယ်လိုမှန်းမသိသေးပေမယ့် စိတ်ကူးနဲ့တင် မောင် ပျော်နေမိသည်။

မမ ...

မောင့်ကို ဘာလို့ အဲလောက်ကန့်ကွက်နေရတာလဲ။

ကေန္တ ...

ဘာ ...

အဲဒါမျိုးတော့ မဖြစ်နိုင်ပါဘူး ...

အရမ်းကျေးဇူးသိတတ်တဲ့ မမက အဲလိုမောင့်အပေါ် မရိုးမသားစိတ် မရှိနိုင်။

မောင် ... တစ်ယောက်လို စိုးရိမ်နေတာပါ။

ရိုးသားတဲ့ မမ ...

တွေးရင်းနဲ့ မောင် ... စိတ်တွေရှုပ်လာသည်။

အစောကြီးထဲက နိုးနေပေမယ့် မောင် မထတဲ့ အိပ်ရာထဲမှာ ဆက်လှဲနေမိ၏။

"ဒေါက် ... ဒေါက် ... "

"မောင် ... မောင်ရေ ... "

ဟော ...



www.burmeseclassic.com

www.burmeseclassic.com



မမ လာနိုးနေပြီပဲ။

မောင် ... မမနှင့် မျက်နှာချင်းမဆိုင်ချင်။

မောင့်ကို ချစ်ကြိုးငယ်နှင့်မပတ်သက်ဖို့ ထပ်ပြောမှာကို ကြောက်နေမိသည်။

"ဒေါက် ... ဒေါက် ... "

"မောင် ... မထသေးဘူးလား ... "

မောင် ...

မထဘဲ ပေကပ်ပြီး အိပ်နေမိသည်။

"ဒုန်း ... ဒုန်း ... "

"ဒုန်း ... "

"မောင် ... ဘယ်အချိန်ရှိနေပြီလဲ ... ထတော့လေ ... ကျောင်းသွားရမယ် မဟုတ်လား ... "

"ဒုန်း ... ဒုန်း ... "

မထလို့ မရတော့ ...

မမက မောင် ထွက်မလာမချင်း နှိုးနေတော့မှာ။

"ဟုတ် ... နိုးနေပြီ မမ ... "

မောင် အသံပေးလိုက်ပြီး အခန်းတံခါးဖွင့်ပြီး ထွက်လာခဲ့လိုက်သည်။

"မမ ... "





"မောင် ... "

"ဟဲဟဲ ... မောင် ညက စာကျက်တာများသွားလို့"

မမက မောင့်ကို မယုံသင်္ကာစွာ ကြည့်နေသည်။

အပြုံးတွေ ကင်းမဲ့နေ၏။

"မောင် ... "

"ဗျာ ... "

"အင်း ... မောင် ... ဟိုကောင်မလေးအကြောင်း စဉ်းစားနေရလို့ အိပ်မပျော်တာမှတ်လား ... "

"မဟုတ်ပါဘူး မမရာ ... မောင် စာကျက်နေတာပါ ... စာမေးပွဲက နီးပြီလေ ... ချစ်ကြိုးငယ်က စာအရမ်းတော်တော့"

"တော်စမ်း ... "

ဒီကောင်မလေးအကြောင်း မပြောဘဲ နေလို့မရဘူးလား မောင် ...

မမ ...

ဒေါသဖြစ်လာရသည်။

ညကလည်း ...

အိပ်လို့ မပျော်ဘူး။

မမ ရင်ထဲမှာ ဘယ်လောက်အထိ ပူလောင်နေတယ်ဆိုတာ မောင်သိရဲ့လား။

"မောင် ... ကျောင်းသွားဖို့ပြင်တော့ ... ဒီနေ့ မမ မောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့မယ် ... "

"ဟင် ... "

မောင် အံ့အားသင့်စွာ ကြည့်လိုက်မိသည်။

"မမ ... "

"ဘာလဲ ... "

"မမ ကားက ဘာဖြစ်လို့လဲ ... "

"မမကား ဘာမှမဖြစ်ဘူး ... မောင့်ကားကို အိမ်မှာထားခဲ့၊ မမကားနဲ့ လိုက်ပို့ပေးမယ် ... "

"မမ ... "

"ကျောင်းသွားဖို့ ပြင်တော့လေ ... "

"ဟုတ် ... "

"မမ ... ထမင်းစားခန်းက စောင့်နေမယ်"

"ဟုတ် ... "

မမကို ဆန့်ကျင်ပြီး မပြောချင်တော့ပေ။

အမြဲတမ်း ... အစ်မတစ်ယောက်လိုဖြစ်နေတော့ နာခံတတ်တဲ့အကျင့်က ပါနေပြီ။

"မောင် ... မြန်မြန်ပြင်နော် ... "

မောင် ရေချိုးခန်းထဲ ဝင်လာမိသည်။

မမ လိုက်ပို့မယ်ဆိုတော့ ချစ်ကြိုးငယ်နဲ့တွေ့သွားမလား။ ဒုက္ခပါပဲ ...





ချစ်ကြိုးငယ်ကို မမပေါက်ကရတွေ ပြောမှာ မောင်စိုးရိမ်မိသည်။

မမ တွေ့လို့မဖြစ်ဘူး။

မောင့်ကားနှင့်ပဲ မောင် သွားမည်ဟု မမကို ပြောရမည်။

ရေမြန်မြန်ချိုးပြီး ပြင်ဆင်လိုက်သည်။

မမရှိနေတဲ့ ထမင်းစားခန်းထဲ မောင် ဝင်လာခဲ့မိ၏။

"လာ ... မောင် ... "

မမက စောင့်နေသည်။

စားစရာတွေက စားပွဲပေါ်မှာ အစုံအလင်ရှိနေ၏။

"ဒါက မောင်ကြိုက်တဲ့ ညှပ်ခေါက်ဆွဲကို ကြက်အသဲအမြစ်နဲ့ ကြော်ထားတာ ... ကပ်ကျေးကိုက်သဘောမျိုးပေါ့"

မမကတော့ ထုံးစံအတိုင်း မောင့်အကြိုက် တစ်နေ့တစ်မျိုး မရိုးအောင် စီစဉ်ပေးတတ်မြဲပင်။

မိန်းကလေးပီသသော မမသည် အိမ်မှုကိစ္စတွေလည်း နိုင်နိုင်နင်းနင်း ရှိ၏။

ပြောရရင် ...

မမက အဘက်ဘက်က အရည်အချင်း ပြည့်စုံတဲ့မိန်းကလေး တစ်ယောက်ပင်။

"မောင် ... ကော်ဖီလည်း ဖျော်ထားတယ် ... သောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦး ...”

“မမ ...”

“ပြော ...”

“မောင့်ကားနဲ့ပဲ မောင်သွားလိုက်ပါ့မယ်”

မမအကြည့်တွေက မောင့်ဆီ ဆတ်ခနဲ ရောက်လာသည်။

“မရဘူး ...”

“မမ ပင်ပန်းမှာစိုးလို့ပါ ... မောင့် ကျူတိုရီယယ်က နောက်ဆုံးချိန်ဆိုတော့ မမ ထိုင်စောင့်နေရမှာ ...”

“ရတယ် ... မမ စောင့်နေပေးမယ်”

မမက ဘယ်လိုမှ ပြောမရ။

မောင့်အတန်းကို မမလိုက်ပို့လို့ မဖြစ်ပါဘူး။

ချစ်ကြိုးငယ် ရှိနေမှာ။

“မောင် ...”

“ဗျာ ...”

“မမ လိုက်မှာကို မောင် အရမ်းကြောက်နေသလိုပဲ”

“မဟုတ်ပါဘူး မမ ...”

“ဘာမဟုတ်ရမှာလဲ ... မင်း မောင့်ကောင်မလေးနဲ့အတူ ကျောင်းသွားမှာမို့လို့လား ...”

“မောင့်ကောင်မလေး ... မမကလည်း မောင့်မှာကောင်





မလေးမှ မရှိတာ”

“မောင် ... ပြောင်စပ်စပ်လုပ်မနေနဲ့ ... မဖြစ်ဘူး၊ ဒီနေ့က စပြီး မောင့်ကိုတင်းကျပ်မှရမယ် ... မောင့်အရွယ်က ရည်းစားထားတဲ့အရွယ် မဟုတ်သေးဘူး ...”

“မောင် လူကြီးဖြစ်နေပြီ ...”

“တိတ်စမ်း ...”

မောင် ... ထပ်မပြောတော့ ...

ကော်ဖီကိုပဲ စိတ်မပါလက်မပါ သောက်နေလိုက်မိ၏။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

ကျောင်းရောက်တော့ ကန်တင်းမှာ ချစ်ကြိုးငယ်နှင့်တွေ့သည်။

မောင် …

နှုတ်မဆက်ရဲ …

မမပါလာ၍ ချစ်ကြိုးငယ်ကို မသိချင်ယောင် ဆောင်နေလိုက်ရသည်။

ချစ်ကြိုးငယ်ရဲ့အကြည့်က မောင့်ဆီ ဝေ့ခနဲရောက်လာရ၏။

"မောင် … "

"ဗျာ … "

"ဘယ်မှာလဲ ချစ်ကြိုးငယ် … "

"မမက ဘာလုပ်မလို့လဲ … "

"တွေ့ချင်လို့ … "

"မရောက်သေးဘူး … "





ချစ်ကြိုးငယ်က မောင်တို့နှစ်ယောက်ကို တစ်ချက်ကြည့်ပြီး ထွက်သွားသည်။

ဒုက္ခပါပဲ …

မမက အနားမှမခွာ။

သူမ အထင်များလွဲသွားပြီလား။

"မောင့်ရဲ့ ချစ်ကြိုးငယ်ဆိုတာကို မမ တွေ့ချင်တယ် … ပြထားစမ်းပါ … "

"မမရယ် … မမ အတန်းတက်စရာရှိသေးတယ် မဟုတ်လား … သွားမှာသာသွားပါ … သူက နောက်ကျမှ ရောက်တတ်တာ"

"မောင်က မပြချင်တာမှတ်လား"

"မမနဲ့တွေ့လည်း ဘာမှမထူးပါဘူး … ချစ်ကြိုးငယ်ကို အနှောက်အယှက်မပေးပါနဲ့ … "

"ဘာ … "

"မမရယ် … မောင့်ကိုစိတ်ချစမ်းပါ … မမအသက်က ငယ်ငယ်လေးရှိသေးတယ် … တော်ကြာ မောင့်ကို စိတ်ပူရလို့ အဘွားအိုပေါက်စလေး ဖြစ်သွားလိမ့်မယ် … "

မမ စေတနာ မေတ္တာကို မောင် နားလည်ပါတယ်။

ဒါပေမဲ့ …



www.burmeseclassic.com

www.burmeseclassic.com



မောင် တဖြည်းဖြည်းနှင့် အနေကျပ်သလို ခံစားလာရသည်။

"မောင် ... "

"ဗျာ ... "

"မောင့်ကို မမငယ်ငယ်ထဲက ထိန်းကျောင်းလာခဲ့တာနော်၊ မင်းဘဝ တိမ်းစောင်းသွားမှာကို မမ စိုးရိမ်တယ် ... "

"မောင်အရွယ်ရောက်နေပါပြီ ... အသိဉာဏ်လည်း ရှိပါတယ် စိတ်ချပါ မမရဲ့ ... "

မမက ထွက်မသွား။

"မမ ... သွားတော့လေ ... "

"မောင်တို့အဆောင်ရှေ့ထိ လိုက်ခဲ့မယ် ... "

"အာ ... မမကလည်း သူများတွေ တစ်မျိုးထင်သွားဦး မယ်"

"ထင် ... ထင် ... "

"မမ ... "

"မမ လိုက်ခဲ့မယ်"

မောင် စိတ်ညစ်မိသည်။

ကလေးမဟုတ် ...

မမက ဘယ်လိုမှ ပြောမရ။

မောင်နှင့်အတူ လိုက်လာသည်။





"မောင် ... "

"ဗျာ ... "

"ချစ်ကြိုးငယ်ရော ... "

"ကျောင်းမလာသေးဘူးထင်တယ် မမ ... "

"သူက အရမ်းချောလား"

"အင်း ... "

"မမနဲ့ မိတ်ဆက်ပေး ... "

မဖြစ်နိုင်။

မမနှင့် မိတ်ဆက်ပေးရုံ ဖြစ်မှာမဟုတ်။

သူငယ်ချင်းတွေက ကွက်ကြည့်ကွက်ကြည့် လုပ်နေပြီ။

မောင် မျက်နှာပူနေမိ၏။

မောင် အဆောင်ထဲဝင်မှ မမ လှည့်ပြန်သွားသည်။

"မောင် ... "

"ဟင် ... "

"အဲတစ်ယောက်က ... "

"အစ်မပါ ... "

"မောင်က တစ်ဦးတည်းသောသားဆို ... "

ကနက်က သူ့ကိုမေးနေတာပါ။

ချစ်ကြိုးငယ်ကတော့ ငြိမ်သက်စွာ ထိုင်နေသည်။

"မောင့်အစ်မပါ ... တစ်အိမ်ထဲနေတာလေ ... ဝမ်းကွဲအစ်မ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတဲ့ ... "

"ဟယ် ... နာမည်လေးက အရမ်းလှတာပဲ ... ပြီးတော့ လှကလည်း အရမ်းချောတယ်နော် ... "

ချစ်ကြိုးငယ်က ငြိမ်နေ၏။

စာသင်နေ၍ မောင်နှင့်သူမ စကားပြောချိန်မရ။

မမ ...

မောင် ဒုက္ခရောက်နေပြီ။

မောင် ... ချစ်ကြိုးငယ်ကို ချစ်တယ်။

တားဆီးလို့မရတဲ့အရာကို မမ လိုက်တားနေတာ။

ဒါ ... မောင့်လွတ်လပ်ခွင့် ...

စာသင်ချိန်ပြီးမှ ...

"ချစ်ကြိုးငယ် ... "

"ဟင် ... "

"မောင့်ကို အထင်လွဲနေတာလား"

"အို ... ဘာဆိုင်လို့လဲ ... မြတ်သောမောင်ကို အထင်လွဲစရာအကြောင်း မရှိပါဘူး"

"ချစ်ကြိုးငယ် ... "

မောင်ဆိုတဲ့သူမှာ ဆွေမျိုးညီအစ်ကို မောင်နှမ မရှိတာ သူမ သိထားသည်။

"မောင့်အစ်မပါ ... "





"ကျွန်မနဲ့ မဆိုင်ပါဘူး"

သူမနဲ့ ဘာဆိုင်လို့လဲ ...

မြတ်သောမောင်က မျက်နှာများတဲ့သူဟု သူမ သတင်းကြားထားပြီးသားပါ။

မမတဲ့ ...

အိမ်မှာအတူနေကြတာတဲ့။

"ချစ်ကြိုးငယ် ... "

"ရှင် ... "

"မောင် လိုက်ပို့ပေးရမယ်လေ ... "

"ရပါတယ် ... ဖယ်ရီနဲ့ပဲ ပြန်လိုက်မယ်"

ချစ်ကြိုးငယ် ...

ဘယ်လိုဖြစ်သွားတာလဲ။

ပြောင်းလဲသွားသည်ဟု မောင့်စိတ်ထဲမှာ ထင်နေမိသည်။

မျက်ဝန်းတွေက စိမ်းကားနေသလိုပင်။

"ချစ်ကြိုးငယ် ... "

"သွားတော့မယ်"

"နေပါဦး ... "

"ကျွန်မ နောက်ကျနေပြီ သွားတော့မယ် ... "

သူမ ရှက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာများတဲ့ယောကျ်ားလေးတစ်ယောက်နဲ့ သူမ မပတ်သက်လိုပေ။

သူမ ဘဝအတွက် အမှားအယွင်း မဖြစ်စေလို။

"ချစ်ကြိုးငယ်"

"ရှင် ..."

"မောင် ..."

"ကျွန်မ ... ရှင့်ကိုအထင်မလွဲပါဘူး ... အထင်လွဲစရာလည်း မရှိပါဘူး ... ကျွန်မတို့က သူငယ်ချင်းတွေပဲ ..."

ချစ်ကြိုးငယ် ထွက်သွားသည်။

မောင် ကျန်ခဲ့၏။

သူမရဲ့ အမူအယာတွေ ပြောင်းလဲသွားတာ သိသာသည်။

မမကြောင့်ပဲလား ...

ချစ်ကြိုးငယ် ...

မောင် ချစ်ကြိုးငယ်ကို ဘယ်လိုမှ မစွန့်လွှတ်နိုင်ဘူး။

မောင် ... အရမ်းချစ်မိနေတာပါ။

မောင် ...

ချစ်ကြိုးငယ်နောက်ကို လိုက်ဖို့ဆုံးဖြတ်ပြီး ခြေလှမ်းပြင်လိုက်မိသည်။

"မောင်"





"ဟင် ..."

"တစ်ယောက်ထဲလား ..."

ပန်းပွင့်ဖြူ ...

တစ်ချိန်က မောင်နဲ့ပတ်သက်ခဲ့ဖူးတဲ့ ကောင်မလေး ...

မောင် လန့်သွားရသည်။ မပတ်သက်ရဲပေ ...

"မောင် ..."

"ဟင် ..."

"မောင် ဘာဖြစ်နေတာလဲ"

"ဟို ... ဟို ... မောင် သွားတော့မယ်နော် ... မမနဲ့ချိန်းထားတာရှိလို့ ..."

"နေပါဦး ..."

ပန်းပွင့်က မောင့်လက်ကို ဆတ်ခနဲ လှမ်းဆွဲထားလိုက်သည်။

မောင် အခက်တွေ့နေရသည်။

ကောင်မလေးတွေနဲ့ ပတ်သက်နေတာ ချစ်ကြိုးငယ် မသိစေချင်ပါ။ မောင့်ကို အထင်သေးမှာ စိုးရိမ်နေမိသည်။

"မောင် ..."

"မောင် သွားရတော့မယ် ..."

"မသွားရဘူး"

"ဘာကိစ္စရှိလို့လဲ ပန်းပွင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်က အရင်ကနဲ့ မတူတော့ဘူး"

ပန်းပွင့်နဲ့ ရယ်စကားပြောနေရတာပင် စိတ်မလုံမလဲဖြစ်နေမိသည်။

"အပြင်မှာ တစ်ခုခုသွားစားရအောင်"

"ဟင့်အင်း ... မောင် မစားချင်ဘူး"

"မောင် ... "

"ဟင် ... "

"မောင် ... ပန်းပွင့်ကိုတွေ့တော့ ဘာလို့ဒီလောက်ချောက်ချားနေရတာလဲ"

ဒုက္ခပါပဲ ...

ပန်းပွင့်နဲ့မောင်က အရင်က ချစ်သူတွေ ...

အခုတော့ ...

မောင် အဲလို ထပ်မပတ်သက်ချင်တော့။

ချစ်ကြိုးငယ် သိမှာ ကြောက်နေမိသည်။

ပန်းပွင့်က မောင့်ကိုအတင်းလက်ဆွဲပြီး ကားပေါ်တက်နိုင်းနေသည်။

မောင် ရှင်းပစ်မှ ရတော့မည်။

ချစ်ကြိုးငယ်ကြောင့်ပါ ...

"မောင် သွားတော့မယ်"

"မောင် ဘာဖြစ်နေတာလဲ ... အရင်လိုမဟုတ်တော့ဘူး"





"ဟုတ်တယ် ပန်းပွင့် ... မောင် မိန်းကလေးတွေနဲ့ ထပ်မပတ်သက်ချင်တော့ဘူး ... "

"မောင်"

"ဟင် ... "

"တကယ်ပဲလား"

"ဘာကိုလဲ ... "

"မောင် ပြောင်းလဲသွားတာလေ"

"အင်း ... "

မောင် ... တစ်ချိန်က မိန်းကလေးတွေကို ကစားစရာလို သဘောထားခဲ့တဲ့သူ။

ခု ... သူမနဲ့ ရယ်နေရတာတောင် ကြောက်နေသည်။

အမြင်ကတ်ကတ်နှင့် ပန်းပွင့် မောင့်လက်ကို အတင်းဆွဲခေါ်နေမိ၏။

"မောင် မအားလို့ပါ ... "

"မောင် မသွားရဘူး"

"ပန်းပွင့် ... "

"မောင်လိုက်မလား ... မလိုက်ဘူးလား"

"ဟင့်အင်း ... "

"ရတယ်လေ ... မောင် ... အဲဒါ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပြောင်းလဲတာပဲဖြစ်ရမယ် ... အဲကောင်မလေးကို စုံစမ်းပြီး ရှင့်အကြောင်းတွေ သွားပြောမယ်"

"ပန်းပွင့်"

မောင် ...

နောက်ဆုံးတော့ ...

ဘာမှမတတ်နိုင်ဘဲ ပန်းပွင့်ခေါ်ရာ လိုက်ခဲ့ရလေတော့၏။

***

အခန်း ( ၇ )

မောင် ပြန်မလာသေးပါလား ...

ချစ်ကြိုးငယ်နဲ့ တွေ့နေတာ ဖြစ်မည်။

မမ ...

ခေါ်ကန်နေမိ၏။

အရင်က ...

ကောင်မလေးတွေ တွဲခဲ့ပေမယ့် မမ ရှေ့မှာမဟုတ်။

နယ်မှာ ...

မမ ကွယ်ရာမှာ ...

ဘာမှအလေးအနက်မရှိဘဲ အပျော်သဘောလို့ပဲ မောင်က ပြောတတ်သည်။

အခု ...

ချစ်ကြိုးငယ်ကျမှ ...

မောင်က ချစ်ကြိုးငယ်အပေါ် အရမ်းလေးနက်စွာ ချစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှန်း မမသိသည်။

နည်းနည်းမှ မကျေနပ်။

ကြည့်စမ်း ...

အခုထိ ပြန်မလာ။

"မမ ... "

"ရှင် ... မေမေ ... "

"အိပ်တော့လေ ... "

"မောင် မလာသေးလို့ မေမေ ... "

"သမီး ... ထမင်းမစားရသေးဘူးမှတ်လား"

"မောင့်ကိုစောင့်နေတာ ... မောင်လာမှပဲ တူတူစားလိုက်မယ်လေ ... "

သမီးကို ကြည့်မိသည်။

ချောမောလှပပြီး သိက္ခာရှိတဲ့ သမီးလေး ...

မိမိငယ်စဉ်ထဲက ဗိုင်းကောင်းကျောက်ဖိ သွန်သင်ဆုံးမကာ ကြီးပြင်းစေခဲ့သည်။

ဒီနေ့ထိ ...

သမီးလေးမှာ ချစ်သူရည်းစားဆိုတာ မရှိခဲ့။

ဒါပေမဲ့ ...

မောင့်ကိုတော့ သံယောဇဉ်ကြီးမားစွာ တွယ်တာနေသည်။

"သမီး ... "





"ရှင် ... "

"မောင် နောက်ကျတတ်လား"

အရင်က မိမိက အစောကြီးဝင်ပြီး အိပ်တတ်သည်။

အခုတော့ အိပ်မရလို့ ...

"ဟင့်အင်း ... "

"အင်းလေ ... ရောက်လာတာ ကြာပြီဆိုတော့ မောင်လည်း အပေါင်းအသင်းတွေ ဘာတွေ ရှိနေရောပေါ့ ... "

"မေမေ ... "

"ပြော "

"မောင့်မှာ ချစ်သူရှိနေပြီ"

"ဟုတ်လား ... "

"ချစ်ကြိုးငယ်တဲ့ ... ဒီကောင်လေး အခုတလော စိတ်လေနေတယ်၊ စာလည်း စိတ်မဝင်စားဘူး ... တော်ကြာ ... အရမ်းလည်တဲ့ မိန်းကလေးနဲ့တွေ့ပြီး ပညာရေးထိခိုက်နေဦးမယ်"

မောင့်ကို ထိန်းချုပ်ဖို့အတွက် မမခြေတစ်လှမ်း ပြင်မိသည်။

မေမေက လူကြီး ...

မောင်မှီခိုနေရတဲ့ အိမ်တစ်အိမ်က အကြီးအကဲဖြစ်၍မောင့်ကို ဟန့်တားနိုင်မည်ဟု ထင်မိသည်။

မမတားရင် သဝန်တိုရာ ရောက်နေမည်။



www.burmeseclassic.com

www.burmeseclassic.com



မမ စိတ်မလုံ ...

"မောင်က ကောင်မလေးတွေနဲ့ ရှုတ်တတ်တယ် သမီး ... ဆယ်တန်းကျတာလည်း အဲဒီကိစ္စပဲ ... "

"အဲဒါကြောင့် ... သမီးစိတ်ပူတာပေါ့ မေမေ ... အခုက မမတို့အိမ်မှာနေတာဆိုတော့ တစ်ခုခုဖြစ်ရင် မကောင်းဘူး"

"အင်း ... "

မေမေက လက်သင့်ခံ၍ မမပျော်သွားမိသည်။

"မမ ... "

"ရှင် ... "

"သမီးကို မေးစရာတစ်ခုရှိတယ် ... မှန်မှန်ဖြေနော်"

"ဟုတ် ... "

"သမီးကို ချစ်တဲ့ယောကျ်ားတွေများ ရှိလား ... "

"ချစ်ရေးဆိုတဲ့သူတွေတော့ ရှိတာပေါ့ ... "

"သမီး စိတ်ဝင်စားတဲ့သူရော မရှိဘူးလား"

"မရှိသေးပါဘူး မေမေ ... "

"ကောင်းတယ် ... ဒါပေမဲ့ ... သမီး စိတ်ဝင်စားနေတဲ့သူ ရှိရင်တော့ မေမေ့ကို ကြိုပြောနော် ... "

မမ ဘယ်လိုဖြေရမလဲ။

မောင် ...





မမ နှစ်သက်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်က မောင်ပဲ မေမေ ...

မမ ရင်မဖွင့်ရဲ ...

မောင့်ဘက်က မမကို လုံးဝစိတ်မဝင်စားတာ မမသိနေသည်။

မမက မိန်းကလေး ...

သိက္ခာကို ထိန်းနေရတဲ့ မိန်းကလေးပါ။

ဒါပေမဲ့ ...

မောင်နဲ့ပတ်သက်လာရင် အဲဒီသိက္ခာတွေကို မမ တစ်ခါတရံ မေ့နေတတ်၏။

မနက်ကပဲ ကြည့် ...

ကျောင်းအထိ လိုက်သွားခဲ့မိသည်။

မမ ဘယ်တုန်းကမှ မှော်ဝင့်အဆောင်ရှေ့ကို သွားလေ့မရှိ။

"မမ ... "

"ရှင် ... "

"မေမေက အလုပ်တွေများပေမယ့် သမီးလေကိုတော့ မျက်စေ့ဒေါက်ထောက်ကြည့်နေတာနော် ... မေမေ မသိဘဲ ဘာမှလုပ်ဖို့ မစဉ်းစားနဲ့ ... "

"ဟုတ်ကဲ့ပါ မေမေ ... "

မေမေ့ကို ရင်မဖွင့်ရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘက်က မသေချာ။

"သမီး အသက်အရွယ်ရလာတာနဲ့အမျှ မေမေပိုစိတ်ပူလာရတယ် ... သမီးကို အိမ်ထောင်ဘက် အရွေးမမှားစေချင်ဘူး"

ဒေါ်မိုးခကတော့ သမီးကို အမြဲတမ်း ဂရုစိုက်တတ်တဲ့ မိခင်တစ်ယောက်ဖြစ်၏။

သမီးနှင့် နီးစပ်တာက မောင်ပဲရှိသည်။

အမှန်အတိုင်း ဝန်ခံရလျှင် မောင့်အပေါ် မောင်နှမသံယောဇဉ်ထက် မပိုစေချင်ပါ။

မောင်က ငယ်ရွယ်သည်။

ခေတ်ဆန်လွန်းတဲ့ လူငယ်တစ်ယောက် ...

မမက ရိုးသား၏။

မောင်လေးနဲ့ မမ ဇာတ်လမ်းကို မိမိ လက်မခံချင်ပါ။

မိမိထင်တာ မှန်နေပြီလား။

သမီးလေး သံယောဇဉ်က မောင်နှမဆိုတာထက် ပိုနေပြီလား။

စိတ်ပူမိသည်။

မောင်က ... ခပ်ဆိုးဆိုး ခပ်ရှုပ်ရှုပ်ကောင်လေး။

"သမီး ..."

"ရှင် ... မေမေ ..."

"အတော်ပဲ ... မောင့်ကိုစောင့်ရင်း မေမေနဲ့သမီး အခုမှပဲ





အေးအေးဆေးဆေး ဆွေးနွေးရတော့မယ်"

မမကတော့ မောင့်အတွက် စိတ်ပူနေရတာနှင့် မေမေ့စကားတွေ နားမဝင်နိုင်ဘဲ ဖြစ်နေမိသည်။

တစ်ယောက်ထဲပဲ မောင့်အကြောင်းတွေ တွေးနေချင်မိ၏။

"ရင်ခုန်သံ ..."

"ရှင် ..."

"သမီးအတွက် အိမ်ထောင်ဘက်ဖြစ်သင့်တဲ့ ယောကျ်ားရဲ့ အရည်အချင်းတွေ ပြောပြထားရဦးမယ် ..."

မေမေ ဆုံးမစကားပြောပြီဆိုရင် မငြီးမိပြီး နားထောင်ရမြဲဝင်။

"မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ အရွယ်ရောက်တာနဲ့ ကိုယ်လက်ထပ်မယ့် အိမ်ထောင်ဘက်ကို ရွေးချယ်တတ်ဖို့လိုတယ်"

နာရီကိုကြည့်ပြီး မောင်ပြန်လာဖို့ သင့်ပြီဟု မမ တွေးနေမိသည်။

ကျောင်းသားတစ်ယောက် ...

ဘာလို့ အဲလောက် နောက်ကျနေရတာလဲ။

ချစ်ကြိုးငယ် ...

ညည်းက မိန်းကလေး ...

ဒီအချိန်ထိ ယောကျ်ားလေးတစ်ယောက်နဲ့ရှိနေသလား။



www.burmeseclassic.com

www.burmeseclassic.com



"မမ ..."

"ရှင် ..."

"မေမေ ပြောတာ နားထောင်နေလား"

"ဟုတ် ..."

ဟုတ်သားပဲ ...

အတွေးက မေမေ့ဆီမှာမရှိ။

မဖြစ်သေးပါဘူး ...

မေမေ့ စကားဆီကို အာရုံမနည်းစိုက်နေရ၏။

"ဘဝတစ်လျှောက်လုံး သမီးရဲ့ အိမ်ထောင်ဘက်ဖြစ်လာမယ့်သူကို သမီးထက် အသက်ငယ်တဲ့သူ မဖြစ်စေချင်ဘူး"

"ဟင် ..."

မမ ...

တကယ်ထိတ်လန့်သွားမိသည်။

မေမေ ...

ဘာကိုရည်ရွယ်ပြီး ပြောနေတာလဲဟင် ...

မမကို ကြည့်နေတဲ့ မေမေ့မျက်ဝန်းတွေက ရီးသားနေသည်။

"ကိုယ့်အပေါ်လည်း အရမ်းကြင်နာပြီး ရိုးသားတည်ကြည်တဲ့ ယောကျ်ားမျိုး ဖြစ်စေချင်တယ်"





ယောကျ်ားတစ်ယောက်ကို လက်ထပ်တာ ထီထိုးရသလိုပဲ မဟုတ်လား မေမေဟု မေးလိုက်ချင်သည်။

ကိုယ့်အပေါ် ကောင်းမကောင်း ဘယ်လိုသိနိုင်မှာလဲလို့။

"မိန်းကလေးဆိုတာ ယောကျ်ားလေးထက် ရုပ်အရင်ကျတယ်တဲ့ ... အဲလိုအချိန်ဆို အသက်ငယ်တဲ့သူတွေက ဖောက်ပြန်တတ်ကြတယ် ..."

"ဟင် ..."

"ကိုယ်က တစ်ဖက်သတ်ချစ်ရတဲ့သူဆိုရင်တော့ သမီးလေး သောကရောက်ရမှာ ..."

ဟူး ... မလွယ်ပါလားနော် ...

အခုတောင် ... ဒီလောက်ခံစားနေရတာ။

အိမ်ထောင်ပြုပြီးမှ မောင်ဖောက်ပြန်ခဲ့ရင် ...

အား ...

မမ ...

ရင်ဘတ်ကလေးကို လက်နှင့်ဖိပြီး စိတ်မောနေမိတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

မေမေ အတင်းအိပ်ခိုင်းလို့ အိပ်ရာထဲ ဝင်ခဲ့ရပေမယ့် မမ အိပ်၍မရ။

ဘယ်လို အိပ်ပျော်မှာလဲ ...

မောင်မှ ပြန်မလာသေးဘဲ။

စိတ်ပူစွာဖြင့် ပြန်ဆင်းလာခဲ့မိသည်။

ဧည့်ခန်းရောက်တော့ ထမင်းချက်ဒေါ်စိန်က ဧည့်ခန်းမှာ မောင့်ကို ထိုင်စောင့်နေသည်။

မမကိုတွေ့တော့ လန့်သွား၏။

"မမ ... မအိပ်သေးဘူးလား"

"ဒေါ်စိန် ... "

"ဟင် ... "

"သွားအိပ်တော့ ... မမ စောင့်လိုက်မယ် ... "

"မမ ... မေမေ ... "





"ရှူး ... သွားအိပ်တော့ ... မေမေ မသိစေနဲ့ မမပဲစောင့် လိုက်မယ်"

ဒေါ်စိန် ပြန်ထွက်သွား၏။

မီးမဖွင့်ရဲ ...

မေမေ သိသွားမှာ ကြောက်ရသည်။

မေမေ့စကားတွေကို ဆန့်ကျင်တာတော့ မဟုတ်ပါဘူး။

မောင့်အတွက် စိတ်ပူမိလို့ပါ။

ဖုန်းဆက်တော့လည်း မောင့်ဖုန်းက စက်ပိတ်ထားသည်တဲ့။

ဘာများဖြစ်နေလဲ ...

ချစ်ကြိုးငယ်ကိုပဲ နိုးပြေးသွားပြီလား။

မမ စိုးရိမ်နေမိသည်။

မေမေ ပြောခဲ့တဲ့စကားတွေအရ မောင့်ကို မရွေးချယ်သင့် ဘူးလို့ ပြောင်ဖွင့်မပြောရုံပဲရှိသည်။

မောင့်ကို သားတစ်ယောက်လိုချစ်ပေမယ့် မမနှင့်လက်ထပ် ဖို့တော့ သဘောတူပုံမရ။

လူကြီးတွေကို အားကိုးဖို့ မဖြစ်နိုင်။

မောင် ...

မမက မောင့်ကို အရမ်းချစ်မြတ်နိုးပြီး သံယောဇဉ်ကြီးခဲ့ရ တာပါ။



www.burmeseclassic.com

www.burmeseclassic.com



မမ ...

အမှောင်ထဲမှာ ငုတ်တုတ်ထိုင်နေမိ၏။

အိမ်ထဲက ထွက်လာခဲ့သည်။

ခြံထဲမှာ ထိုင်စောင့်နေမိ၏။

မောင် ...

မောင် ဘယ်တွေလျှောက်သွားနေတာလဲ။

ကားလည်း ပါမသွား။

စိတ်ပူလိုက်တာနော် ...

ဟော ...

မောင် ... ခြံတံခါးလေးကို တွန်းဖွင့်ရင်းခြံထဲဝင်လာသည်။

"ဟင် ..."

မမကိုတွေ့တော့ အံ့အားသင့်သွားပုံရ၏။

"မမ ... အိပ်သေးဘူးလား ..."

"မောင် ..."

"ဗျာ ..."

"မင်း ဘယ်တွေလျှောက်သွားနေတာလဲ"

"ဟို ..."

"မင်း ... ဘာလို့ ဒီလောက်နောက်ကျနေရတာလဲ"

မမ အသံတွေ တုန်ရီလိုက်ပြီး ဒေါသသံလေးတွေပါဝင်နေ





ရ၏။

မောင်ကတော့ အေးအေးဆေးဆေးပင်။

"မမ ... ဘာလို့ မအိပ်သေးတာလဲ ..."

"မောင် ..."

"ဗျာ ..."

"မောင့်ကို မေးနေတယ် ..."

မမလေသံက မာထန်နေသဖြင့် မောင့်အကြည့်တွေ ဆတ်ခနဲ ရောက်သွားရသည်။

"သူငယ်ချင်းတစ်ယောက်နဲ့ တွေ့နေလို့ပါ မမ ... နယ်က လာတဲ့ သူငယ်ချင်းပါ ..."

"မဟုတ်နိုင်ဘူး ..."

"တကယ်ပါ မမရဲ့ ... မောင် မညာပါဘူး"

"မင်း ... ချစ်ကြိုးငယ်နဲ့ လျှောက်လည်နေတာမဟုတ်လား"

"ဟား ဟား ဟား ... မမပြောသလိုသာ သူနဲ့လျှောက်လည်နေရင် အချိန်တွေ ဘယ်လောက်ပဲကုန်ကုန် ကမ္ဘာတစ်ပတ်တောင် လည်လိုက်ချင်သေးတယ် ..."

မောင်ကတော့ ပြောလေကဲလေပါလားဟု တွေးမိလာရသည်။ နယ်က သူငယ်ချင်းနဲ့ပါတဲ့။

"မမကို မောင် လုံးဝမညာဘူး ... နယ်ကသူငယ်ချင်းနဲ့ မထင်မှတ်ဘဲတွေ့လို့ မလိုက်ချင်ဘဲ လိုက်သွားရတာ"



www.burmeseclassic.com

www.burmeseclassic.com



မောင် စိတ်ညစ်လာတာပါ။

ပန်းပွင့်ဖြူလေ ...

"မနက်ဖြန်၊ ... ပန်းပွင့် နယ်ပြန်ရမှာ၊ မောင် အဲလိုစိမ်းကားနေရင်တော့ ပြဿနာ ရှာရမှာပဲ ..."

ချစ်ကြိုးငယ်ကို နှောက်ယှက်မှာကြောက်၍ မောင် စိတ်မပါဘဲ ပန်းပွင့်နှင့် အချိန်ဖြုန်းနေခဲ့ရသည်။

နှောင်တလည်း ရနေမိ၏။

တချိန်တုန်းကသာ သူ့အဲလို မရှုပ်ခဲ့ဘူးဆိုရင် အခုအချိန်မှာ ချစ်ကြိုးငယ်ရှေ့မှာ သိမ်ငယ်နေရမှာမဟုတ်။

မောင် ... ချစ်ကြိုးငယ် အထင်လွဲမှာကို အရမ်းစိုးရိမ်နေမိသည်။

"မောင် ..."

"ဗျာ ..."

"ဒီနေ့ မင်းတွေ့ခဲ့တာ ယောကျ်ားလေးလား၊ မိန်းကလေးလား ..."

"ယောကျ်ားလေးပါ"

မိန်းကလေးဆိုရင် ရစ်နေမှာစိုး၍ လွယ်လွယ်ဖြေလိုက်တာပါ။

"မင်း ... ချစ်ကြိုးငယ်နဲ့ လျှောက်လည်နေတာတော့ မဟုတ်ပါဘူးနော် ..."





"သူက အရမ်းမာနကြီးတာမမရဲ့ ... တွေ့ခွင့်ရဖို့တောင် မလွယ်ဘူး ..."

"ဟွန်း ..."

"မနက်က မမနဲ့တွဲလာတာတောင် သူကအထင်လွဲပြီး မောင့်ကို ခပ်စိမ်းစိမ်း ဆက်ဆံနေတယ် ..."

"ကောင်းတယ် ..."

"ဟာ ... မမကလည်း ..."

"ဘာမမကလဲလည်း ... မောင် မိန်းကလေးတွေနဲ့ ရှုပ်ချင်တဲ့စိတ်ကို လျှော့သင့်ပြီ"

မမကတော့ အစ်မတစ်ယောက်ရဲ့ လေသံကို အပြည့်ဖမ်းထားမိသည်။

မိန်းမတို့ ဣန္ဒြေရှေ့ပေးလို့ မရတဲ့။

ယောကျ်ားလေးတစ်ယောက်ကို ရေလာမြောင်းပေးလုပ်ရမှာ မမ အကြောက်ဆုံးပင်။

ရှက်မိ၏။

မောင်နှင့်နီးစပ်မှုရအောင်တော့ ဣန္ဒြေသိက္ခာနှင့်ပဲ ကြိုးစားချင်နေမိသည်။

"မောင် ..."

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ညစာ စားပြီးပြီလား"

"ဟုတ် …"

"ဘယ်မှာစားလဲ …"

"ပန်းပွင့်နဲ့ စားသောက်ဆိုင်မှာစားတာ"

"ဘာ …"

"အဲ …"

မောင် စကားမှားသွားမှန်း သိလိုက်သည်။

"ဟို …"

"မောင် ညာတယ် … မိန်းကလေးတစ်ယောက်နဲ့ ချိန်းတွေ့ပြီး ညစာ စားခဲ့တာ ဟုတ်လား …"

မမ ဒေါသတကြီးနှင့် မောင့်ကို ပြောနေမိသည်။

"ကြည့်စမ်း … မမကတော့ မောင်လာမှ ညစာစားမယ်ဆိုပြီး စောင့်နေတာ …"

"ဟာ … မမ ထမင်းမစားရသေးဘူးလား … လာ … လာ၊ မောင် အနားမှာထိုင်စောင့်ပေးမယ်နော် …"

ဒီလိုကျတော့လည်း မောင်က ပျာပျာသလဲပင်။

မမ …

နည်းနည်းတော့ ကျေနပ်သွားမိ၏။

"နေပါစေ … မစားတော့ဘူး …"





"နောက်ဆို မောင်နောက်မကျစေပါဘူး … အခုလည်း သူက နယ်ပြန်မှာမို့ အတင်းဆွဲထားလို့ နောက်ကျသွားတာပါ"

"မေမေတောင် မောင်နောက်ကျလို့ စောင့်နေတာ … ခုနလေးကမှ အိပ်သွားတာ …"

"ဟင် …"

မောင် နောက်နေ့တွေပါ နောက်မကျရအောင် ခြိမ်းခြောက်ပြောလိုက်မိသည်။

မေမေ စောင့်နေတယ်ပြောမှ မောင် ကြောက်မှာ။

"မောင် … တောင်းပန်ပါတယ် မမရယ် …"

မောင်က မမပခုံးလေးကို ဖက်ပြီး တောင်းပန်နေ၏။

မမ …

တစ်ကိုယ်လုံး ရှိန်းဖိန်းထူပူသွားရသည်။

ရင်တွေခုန်လာရတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

“ချစ်ကြိုးငယ် ... ”

“ဟင် ... ”

“မောင့်ကို အထင်မလွဲပါနဲ့”

မောင်က နှင်းဆီပန်းလေးတစ်ပွင့်ကို သူမ လက်ထဲထည့်လိုက်သည်။

ချစ်ကြိုးငယ်က မျက်ဝန်းလေး ဝေ့ကြည့်၏။

နှုတ်ခမ်းလေးက ခပ်တင်းတင်းလေး စေ့ပိတ်ထားမြဲ။

“ရော့ ... ချစ်ကြိုးငယ်အတွက် ... ”

အလှပြင်ပစ္စည်းတွေ ထည့်ထားပြီး စက္ကူလှလှလေးနှင့် ထုတ်ထားတဲ့ ဗူးလေးတစ်ခု။

“မလိုချင်ပါဘူး”

“အမှတ်တရပါ ... ချစ်ကြိုးငယ်က အလှအပကြိုက်တယ်မှတ်လား ... မောင် စိတ်ကူးပြီး ဝယ်လာတာ”





သူမက လက်ခံလိုက်၍ မောင် ပျော်သွားမိသည်။

စိတ်ဆိုးပြေသွားပြီး အပြုံးရိပ်လေးတွေ သန်းနေတဲ့ သူမရဲ့ မျက်ဝန်းတောက်တောက်လေးတွေကို မောင် ငေးကြည့်နေမိသည်။

မမက ချစ်ကြိုးငယ်နဲ့ မပတ်သက်ရဘူးတဲ့။

မောင် လိုက်နာ၍မရ။

သူမကို တစ်ချိန်လုံး သတိရနေတတ်တဲ့ မောင်က သူမနဲ့ မပတ်သက်ဘဲ ဘယ်လိုနေနိုင်မှာလဲ။

“မြတ်သောမောင် ... ”

“ဟင် ... ”

“ဟိုနေ့က တွဲလာတဲ့တစ်ယောက်က ရှင့်အစ်မဝမ်းကွဲဆိုတာ တကယ်ပဲလား ... ”

“မောင် မညာပါဘူး ... ”

“ပြီးတော့ ... ရှင်က ကောင်မလေးတွေ အများကြီးနဲ့လည်း တွဲခဲ့ဖူးတယ်တဲ့ ... ”

“မောင် ကောင်မလေးတွေနဲ့တွဲခဲ့တာ မှန်ပါတယ် ... ဒါပေမဲ့ ဘယ်သူ့ကိုမှ အလေးအနက်မထားခဲ့ပါဘူး ... ချစ်ကြိုးငယ်နဲ့တွေ့မှ မောင် အလေးအနက်ထားတတ်ခဲ့တာပါ”

“မယုံပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



“တကယ်ပါ ချစ်ကြိုးငယ်ရယ် ... မောင် ချစ်ကြိုးငယ်ကို တကယ်ချစ်ခဲ့မိတာပါ ... ”

“ဟင် ... ”

သူမရဲ့ပါးပြင်ပေါ်မှာ ရှက်သွေးလေးတွေ ဖြာသွားတာကို ကြည့်ရင်း မောင် အသည်းယားသွားမိသည်။

“ချစ်ကြိုးငယ် ဖြစ်စေချင်တဲ့ အနေအထားမျိုးရောက်အောင် မောင် ကြိုးစားပေးမှာပါ ... ”

ချစ်ကြိုးငယ်ကတော့ မောင်ဆိုတဲ့ လူတစ်ယောက်ကို လေ့လာအကဲခတ်ရဦးမည့်သူဟုပဲ သတ်မှတ်မိသည်။

သာမန် ယောကျ်ားတစ်ယောက်ကို သူမ လက်မထပ်ချင်ပေ။

ဒါက ...

ဘဝတစ်သက်တာ အရေးလေ။

မိန်းကလေးတစ်ယောက်အနေနှင့် အညွှာမလွယ်သင့်ဟု ထင်မိသည်။

“ချစ်ကြိုးငယ် ... ”

“ဟင် ... ”

“မောင့်ကို ... ”

“အချစ်ဆိုတာကို ကျွန်မ ပေါ့ပျက်ပျက် မတွေးချင်ဘူး”





“အဲလို ဘာမဆို အလေးအနက်ထားတတ်တာလေးကို မောင် သဘောကျမိတာ သိလား ... ”

“ရှင့်ကို ကျွန်မ စောင့်ကြည့်ပါရစေဦးနော်”

သူမ ... အချစ်ကို ဘယ်လိုဆုံးဖြတ်ရမှာလဲ။

ဦးနှောက်လား ...

နှလုံးသားလား ...

မောင့်ကို သူမ ချစ်မိပါတယ်။

ဒါပေမဲ့ ...

နာမည်ပျက်တွေနှင့် ... အစ်မဝမ်းကွဲဆိုတာလည်း ရှင် ညာတာပါ။

အရမ်းလှတဲ့ အစ်မတစ်ယောက်။

လူကြီးချင်း သဘောတူထားတာလည်း ဖြစ်နိုင်သည်။

မောင့်ကို အရမ်းယုံကြည်လို့မရဟုတော့ သူမ ထင်နေမိ၏။

မာမီက ရှိသေးသည်။

သူမကို အရမ်းတန်ဖိုးထားတဲ့ မာမီ ...

မာမီက မောင့်လိုလူမျိုးနှင့် သူမကို ဘယ်လိုမှသဘောမတူနိုင်တာ သူမ သိနေသည်။

“ချစ်ကြိုးငယ် ... ”

“ရှင် ... ”

“ဘာတွေ စဉ်းစားနေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မာမီ့အကြောင်း ..."

"ဘာဖြစ်လို့လဲ ... ချစ်ကြိုးငယ်ရ ... မာမီက သဘောမတူနိုင်ဘူး ထင်နေတာလား ..."

"ဟုတ်တယ် ..."

မာမီ့သဘောထားကိုတော့ မောင့်ကို ပြောပြထားချင်သည်။

သူမ ဘဝမှာလည်း ဒါပထမဆုံးအနေနဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ တရင်းတနှီး နေဖူးတာလေ။

သူနှင့် အကြည့်ချင်းဆုံတိုင်း ...

သူမ ရင်ခုန်တတ်စမြဲပင်။

"မာမီက အရမ်းစည်းကမ်းကြီးတယ် ... ပြီးတော့ ချစ်ကြိုးငယ်အပေါ်မှာလည်း အရမ်းမျှော်လင့်ချက်ထားတယ် ... မာမီရွေးချယ်တဲ့ ယောကျ်ားကိုပဲ ချစ်ကြိုးငယ် လက်ထပ်ရမှာ ..."

"မောင် ကြိုးစားမယ် ... ချစ်ကြိုးငယ်ရဲ့မာမီ လက်ခံနိုင်တဲ့ အရည်အချင်းတွေ ရှိလာအောင် မောင်ကြိုးစားမယ်"

"မြတ်သောမောင် ..."

"ဟင် ..."

"ကျွန်မကို ခုလိုအလေးအနက်ထားပေးတာ ကျေးဇူးတင်ပါတယ် ... ရှင့်သတင်းတွေကို ကျွန်မ ဘယ်သူ့ဆီကသိတာလည်းဆိုတာ ရှင် သိချင်လား"

"အင်း ..."





"မာမီ့ဆီက ..."

"ဟင် ..."

"ဟုတ်တယ် ... မာမီ့ကို ရှင့်အကြောင်း ပြောထဲက မာမီစုံစမ်းထားတာ ... မာမီက ထက်လည်းထက်တယ်၊ နှံ့လည်းနှံ့စပ်တယ်လေ ..."

"သွားပြီ ... စထဲက အမှတ်လျော့နေပြီ"

"ရှင့်မမဆိုတာကိုလည်း သိတယ် ..."

"ဟင် ..."

"အခုတော့ ရိုးရိုးပဲတဲ့ ... နောက်တော့ လူကြီးချင်းသဘောတူပြီး ပေးစားရင်ပေးစားမှာတဲ့ ..."

"ဟာ ... မဟုတ်တာ။ မောင်နဲ့မမက တကယ့်မောင်နှမတွေလိုပဲ ရိုးရိုးသားသားနေကြတာ"

"လူကြီးတွေက ..."

"မေမေက မောင့်ဆန္ဒပဲ ... ပြီးတော့ မမကလည်း သဘောတူမှာမဟုတ်ဘူး"

"မာမီကတော့ ရှင့်ကို လုံးဝသဘောမကျဘူး"

"ဟင် ..."

"ရှင့်ဘက်က ကြိုးစားပြရလိမ့်မယ်"

"ချစ်ကြိုးငယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြော ... "

"ချစ်ကြိုးငယ်ကရော မောင့်ကို ဘယ်လိုသဘောထားလဲ"

သူမမျက်နှာလေးကို ငေးကြည့်ရင်း မောင်မေးလိုက်မိသည်။

"မောင့်ကို ချစ်တယ်မဟုတ်လားဟင်"

"ကျွန်မ ပြောပြီးပြီပဲ ... မာမီသဘောတူမှပါလို့"

"အရေးကြီးတာ ချစ်ကြိုးငယ် မောင့်ကိုချစ်ဖို့ပဲ ... ကျန်တာက မောင် ဆက်ကြိုးစားမယ် ... အနာဂတ်မှာ မောင်က အောင်မြင်တဲ့ အရည်အချင်းရှိတဲ့သူ ဖြစ်စေရမယ် ... "

မောင် တက်ကြွစွာ ပြောနေတာကိုကြည့်ပြီး သူမ သဘောကျနေမိသည်။

ကျွန်မ ...

ရှင့်ကို ချစ်ပါတယ် ...

ဒါပေမဲ့ ...

မာမီ ရွေးချယ်ပေးတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ကျွန်မက လက်ထပ်ရမှာ။

"ချစ်ကြိုးငယ် ... "

"ရှင် ... "

သူမ လက်ကလေးကို မောင်က ရုတ်တရက် ဆုပ်ကိုင်လိုက်၍ သူမ အထိတ်တလန့် ဖြစ်သွားရသည်။





"ဟို ... ဟို ... အဲဒီလို မလုပ်ပါနဲ့နော် မြတ်သောမောင်၊ ကျွန်မလက်ကို လွှတ်ပါ ... "

သူမ ရုန်းနေမိသည်။

"ချစ်ကြိုးငယ် ... "

"ဟင် ... "

"ငယ်လို့ပဲ ခေါ်ပါရစေနော်"

သူမ မငြင်းဆန်မိ။

ငယ်ဆိုတဲ့ အသုံးအနှုန်းလေးကို သဘောကျမိသည်။

"ငယ် ... "

"ရှင် ... "

"ငယ့်ကို မောင်အရမ်းချစ်တယ်၊ အဲဒီစကားကိုတော့ ငယ် ယုံပေးပါ"

"ယုံပါတယ် ... "

"ငယ်ရယ် ... "

ငယ့်ကို မောင် တကယ်ချစ်မိတာပါ။

မောင် ကြိုးစားမယ် ...

"မာမီက ဂုဏ်ပကာသနကိုတော့ နည်းနည်းမက်တယ်၊ တော်ရုံယောကျ်ားတစ်ယောက်ကို အထင်မကြီးတတ်တာတော့ အမှန်ပဲ ... "

"ငယ့်မာမီက ဘယ်လိုယောကျ်ားမျိုးနဲ့မှ သဘောတူမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းတော်တဲ့ ယောကျ်ားတွေကိုပေါ့ … ပညာတတ်ရမယ်၊ စီးပွားရှာတတ်ရမယ် … ပြီးတော့ ကျွန်မအပေါ်မှာလည်း ချစ်ရမယ် … "

"အဲလိုပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ကို မတွေ့ခဲ့ရင်ရော … "

"မတွေ့ရင် အပျိုကြီးပဲ လုပ်မှာပေါ့"

"ဟာ … မလွယ်ပါလား … "

"မြတ်သောမောင် … "

"ဒါပေမဲ့ … မောင် ကြိုးစားမှာပါ"

"အင်း … "

"ငယ် … "

"ဟင် … "

"မောင်လို့ပဲ ခေါ်ပါလား ငယ်ရယ် … မောင့်နာမည်က မောင်ပဲဟာ … "

"မခေါ်ချင်ပါဘူး"

"မခေါ်ရင် … ငယ့်လက်ကို မောင် မလွှတ်ဘူးနော်"

သူမ လက်ကလေးတင်းတင်းလေး ဆုပ်ကိုင်ထားလိုက်မိသည်။

"မခေါ်ရဲဘူး … "

"ဘာလို့ မခေါ်ရဲရမှာလဲ … ခေါ်ကြည့်ပါကွာ … "





"ဟွန်း … ဘာလို့များ ဒီနာမည်ကြီး ပေးထားကြပါလိမ့်နော်"

"မောင်ဆိုတဲ့နာမည်က မမကြောင့်ဖြစ်သွားတာလေ … မောင့်ကိုမွေးတော့ မမက နှစ်နှစ်သမီးပဲရှိသေးတာလေ"

ချစ်ကြိုးငယ်ရဲ့ စိတ်ထဲမှာ မမဆိုတာကို သဘောမကျသလိုဖြစ်နေမိသည်။

တစ်မျိုးပဲ …

မြတ်သောမောင်ရဲ့ မမ …

"မောင်လေးလိုချင်နေတဲ့ မမက မောင့်ကို အရမ်းချစ်ပြီး မောင်လို့ခေါ်ရင်း ဒီနာမည်တွင်သွားတာ … မမဆိုတဲ့ နာမည်ကလည်း မောင့်ကြောင့်ပဲရခဲ့တာလေ … "

မြတ်သောမောင်က ရယ်ရယ်မောမော ပြောနေပေမယ့် သူမ စိတ်ထဲမှာတော့ တစ်မျိုးကြီး ခံစားနေရ၏။

ဘာသွေးသားမှ မတော်စပ်တဲ့ မိန်းမနဲ့ယောကျ်ားတစ်ယောက် ဒီလောက်အထိ နီးကပ်နေကြတာ ရိုးသားဖြူစင်ပါတယ်တဲ့လား။

မြတ်သောမောင်က ခပ်ရှုပ်ရှုပ် …

မမကလည်း အရမ်းချောသည်။

"ဟင် … "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"ဘာတွေ စဉ်းစားနေတာလဲ ... "

"မောင့်မမအကြောင်းပေါ့ ... "

"ဟာ ... ငယ် မောင်လို့ ခေါ်လိုက်တယ်"

"မဟုတ်ဘူး ... ငယ်ယောင်ပြီး ... အဲတော့ ... "

သွားပါပြီ ...

ငယ် ...

မောင် ...

သူမ ယောင်ပြီးခေါ်မိပေမယ့် မောင်ကတော့ အရမ်းပျော်နေပုံရပါသည်။

သူမ ...

ရယ်ပစ်လိုက်မိသည်။

မောင်လို့ပဲ သူမလည်း ခေါ်ချင်ပါတယ်။

"ခေါ်ပြီးပြီလေ ... ငယ့်လက်ကို လွှတ်တော့နော်"

"ငယ် ... "

"ဟင် ... "

"မောင့်ကို ချစ်လား"

"ငယ် အလွယ်တကူ အဖြေပေးလို့မဖြစ်ဘူး ... မောင့်ကို စောင့်ကြည့်ချင်သေးတယ် ... ယောကျ်ားတစ်ယောက်ကို ငယ့်ရဲ့





လက်ထပ်နိုင်တဲ့ အရည်အချင်းရှိ မရှိ သေချာမှ လက်ခံချင်တယ်"

"မောင်နဲ့ငယ်က လက်ထပ်ခွင့်ရှိတာပဲ ... မောင်ကြိုးစားမှာပေါ့ ငယ်ရဲ့ ... "

"ငယ့်မာမီကို ငယ်မပြောရဲဘူးမောင် ... မာမီက အရမ်းစိတ်ကြောင်တယ် ... မောင့်အကြောင်းပြောတော့ မာမီက သူစဉ်းစားဦးမယ်တဲ့"

"စိတ်ချ ... ငယ့်မာမီ စိတ်ချမ်းသာအောင် မောင်အစွမ်းကုန် ကြိုးစားမယ် ... အရေးကြီးတာက ငယ် မောင့်ကိုချစ်ဖို့ပဲ"

ငယ် ... သူ့ကို ချစ်နေပြီဆိုတာ သေချာနေပြီပဲ။

မောင် ပျော်နေမိ၏။

သူမ လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

"မောင် ... "

"ပြောလေ ငယ် ... "

"မောင့်မမက ... "

"မမအကြောင်း ငယ့်ခေါင်းထဲက ထုတ်လိုက် ... မမက မောင့်ကို မောင်လေးအရင်းတစ်ယောက်လိုပဲ သဘောထားတာပါ။ ပြီးတော့ ... မမက ဣန္ဒြေသိက္ခာအရမ်းရှိတာ"

"ငယ့်စိတ်ထဲမှာ တစ်မျိုးပဲ ... "

"မမကို တစ်မျိုးမထင်ပါနဲ့ငယ်ရယ် ... ငယ့်အကြောင်းကိုလည်း မမကို မောင် ပြောထားပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆို မောင့်မမ သိတယ်ပေါ့"

"အင်း ... "

"မောင် ဘာတွေပြောထားလဲ"

"ငယ်က သိက္ခာရှိပြီး မာနကြီးတဲ့ ကောင်မလေးလို့ ... မောင့်အနာဂတ်တွေ တောက်ပလာစေမယ့်သူလို့ပေါ့"

"မမက ဘာပြောလဲဟင် ... "

"မမကတော့ ပညာရေးပဲ ဦးစားပေးပါ ... ဘာညာပေါ့။ မမက အမြဲဆရာမကြီး ပုံစံဖမ်းနေကြပဲလေ ... "

"မောင် ... "

"ဟင် ... "

"ငယ့်ကို တကယ်ပဲ လေးလေးနက်နက် ချစ်တာလား"

သူမ မောင့်ကို မယုံသင်္ကာစွာနှင့် ကြည့်လိုက်မိသည်။

"ငယ့်ကို မောင် အရမ်းချစ်တယ် ... မောင် ငယ့်ကိုပိုင်ဆိုင်ချင်တယ် ... ငယ် ယုံပါကွာနော် ... "

မောင့်စကားတွေကို သူမ ယုံမိ၏။

သူမ မောင့်လက်ကလေးတွေကို ပြန်ပြီးဆုပ်ကိုင်ထားလိုက်မိသည်။

***

အခန်း ( ၁၀ )

"ချစ်ကြိုးငယ် ... "

"ရှင် ... မာမီ ... "

"မာမီ ... လူတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့"

"ရှင် ... "

"သမီးအတွက် မာမီ ရွေးချယ်ထားတဲ့သူ ... "

"ဟင် ... "

"သမီး ဘာဖြစ်နေတာလဲ ... "

မာမီက သူမကို ကြည့်နေသည်။

ဘုရားရေ ...

မောင့်ကို သူမ အဖြေပေးပြီးနေပြီ။

မာမီက ဘယ်သူ့ကို သူမနဲ့လက်ထပ်ဖို့ ရွေးချယ်ထားတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ..."

"ပြော ..."

"သမီး ငယ်ပါသေးတယ် ... ပညာကိုပဲ ကြိုးစားချင်သေးတယ် ..."

မာမီက ခေါင်းခါသည်။

"သမီးကညာ အခါမလင့်စေနဲ့တဲ့ ... အခုက သမီးကို အကဲခတ်နိုင်းရုံလေးပဲ ... လက်ထပ်ဖို့အထိ မာမီမပြောသေးပါဘူး"

မောင့်ကို မာမီ လုံးဝသဘောမတူနိုင်ဘူးဆိုတဲ့ သဘောပင်။

"သမီးနဲ့တွဲနေတဲ့ မြတ်သောမောင်ကို မာမီ လုံးဝသဘောမတူဘူး သမီး ..."

"ရှင် ..."

"မာမီ မသိဘူးလို့ သမီးထင်နေတာလား"

"မာမီ ..."

"ပြော ..."

"မောင်က အဲ ... မြတ်သောမောင်က မာမီသဘောကျတဲ့အထိ ကြိုးစားပြပါ့မယ်တဲ့ ..."

"ဒီအဆင့်တောင် သမီးလေးတို့က ရောက်နေကြပြီလား"

ဒေါ်နန္ဒာဦးရဲ့ အကြည့်တွေက သမီးလေးဆီ ဆတ်ခနဲ ရောက်သွားရသည်။





သမီး ...

ခေါင်းငုံ့နေ၏။

သေချာပြီ ...

မြတ်သောမောင်ဆိုတဲ့ ကောင်လေးမှာ အထင်ကြီးစရာ ဘာမှမရှိပါဘူး။

မဖြစ်ဘူး ...

သူမ တားကိုတားရမယ်။

"သမီး ..."

"ရှင် ..."

"မာမီ သဘောမတူဘူး"

"မာမီ ..."

"သမီး ဘာမှမပြောနဲ့တော့ ..."

"မောင်က ကြိုးစားပြမှာပါ မာမီ ... စောင့်ကြည့်ပေးပါနော်"

သူမ ...

ပြာပြာသလဲ ပြောမိ၏။

မာမီက တော်ရုံလူနှင့် သဘောတူမှာမဟုတ်ဘူးဆိုတာ သူမ သိပြီးသားပါ။

ဒါပေမဲ့ ...

မောင့်ကို ချစ်မိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဆန္ဒနဲ့သူမ မောင့်ကို ရွေးချယ်ထားပြီးပြီ။

"မြတ်သောမောင်က ... တကယ့်ကို ပေါ့ပျက်ပျက် ကောင်လေးတစ်ယောက် ... သမီး ဒုက္ခရောက်လိမ့်မယ်"

"မာမီ ..."

မာမီက ပြတ်သားသည်။

စည်းကမ်းကြီးပြီး အလိုမကျဘူးဆိုရင် ဘယ်လိုမှ ရှင်းပြလို့ လက်မခံတဲ့သူ။

"ညနေ မောင်အောင်ကျော်နိုင် လာမယ် ... မာမီတို့ ညစာ သွားစားကြမယ် ... မောင်အောင်ကျော်နိုင်က သမီးထက် အသက်ကြီးတယ်ဆိုပေမယ့် လူချောလူခန့်တစ်ယောက်ပါပဲ ... ပြီးတော့ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်လေ ..."

"မာမီ ..."

"ပြော ..."

"အချစ်ဆိုတာရော ... အဲဒါကို ထည့်မစဉ်းစားတော့ဘူးလား ... သမီး မောင့်ကို ချစ်တယ် ..."

"တိတ်စမ်း ..."

ဒေါ်နန္ဒာ လုံးဝလက်မခံနိုင်ပါ။

"သမီးကို ကျောင်းလွှတ်တာ ချစ်သူရှာဖို့မှ မဟုတ်တာ၊ သမီးကိုယုံလို့ မာမီ လွှတ်ပေးထားတာ ..."

မာမီ့အကြောင်း သူမသိသည်။





ခေါင်းမာပြီဆိုလျှင် အလွန်အမင်း မာကြောတတ်သော မိခင်ပဲ ဖြစ်သည်။

သူမ စိတ်ညစ်သွားမိသည်။

"မာမီက သမီးကို ရွေးချယ်ခွင့်ပေးတယ် ... ဒါပေမဲ့ ... သမီး ရွေးတဲ့သူက တကယ့်ကို လူရှုပ်လူပွေ ..."

"မောင်က ..."

"တော်ပြီ ... ကောင်မလေးတွေနဲ့ ပတ်သက်တာတစ်မျိုးပဲ ... မိဘက ငွေကြေးပြည့်စုံပေမယ့် သမီးဘဝရဲ့ အကောင်းဆုံး အဖော်ဖြစ်လာမယ်လို့ မာမီမထင်ဘူး ..."

"မဟုတ်ပါဘူး မာမီ ... မောင်က ကြိုးစားပြမှာပါ၊ မောင့် အစွမ်းအစကို ကြည့်ပြီးမှ ဆုံးဖြတ်ပါနော် ..."

"သမီး ..."

"ရှင် ..."

"မာမီ စောင့်ကြည့်မယ်လေ ... သမီးကို အခွင့်အရေးတစ်ခု ပေးတာပဲ ... ပညာရေးရော စီးပွားရေးရော ကိုယ်ကျင့်တရား ကောင်းမွန်မှုတွေမှာရော မာမီ စောင့်ကြည့်မယ် ..."

"ဝမ်းသာလိုက်တာ မာမီရယ် ... စောင့်ကြည့်ပေးပါနော်၊ မောင်က ကြိုးစားမှာပါ ..."

မာမီက လက်ခံမည်ဆို၍ သူမ ဝမ်းအသာကြီးသာသွားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သမီး ... "

"ရှင် ... "

"ယောက်ျားတစ်ယောက်အပေါ် အကြွင်းမဲ့ယုံကြည်ပြီး ချစ်မိသွားတာတော့ မိန်းကလေးတစ်ယောက်မှာ မရှိသင့်တဲ့အချက်ပဲ"

မောင်နှင့်သူမက ဘဝအဆက်ဆက်က ချစ်ခဲ့တာပဲလား။

ဖူးစားရှင်တွေပဲလား ...

စတွေ့တွေ့ချင်းမှာပဲ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ခဲ့ကြသည်။

တကယ်ဆို ...

သူမက အညာလွယ်တဲ့ မိန်းကလေးတစ်ယောက်မှ မဟုတ်ဘဲ။

အဟက် ... မောင့်ကို မြင်မြင်ချင်းပဲ ချစ်မိသွားတာ။

"သမီး ... "

"ရှင် ... "

"ဘာတွေ သဘောကျနေတာလဲ ... မြတ်သောမောင်ကို သမီး ဒီလောက်အထိ ချစ်နေပြီလား"

"မာမီ ... "

"ပြော ... "





"မောင်နဲ့သမီးနဲ့က မြင်မြင်ချင်း ချစ်မိ ... "

"ချစ်ကြိုးငယ် ... "

မာမီက အော်ငေါက်လိုက်သဖြင့် သူမ ဆက်မပြောရဲတော့ပေ။

တင်းမာခက်ထန်တဲ့ မာမီ့အကြည့်တွေကြောင့် လန့်သွားရသည်။

မောင် ...

ငယ် မနည်းကြိုးစားနေရတယ်သိလား။

"သမီး ... "

"ရှင် ... "

"ညနေတော့ မောင်အောင်ကျော်နိုင်နဲ့ တွေ့ရမယ်"

"ဘာလို့တွေ့မှာလဲ မာမီ ... သမီးလည်း သူ့ကိုချစ်မှာမှ မဟုတ်တာပဲဟာ"

"သမီး ... "

"ရှင် ... "

"မောင်အောင်ကျော်နိုင် အလိုက်အထိုက် ဆက်ဆံပါ ... မြတ်သောမောင် တစ်ယောက်ပဲ သမီးဘဝမှာ ရှိတယ်မထင်နဲ့"

မာမီက လေသံမာမာဖြင့် ပြောလိုက်သဖြင့် သူမ ငြိမ်သက်သွားရသည်။

မောင့်ကို မာမီသဘောကျဖို့ အတော်လေးကြိုးစားထားရ



www.burmeseclassic.com

www.burmeseclassic.com



တာပါ။

"ညနေအတွက် အလှဆုံးပြင်ထား ... သမီးနဲ့လိုက်ဖက်မယ့် အဝတ်အစားတွေ မာမီရွေးပေးမယ်"

မာမီကတော့ သူမအတွက် ကြုံပြင်ဆင်နေသည်။

သူမ ...

စိတ်ညစ်နေမိ၏။

မာမီ လစ်တစ်နဲ့ မောင့်ဟန်းဖုန်းကို လှမ်းဆက်မိသည်။

"မောင် ... မာမီက ငယ့်ကို ကိုအောင်ကျော်နိုင်ဆိုတဲ့လူနဲ့ မိတ်ဆက်ပေးမလို့တဲ့ ... "

"ဟင် ... မောင်နဲ့ချစ်သူတွေ ဖြစ်နေပြီလို့ မပြောလိုက်ဘူးလား"

"ပြောတယ် ... ဒါပေမဲ့ ... မာမီက စောင့်ကြည့်ဦးမယ်တဲ့"

"ငယ် ... "

"ရှင် ... "

"မောင်တို့ တွေ့ကြရအောင်ကွာ"

"မနက်ဖြန်မှ တွေ့လို့ရမယ်မောင် ... ညနေက မေမေနဲ့ လိုက်သွားရမှာ ... "

"ဟာကွာ ... "

"မောင် ... ငယ်တို့နိုးစပ်ဖို့ လွယ်ပါ့မလား"

"မောင် ကြိုးစားပြမယ် ... ငယ့်မေမေရှေ့မှာ ငယ်မျက်နှာ





မပျက်စေရဘူး"

"မောင် ... "

"ဟုတ် ... "

"ငယ် မောင့်ကိုယုံပါတယ်"

"ဟိုလူနဲ့က ... ဟာကွာ ... မောင် သဝန်တိုလာပြီ၊ ငယ် သူနဲ့အရောတဝင် မနေနဲ့နော်"

"အင်းပါ ... မောင်ရဲ့ ... "

"ငယ် ... "

"ရှင် ... "

"ငယ့်ကို ... မောင်ဘယ်တော့မှ လက်လွှတ်မခံနိုင်ဘူး သိလား"

"ငယ်လည်း မောင့်လိုပါပဲ ... "

မာမီ့ခြေသံကြားသဖြင့် သူမ အလန့်တကြား ဖုန်းချပစ်လိုက်သည်။

"သမီး ... "

"ရှင် ... "

"ပြင်တော့လေ"

"ဟုတ် ... "

ကိုအောင်ကျော်နိုင်ဆိုတဲ့လူကို မတွေ့ချင်ဘဲ တွေ့ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူမျိုးလဲ ...

မာမီပြောတာတော့ အရမ်းချမ်းသာတယ်တဲ့။

သူမ ... စိတ်ရှုပ်ထွေးနေရသည်။

“သမီးရေ ... သွားရအောင် ...”

“ဟုတ်ကဲ့ ...”

သူမ အခန်းထဲကနေ ထွက်လာမိသည်။

“လှလိုက်တာ သမီးရယ် ...”

သမီးကို ကြည့်ရင်း ... ဒေါ်နန္ဒာ ချီးမွမ်းမဆုံး ဖြစ်နေမိ၏။

ဘာပဲဖြစ်ဖြစ် ...

မောင်အောင်ကျော်နိုင်လိုလူမျိုးနှင့် သမီးကို လက်ထပ်စေချင်မိသည်။

မြင့်မားတဲ့ ဘဝတစ်ခုကို သမီးလေးအတွက် စီစဉ်ပေးချင်နေမိ၏။

“သမီး ...”

“ရှင် ...”

“မောင်အောင်ကျော်နိုင်ကို လိုက်လိုက်လျောလျော ဆက်ဆံပါနော် ...”

“ဟုတ် ...”

“မောင်အောင်ကျော်နိုင်က လူကြီးလူကောင်းတစ်ယောက်





ပါ”

မေမေက ပြောပေမယ့် သူမ စိတ်မဝင်စားပါ။

“ပြီးတော့ ... ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင် ...”

သူမ ကြိတ်ပြီး ရယ်လိုက်မိသည်။

နှင်းဆီနိုင် မကလို့ နှင်းဆီပင်ကြီးပဲဖြစ်ဖြစ် ...

ဟက် ... ဟက် ...

သူမ ရင်ထဲမှာ မောင်ပဲရှိသည်။

မောင်ကလွဲလို့ ...

ကျန်တာ ...

ဖွဲနဲ့ဆန်ကွဲ ... ။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

အားပါး ...

အရမ်းခမ်းနားတဲ့ အခန်းအပြင်အဆင်ကိုကြည့်ပြီး သူမ အံ့သြ သွားမိသည်။

သူမကို ဧည့်ခံဖို့တဲ့ ...

ဖိတ်ဖိတ်တောက်နေတဲ့ အခန်းကျယ်ကြီးတစ်ခုကို ငှားပြီး ပြင်ဆင်ထားခဲ့သည်။

ဒီလို စားသောက်ဆိုင်မျိုးမှာ ရောမ အခန်းကြီးငှားပြီး သူမ တို့ကို ဧည့်ခံနိုင်တယ်ဆိုထဲက ...

သူမ ...

ရင်ထိတ်သွားရသည်။

မေမေ ...

အရမ်းကို အမှတ်တွေပေးနေတော့မှာ သေချာသည်။

မာမီက သူမကို ကြည့်၏။





အပြုံးတွေ ဝေနေသည်။

"ချစ်ကြိုးငယ်ကို ကြိုဆိုပါတယ်ဗျာ"

ကိုအောင်ကျော်နိုင်က ပြောတော့ သူမ မောင့်ကို ရုတ်တ ရက် သတိရမိသွားသည်။

ကိုအောင်ကျော်နိုင်က သူမထက် အသက်ကြီးသည်။

ရုပ်ရည်က အချောကြီးမဟုတ်ဘူးဆိုပေမယ့် သပ်ရပ်ခန့် ညားမှုကတော့ ရှိနေသည်။

"သမီး ..."

"ရှင် ..."

"ဒါက မောင်အောင်ကျော်နိုင်တဲ့ ..."

"ဟုတ်ကဲ့ ..."

မာမီက မိတ်ဆက်ပေးသည်။

ကိုကျော်နိုင့်အကြည့်တွေက သူမဆီကိုပဲ စူးစူးစိုက်စိုက် ရောက်နေသည်။

"ချစ်ကြိုးငယ်ကို ကိုယ်မြင်ဖူးပါတယ်"

"ရှင် ..."

"အရမ်းလှတဲ့ ကောင်မလေးဆိုတာ ကိုယ်အစောကြီးထဲက နားမဆန့်အောင် ကြားထားပြီးသားပါ"

သူက အစောကြီးထဲက သိနေတာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ကြိုးငယ်နဲ့ အခုလို မိတ်ဆွေဖြစ်ခွင့်ရတာ အရမ်းဝမ်းသာပျော်ရွှင်မိပါတယ်"

သူက ပြောသည်။

သူမကရော ...

မာမီက လက်တို့သည်။

သူမ ...

ဘာပြန်ပြောရမှန်းမသိ။

နှုတ်ခမ်းလေးတွေက လှုပ်ရှားလို့မရဘဲ စေ့ကပ်နေမိသည်။

မပြောချင်ပါဘူး ...

"ချစ်ကြိုးငယ် ... "

"ရှင် ... "

"စကားလေး ဘာလေး ပြောဦးလေ ... "

"ဘာပြောရမှန်း မသိလို့ပါ"

"ကိုယ်နဲ့တွေ့ရတာ ပျော်ပါတယ်တို့ ဘာတို့ပေါ့ ... "

မာမီ့ရှေ့မှာ သူမကို အဲလောက်ရဲတင်းစွာ ဆက်ဆံတာမျိုးကို သူမ လုံးဝသဘောမကျမိပေ။

ရှင်က ရှင့်ကိုရှင် အထင်ကြီးတတ်တဲ့သူမျိုးလား။

ရှင့်ကို သဘောမကျဘူး။

"ကျွန်မ ... ဝမ်းသာပါတယ် ... "





ချစ်ကြိုးငယ် ...

မင်းက အရမ်းချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ပဲ။

သူ ...

အရမ်းကို နှစ်သက်မြတ်နိုးမိသွားရသည်။

ဒေါ်နန္ဒာကို ခင်မင်ရင်းနှီးမှု ရယူခဲ့ရသည်။

သမီးအတွက် အကောင်းဆုံး သားမက်တစ်ယောက်ကိုရွေးချယ်နေသော ဒေါ်နန္ဒာက သူ့ခင်မင်မှုကို ဝမ်းသာအားရကြိုဆိုခဲ့သည်။

ချစ်ကြိုးငယ် ...

မင်းကိုရအောင် လက်ထပ်မယ် ...

သူမကို တွေ့လိုက်တော့ သူ့အသက်ရှူပင် မှားသွားမိ၏။

ဣန္ဒြေအပြည့်နှင့် သိက္ခာရှင်မလေး ...

အနှစ်သက်ဆုံးက ...

သူမ မျက်ဝန်းတွေပါပဲ။

ရိုးသားဖြူစင်မှန်း သိသာနေသည်။

ချစ်ကြိုးငယ် ...

မင်းကို ကိုယ်ရွေးချယ်လိုက်ပြီ။

"ချစ်ကြိုးငယ်"

"ရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကြိုက်တတ်တာတွေ ကိုယ်မှာထားပြီးပြီ"

"ရှင် ..."

"ငါးခေါင်းဟင်းချိုကွာ ... ပြီးတော့ ကြက်သားပေါင်းလေ"

"ဟင် ..."

သူမ ကြိုက်တတ်တဲ့ အစားအစာတွေကို ကြိုသိနေတဲ့ ကိုအောင်ကျော်နိုင်ကို သူမ ထူးဆန်းသလို ကြည့်နေမိသည်။

"မောင်အောင်ကျော်နိုင်က သမီးကြိုက်တတ်တာတွေ ကြိုလေ့လာထားတာပဲ ... ဟင်း ဟင်း ..."

သူမ လန့်နေမိသည်။

မောင်နဲ့အကြောင်းတွေရော သိနေမလား။

မာမီလည်း နည်းနည်းတော့ စိတ်မလုံမလဲဖြစ်နေပုံရသည်။

သူမအကြောင်းတွေကို အသေးစိတ်လိုက်ပြီး လေ့လာနေပုံရ၏။

လှုပ်တောင် မလှုပ်ရဲတော့။

"ကိုယ် ... ချစ်ကြိုးငယ်ကို စတွေ့ထဲက စိတ်ဝင်တစားနဲ့ လိုက်ပြီး လေ့လာထားမိလို့ပါ"

ချစ်ကြိုးငယ် ...

မင်းမှာ ချစ်သူရှိတယ်ဆိုတာလည်း ကိုယ်သိထားပြီးပြီ။

ဒါပေမဲ့ ...

ကိုယ် မပြောတော့ပါဘူး။





ကိုယ်နဲ့မင်းနဲ့ ဘာမှမသက်ဆိုင်သေးတော့ အသာငြိမ်နေတာ အကောင်းဆုံးပဲ။

မင်းရဲ့ချစ်သူ မြတ်သောမောင်ကို မင်းတစ်နေ့ စွန့်လွှတ်ရမယ်။

"သုံးဆောင်ကြပါဦး ... အန်တီနဲ့ ကြိုက်တဲ့ အစားအစာတွေလည်း မှာထားပြီးသားပါ"

"ဟင် ..."

မာမီလည်း အံ့သြသွားသည်။

ဒီလူ တော်တော်နှံ့စပ်တာပဲ။

အလုပ်လုပ်တာ တိကျသေချာစွာ အချိန်ယူပြင်ဆင်လုပ်ဆောင်တတ်မဲ့ ယောကျ်ားတစ်ယောက်ပဲ။

"သုံးဆောင်ကြပါ"

သူမ ...

စားမဝင် ...

မောင့်ကို သတိရမိနေသည်။

ကိုအောင်ကျော်နိုင်လောက် မောင်စွမ်းဆောင်နိုင်ပါ့မလား။

အပြန်ကျတော့ မာမီက ပြောလို့မဆုံးတော့။

"သမီး ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်ကျော်နိုင်က အရမ်းကို အလိုက်သိတတ်ပြီး သမီးကိုလည်း ချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်ပဲနော်"

မာမီက ချီးမွမ်းနေသည်။

သူမ မပျော်နိုင်။

"မာမီ ..."

"ဟင် ..."

"သမီးက အိမ်မှုကိစ္စတွေလည်း ဘာမှမတတ်ဘူး ... သူနဲ့ လိုက်ဖက်အောင် နေနိုင်မှာမဟုတ်ဘူး"

"မောင်အောင်ကျော်နိုင်က တကယ့်သူဌေးတစ်ယောက်၊ သမီးလေး စည်းစိမ်အပြည့်နဲ့ နေရမှာပဲဟာ ... မာမီကတော့ မောင်အောင်ကျော်နိုင်ကိုပဲ ရွေးချယ်မှာပဲနော်"

သူမ အိပ်ခန်းထဲ ဝင်လာခဲ့သည်။

မောင့်ကို ပြောရမည်။

မာမီစိတ်တိုင်းကျဖို့ မောင်အစွမ်းကုန် ကြိုးစားမှရမှာပါ။

အခန်းထဲရောက်တော့ မောင့်ဆီ ဖုန်းဆက်လိုက်၏။

"ဟဲလို ..."

တစ်ဖက်က ထူးလိုက်တဲ့အသံကြောင့် သူမ လန့်သွားရသည်။

မိန်းကလေးအသံ ...





မောင့် ဟန်းဖုန်းက ဘယ်လိုလုပ်ပြီး မိန်းကလေး တစ်ယောက်လက်ထဲ ရောက်နေရတာလဲ။

"မြတ်သောမောင်နဲ့ ပြောချင်လို့ပါရှင် ..."

"မင်းက ဘယ်သူလဲ ..."

မမ အသံတွေက တင်းမာစက်ထန်ပြီး ဒေါသသံတွေ စွက်နေသည်။

"ဟေ့ ... မင်းဘယ်သူလဲလို့ မေးနေတယ်လေ"

"ချစ်ကြိုးငယ်ပါ ..."

"မောင် မရှိဘူး"

"ရှင် ..."

မောင့်ဟန်းဖုန်းကို တစ်နေရာထားပြီး လူကဘယ်ကိုရောက်နေတာလဲ။

မောင့်မမပဲ ဖြစ်ရမည်။

မောင့်ဆီ သူမ ဖုန်းဆက်တာကို သဘောကျပုံမပေါ်။

"ချစ်ကြိုးငယ် ... မင်းတို့အရွယ်က ပညာသင်နေတဲ့အရွယ်၊ စာပဲကြိုးစားပါ ..."

"ရှင် ..."

ဖုန်းချသွားသည်။

"ဟင် ..."

ဘယ်လိုမမလဲ ...



www.burmeseclassic.com

www.burmeseclassic.com



တော်ပြီ ...

မဆက်တော့ဘူး။

"တီ ... တီ ..."

သူမ ဖုန်းရဲ့ ရင်းတုန်းလေး မြည်လာသည်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားလိုက်မိ၏။

မောင့်ဆီက ဖုန်း ...

"ဟဲလို ..."

"ငယ် ..."

"ပြော ..."

"မောင့်ကို စိတ်ကောက်နေတာလား ... စောစောက ငယ် ဖုန်းဆက်တယ် ဟုတ် ..."

"ဟုတ်တယ် ... မောင့်မမလေ ... ငယ့်ကို အလွတ်တွေ ဟောက်သွားတယ်"

"မမက ဒီလိုပဲ ... မောင့်အတွက် အရမ်းစိတ်ပူလို့နေမှာပါ"

"မောင် ..."

"ဟင် ..."

"ငယ် ... မောင့်ကို ပြောစရာတွေ အများကြီးပဲ ..."

"ပြောလေ ငယ် ..."

"တွေ့မှပြောတော့မယ် ... ဒီနေ့ မောင့်ကို အရမ်းသတိရ





နေလို့ပါ"

"ငယ် ..."

"ဟင် ..."

"မမနဲ့ပတ်သက်ပြီး ခေါင်းထဲမှာ ဘာမှထည့်စဉ်းစားမနေနဲ့နော် ... မောင်နဲ့ငယ်ရဲ့ အနာဂတ်ကိုပဲ စဉ်းစားကြမယ်"

တကယ်တော့ ...

ဖုန်းက မမ ခဏယူထားတာပါ။

ငယ် ဖုန်းဆက်တော့ ဖုန်းက မမရဲ့လက်ထဲမှာ။

ဖုန်းမြည်သံခွဲထားတာမို့ ငယ့်ဖုန်းမှန်း မောင်သိလိုက်သည်။

မောင် လှမ်းယူပေမယ့် မမက မပေး။

မမ ... ငယ့်ကိုပြောနေတာ သိနေပေမယ့် မောင် ဘာမှ မတတ်နိုင်ဘဲ ကြည့်နေခဲ့ရသည်။

အခုမှ ဖုန်းပြန်ဆက်ရတာပါ။

ဒါတောင် ... အိမ်သာထဲက ဆက်ရတာ။

မမက ဘေးကမခွာလို့ အိမ်သာထဲ ဝင်လာခဲ့လိုက်ရတာ ဖြစ်သည်။

"မာမီက အဲဒီလူကို အရမ်းသဘောကျနေတယ် မောင် ... သူက အရမ်းလည်း ချမ်းသာတယ်"

ကိုအောင်ကျော်နိုင်ဆိုတဲ့လူရဲ့ အပြုအမူတွေကို ငယ်က



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေသည်။

မောင် စိတ်ပူလာရ၏။

ငယ် ...

အဲဒီလူကို အထင်များကြီးနေပြီလား။

"မောင် ..."

"ဟင် ..."

"မောင် ကြိုးစားနော် ... ဘာပဲဖြစ်ဖြစ် ငယ်က မာမီ သဘောကျတဲ့သူကိုပဲ လက်ထပ်ရမှာ"

"စိတ်ချ ... မောင် ငယ့်ကို ဘယ်နည်းနဲ့မှ လက်လွှတ်မခံဘူး"

"ငယ် ... မောင့်ကို ယုံပါတယ် ..."

"ငယ် ..."

"ရှင် ..."

"မောင့်ကိုချစ်လား"

"ချစ်တယ် ..."

သူမဘက်က မတွန့်မဆုတ်ဘဲ ပြန်ဖြေ၍ မောင် သဘောကျသွားမိသည်။

"မောင်တို့နှစ်ယောက်ရဲ့ အနာဂတ်ကို အချစ်တွေနဲ့တည်ဆောက်ကြမယ်နော် ..."





"မောင်နဲ့ငယ်က ထပ်တူပါပဲ ..."

သူမ ကျေနပ်သွားရသည်။

အချစ်နဲ့ပဲ ဘဝကို တည်ဆောက်ချင်မိ၏။

မောင် ဖုန်းချသွားသည်။

"သမီးရေ ..."

"ဟင် ..."

မာမီ့အသံ ...

သူမ အခန်းတံခါးကို ကပျာကယာ ထဖွင့်ပေးလိုက်သည်။

"မာမီ ..."

"အင်း ... မာမီအိပ်မရလို့ ..."

"ရှင် ..."

"သမီးအိမ်ထောင်ရေးအတွက် မာမီ စိတ်အေးသင့်ပြီ ... မောင်အောင်ကျော်နိုင်ကိုပဲ ရွေးချယ်လိုက်ပါနော်"

"သမီးကတော့ ကြီးကျယ်ခမ်းနားတဲ့ ယောကျ်ားတစ်ယောက်ရဲ့မိန်းမဘဝကို မခံယူချင်ဘူး"

"ဘာဖြစ်လို့လဲ သမီး ... မာမီကိုကြည့်စမ်း ... ဘယ်လောက်တင့်တယ်လဲ ..."

"သူ့အပေါ်မှာ သမီးတာဝန်ကျေမယ်လို့ မထင်ဘူး"

"သမီး ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်ကျော်နိုင်ကို မာမီရွေးချယ်မယ်"

"မောင်က ..."

"မြတ်သောမောင်ကို အထင်မကြီးစမ်းပါနဲ့"

"မောင်က ကြိုးစားမှာပါ ..."

"သူကြိုးစားလို့ အောင်မြင်မယ်ဆိုတာ မသေချာသေးဘူး လေ ... အဲဒါကို မရေမရာ မျှော်လင့်ဦးမလို့လား"

ဒေါ်နန္ဒာကတော့ သမီးကို ဂရုစိုက်လွန်းတဲ့ မောင်အောင် ကျော်နိုင်ကိုပဲ သဘောကျနေမိသည်။

မိမိဘဝ ...

ဘယ်လောက်တင့်တယ်ခဲ့လဲ။

ခမ်းနားစွာ နေရတဲ့ဘဝကို ပိုင်ဆိုင်ချင်ခဲ့သည်။

တစ်ခုပဲ ...

သူမရဲ့ယောက်ျားက ဂရုတစိုက်ပြုစုတတ်တာကိုတော့ သဘောကျတတ်၏။

သူမက လိုလေသေးမရှိ ပြုစုခဲ့ရသည်။

"မောင်အောင်ကျော်နိုင်ကိုပဲ သမီးရွေးချယ်ရမယ်"

ချစ်ကြိုးငယ် ...

တစ်ခါမှ မာမီ့ကို မဆန့်ကျင်ဘူးခဲ့။

ဒါပေမဲ့ ... မောင်ကလည်း ချမ်းသာတဲ့မိဘတွေက မွေးဖွား လာတာပါ။





ကိုအောင်ကျော်နိုင်ကို မာမီ အထင်ကြီးတာပဲရှိသည်။

"သမီးကို မောင်အောင်ကျော်နိုင် နှစ်သက်မြတ်နိုးတာ မာမီ အရမ်းကျေနပ်မိတယ်"

မာမီ့မျက်ဝန်းတွေ ...

ပီတိတွေနှင့် ပြုံးချိုနေ၏။

သူမ ... စိတ်ညစ်နေမိသည်။

မောင့်ကို ကြိုးစားခိုင်းရမည်။

မာမီ့စိတ်တိုင်းကျဖြစ်အောင် အစွမ်းအစပြစေရမည်။

"သမီး ..."

"ရှင် ... မာမီ ..."

"မောင်အောင်ကျော်နိုင်ကိုပဲ သမီးလက်ထပ်ရမယ်"

သူမတစ်ယောက်ထဲ မကျေမနပ်နှင့် ကျန်ရစ်ခဲ့တော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

"မောင် ..."

"ဗျာ ..."

"ဟိုကောင်မလေးနဲ့ ခုထိ ပတ်သက်နေတုန်းပဲလား"

မမကြောင့် ခက်နေရသည်။

ငယ် ဖုန်းဆက်တုန်းက မမနှင့်တွေ့သွားပြီး မာမာထန်ထန် ပြောဆိုလိုက်၏။

"မမ ..."

"ဘာလဲ ..."

"ငယ့်ကို မောင်ချစ်တယ် ..."

"ဘာ ..."

မမ ...

ဘာဖြစ်နေတာလဲ ...





ငယ့်နာမည်ကြားတိုင်း ဒေါသတကြီးနှင့် မာကြောနေတတ်သည်။

"ချစ်ကြိုးငယ်ကို ချစ်တဲ့ ယောကျ်ားတွေ အများကြီးပဲ"

"အဲဒါ ... ဘာဖြစ်လဲ ..."

"သူ့ကို ချစ်သူအဖြစ် ပိုင်ဆိုင်ဖို့ အရမ်းခက်တယ်"

"ဘာ ..."

"အခုဆို စီးပွားရေးလုပ်ငန်းမှာ အရမ်းအောင်မြင်နေတဲ့ ကိုအောင်ကျော်နိုင်ဆိုတဲ့ သူတစ်ယောက်က ချစ်ကြိုးငယ်ကို ပိုင်ဆိုင်ဖို့ ကြိုးစားနေတယ် ..."

"ကောင်းတာပေါ့ ... သူ့အတွက် အကောင်းဆုံးသူကို ရွေးချယ်ဖို့ ရသွားတာပေါ့"

"ချစ်ကြိုးငယ်က မောင့်ကိုပဲချစ်တာ ... ပြီးတော့ မောင့်ကို ကြိုးစားဖို့ အမြဲတွန်းအားပေးနေတာ ... အဲဒါ မကောင်းဘူးလား မမရာ ..."

မမ လက်မခံနိုင်ဘူး။

လုံးဝ လက်မခံနိုင်ပါဘူး။

မမရဲ့ မျှော်လင့်ချက်က မောင်ပဲ ...

မမ ငယ်စဉ်လေးထဲက သံယောဇဉ်ကြီးမားခဲ့ရတဲ့ မောင်ပါ။

"မောင် ..."

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့နှစ်ယောက်က ချစ်သူတွေဖြစ်နေကြပြီလား"

"အင်း ..."

"တကယ်ပဲလား မောင် ..."

"ဟုတ်တယ် မမ ..."

မမ ...

အထိတ်တလန့် ဖြစ်သွားရသည်။

မောင်ရယ် ...

ရက်စက်လိုက်တာ ...

မမအပေါ် မောင် နည်းနည်းလေးမှ တောင် ညှာတာထောက်ထားမှု မရှိပါလား။

မျက်ရည်တွေ ပြည့်လာရသည်။

တဆတ်ဆတ် တုန်ရီလာတော့မယ့် နှုတ်ခမ်းသားလေးတွေကို အချိန်မီ သွားလေးများဖြင့် ဖိကိုက်ထားလိုက်ရသည်။

"မမက စာကြိုးစားစေချင်တာ ... မင်းက ချစ်သူတွေ ဘာတွေ ထားနေပြီလား"

အစ်မတစ်ယောက်ရဲ့ လေသံမျိုးကနေ ပိုပြီး အမှုအရာဖျက်ယွင်းသွားမှာကို မမအကြောက်ဆုံးပင်။

ဂုဏ်သိက္ခာဆိုတာက ရှိသေးသည်။

မိန်းကလေးက စရမယ်ဆိုတာကိုလည်း မမက လက်မခံနိုင်။





မောင် ...

တကယ်ဆို မောင်သိဖို့ ကောင်းပါတယ်။

မမရဲ့ သံယောဇဉ်တွေကို မောင်ဘာလို့ အသိအမှတ်မပြုရတာလဲ။

မမရင်ထဲမှာ နာကျင်နေမိသည်။

ချစ်ကြိုးငယ် ...

နင့်မှာ ဒီလောက်လူတွေ အများကြီးရှိနေတဲ့ကြားထဲက မောင့်ကိုမှ ရွေးရလား။

မမ ...

ရင်ထဲမှာ မကျေမနပ် ဖြစ်နေမိသည်။

"မမ ..."

"ဟင် ..."

"မောင့်ဘဝကို မမက အောင်မြင်တိုးတက်စေချင်တာ မဟုတ်လား"

"အဲဒါကြောင့် မင်းချစ်သူထားတာကို မမ တားဆီးပိတ်ပင်နေရတာပေါ့ မောင် ..."

"ဘာမှမပူနဲ့ မမ ..."

"ဘာကိုလဲ ..."

"ငယ့်ကိုပိုင်ဆိုင်ဖို့ မောင် ဒီထက်ပိုအောင်မြင်အောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားမှဖြစ်တော့မှာ ... မောင့်ဘက်က ကြိုးစားပြနိုင်မှ သူနဲ့လက်ထပ်ခွင့်ရမှာလေ ... "

မောင့်ကို ဘယ်လိုရှင်းပြရပါ့မလဲ။

မမရင်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ မောင်သိမှသိရဲ့လား။

ဒုက္ခပါပဲ ...

မောင် ...

မင်းကို မမ လုံးဝမစွန့်လွှတ်နိုင်ဘူး။

"ဘာပဲဖြစ်ဖြစ် ... မောင့်ရည်းစားမထားရဘူး၊ မမ ဘယ်မိန်းကလေးကိုမှ မယုံတာ ... မောင် အဲဒီလို ကောင်မလေးတွေနဲ့ ရှုပ်ယှက်ခတ်နေမှတော့ ဘယ်လိုအောင်မြင်မှုတွေ ရမလဲ"

မမကတော့ ...

မောင် ချစ်သူထားမှာကို တားဆီးရမှာပဲ။

"မင်းချစ်သူထားတဲ့ကိစ္စကို ရပ်ပစ်ပါ ... "

"မမ ... "

"မမ စကားကို နားမထောင်ရင် မောင့်မေမေဆီ ဖုန်းဆက်တိုင်တော့မှာနော်"

"မေမေက ငယ့်ကိုတွေ့သွားရင်တောင် အရမ်းချစ်သွားပြီး ချွေးမတော်ပစ်လိုက်မှာ"





"ဟင် ... "

မောင့်မေမေက မောင့်သဘောပဲဆိုတာ သူမသိထားသည်။

ကယ်မည့်သူ ဝေးသွားပြီပဲ။

မမ ...

အံသွားလေးတွေကို တင်းကျပ်စွာဖြင့် ဖိကိုက်ထားမိသည်။

ချစ်ကြိုးငယ်ဆိုတဲ့ ကောင်မလေးကို ဘယ်လိုတားဆီးရမလဲ။

"ကိုအောင်ကျော်နိုင်လို လူတစ်ယောက်က လက်ထပ်ခွင့်တောင်းတာတောင် ငယ်ကငြင်းပယ်ထားတာ ... မောင့်ကို ဘယ်လောက်ချစ်လဲဆိုတာ သက်သေပြတာလေ"

"တော်စမ်း ... "

"မမ ... "

"ဘာလဲ ... "

"ယောင်းမ ချောချောလေး ရတာပေါ့ဗျာ ... "

မမရဲ့ သံယောဇဉ်တွေကို မင်းဥပေက္ခာပြုတော့မှာလား မောင် ...

အဲဒီလောက်အထိ မမအပေါ် မရက်စက်သင့်ပါဘူး။

မောင့်အတွေးတွေက အဝေးသို့ ပျံ့လွင့်နေကြောင်း မမ သိလိုက်သည်။

မမကို အနားထားပြီး အကြည့်တွေက အဝေးသို့ရောက်နေ

www.burmeseclassic.com



၏။

ချစ်ကြိုးငယ် အကြောင်း တွေးနေတာလား။

အတွေးထဲမှာ ချစ်ကြိုးငယ် ရှိနေတာတောင် မမလက်မခံနိုင်အောင် ဖြစ်နေမိသည်။

"မောင် ..."

"ဟင် ..."

"ထ ..."

"ဘာလုပ်မလို့လဲ မမ ..."

"မမနဲ့ ဈေးဝယ်လိုက်ခဲ့ ..."

"ဟာဗျာ ..."

အရင်ကတော့ ...

မမဈေးခြင်းတောင်းဆွဲပြီး မောင် ဈေးဝယ်လိုက်ပေးတတ်သည်။

နောက်ပိုင်း ...

ကျောင်းစာတွေကြောင့် မမပင် ဈေးဝယ်တဲ့အလုပ်မလုပ်တော့။

"မောင် ... ထလေ ..."

"မောင် စာကျက်ရဦးမယ် ... မလိုက်တော့ဘူး မမ"

"လိုက်ခဲ့ပါ မောင်ရာ ... တစ်ခါတလေ အပျင်းပြေပေါ့"

မင်း ...





ဟိုကောင်မလေးအကြောင်း စဉ်းစားနေမှာ မဟုတ်လားမောင်။

မမ သိတယ် ...

"ထ ..."

မောင်က မလှုပ်။

"မမ တစ်ယောက်ထဲပျင်းလို့ပါ မောင်ရယ်နော် ... လိုက်ခဲ့ပါ ... လာပါကွာ ..."

မောင့်ကို အတင်းခေါ်ရသည်။

မောင့်မျက်နှာက အောက်သိုးသိုးနှင့် အလိုမကျသလို ဖြစ်နေ၏။

မမကတော့ မမအနားမှာ မောင်ရှိနေဖို့ပဲ လိုအပ်နေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"မမ ... "

"ရှင် ... မေမေ ... "

"မနက်ဖြန် ... မမီးလာမယ် ... မေမေ့ဆီ ဖုန်းဆက်တယ်"

မမ ဝမ်းသာသွားမိသည်။

အန်တီမီး ရောက်လာတာနဲ့ အတော်ပဲ။

မောင့်အကြောင်းတွေကို ပြောပြပြီး တားဆီးသင့်တာကို တားဆီးရမည်ဖြစ်သည်။

ပြီးတော့ ...

မေမေနှင့် အန်တီမီးတို့ ဆုံကြတုန်း မမနှင့်မောင့်ကိစ္စ ဆွေးနွေးစေချင်သည်။

"မမ ... "

"ရှင် ... "





"သမီးကို မေမေ ပြောစရာရှိတယ်"

"ပြောပါ မေမေ ... "

"အခုတလော ... မေမေ့ကျန်းမာရေး သိပ်မကောင်းဘူး"

မေမေ ... မောမောနေတာ မကြာခဏ တွေ့ရတာတ်၏။ ဆေးခန်းလည်း ပြရသည်။

"သမီးလည်း ကျောင်းပြီးတော့မယ်နော် ... "

"ဟုတ် ... "

"သမီးကို အိမ်ထောင်ချပေးချင်တယ်"

"ဘယ်သူနဲ့လဲ မေမေ ... "

"မေမေ့သူငယ်ချင်းရဲ့သားနဲ့ပဲ ... "

သမီး မျှော်လင့်ထားတာက မောင်နဲ့ပဲ မဟုတ်လား သူမ သိနေသည်။

မဖြစ်ဘူး ...

မောင်က ငယ်တယ်။

မမကိုလည်း စိတ်ဝင်စားမှုရှိတာမဟုတ်။

သူမကတော့ မိခင်တစ်ယောက်အနေနဲ့ စီမံသင့်တာကို စီမံရမည်။

မမနောင်ရေးအတွက်ပါပဲ။

မောင့်လို ငယ်ရွယ်ပြီး ကောင်မလေးတွေနဲ့ ဒွေးရောယှက်တင် နေထိုင်တတ်တဲ့ ကောင်လေးမျိုးနဲ့တော့ မနီးစပ်စေချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဇာနည်တဲ့သမီး ... သမီးထက် အသက်လည်းကြီးတယ်၊ အလုပ်အကိုင်လည်း ကောင်းတယ် ... ချမ်းလည်း ချမ်းသာတယ် ..."

"မေမေ ..."

"မမ ... သမီးအတွက် မေမေ စီမံပေးရလိမ့်မယ်၊ သမီး လက်ခံပါ ..."

မေမေက မောင်နှင့်လုံးဝ သဘောမတူတာ။ မောင်က မမထက် အသက်အရွယ်ငယ်နေလို့ပဲ ဖြစ်သည်။

"မေမေ့မှာ နှလုံးရောဂါရှိတယ်"

"ဟင် ..."

"မမအတွက် မေမေ အရမ်းစိတ်ညစ်တယ် ... တကယ်လို့ မေမေ တစ်ခုခုဖြစ်သွားရင် ..."

"မေမေ ဘာမှမဖြစ်နိုင်ပါဘူး ... မမကလည်း အိမ်ထောင်မပြုချင်သေးပါဘူး ... ဒါတွေ မစီစဉ်ပါနဲ့ဦး ..."

"မရဘူး ..."

"မေမေ ..."

"သမီးနဲ့ မောင်ဇာနည်နဲ့တွေ့ဖို့ မေမေ စီစဉ်ထားပြီးပြီ"

သမီးအတွက် အသင့်တော်ဆုံးမို့ပါ။

"မေမေက မိန်းကလေးရှင်ဆိုတော့ ကိုယ့်ရဲ့သမီးလေး အနာဂတ်အတွက် စီမံခန့်ခွဲတာ မမှားပါဘူး"





မောင့်ကို သမီး ခွဲလမ်းနေပြီ။

မရရအောင် ဖြတ်တောက်ပစ်ရမည်။

"မေမေ့ဆန္ဒကို လိုက်လျောပါ ... နာခံပါ ... မေမေ စိတ်ထိခိုက်အောင် မလုပ်ပါနဲ့ မမရယ် ..."

မမ ခံစားချက်တွေကို မေမေ ဘာလို့ နားလည်မပေးရတာလဲ။

မမ ...

ငိုချင်နေမိသည်။

မောင့်ကို မမ ချစ်နေတယ်ဆိုတာ မေမေ ရိပ်မိပုံပင်။

မေမေ ...

မမဘက်က မစဉ်းစားတော့ဘူးလား။

"မမ ..."

"ရှင် ..."

"သမီးဖြစ်ချင်တာကိုပဲ အသေဆုပ်ကိုင်ထားလို့ မဖြစ်သေးဘူးနော် ... မဖြစ်နိုင်တာဆိုတဲ့ အချက်ကိုလည်းထည့်ပြီး စဉ်းစားရလိမ့်မယ်"

မေမေဆိုလိုချင်တဲ့ သဘောထားကို မမသိနေသည်။

မောင့်အပေါ် ...

မျှော်လင့်ချက်တွေ မထားဖို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဇာနည်ကိုပဲ သမီးစဉ်းစားပါ ... သမီးအတွက် အသင့်တော်ဆုံး ရွေးချယ်မှုပါကွယ်"

မေမေ ...

စကားပြောရင်း မောလာလို့ အနားယူလိုက်ဦးမည်တဲ့။

မမ ...

ထထွက်လာခဲ့သည်။

မေမေက မောင်နှင့်သူမကို သဘောမတူ။

မမ ...

ရင်ထဲမှာနာကျင်နေသည်။

မောင်က မမကို စိတ်မဝင်စားပေ။

ချစ်ကြိုးငယ်ဆိုတဲ့ ကောင်မလေးကိုပဲ စွဲလမ်းနှစ်သက်နေသည်။

ကိုဇာနည်တဲ့ ...

ဘယ်လိုလူလဲ ...

ဟာ ...

မမ စိတ်မဝင်စားပါဘူး ...

ချစ်ကြိုးငယ်လက်ထဲကို မောင် ဘယ်တော့မှ မရောက်စေရဘူး။

မောင်နဲ့အတူ ဈေးဝယ်လာတဲ့ ဟင်းချက်စရာတွေကို





ထမင်းချက်လက်ထဲ လွှဲပေးလိုက်သည်။

"မမ ..."

"ဟင် ..."

"ကိုယ်တိုင် မချက်တော့ဘူးလား"

"ဟင့်အင်း ..."

အရင်က ...

မောင်စားဖို့အတွက် မောင်ကြိုက်တဲ့ဟင်းတွေကို ကိုယ်တိုင်ချက်ပြုတ်နေကျ။

"မမ ... ကျောင်းသွားရဦးမယ်"

"အင်း ... မမလို မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ရမယ့်ယောကျ်ားကတော့ အရမ်းကံကောင်းမှာပဲနော်"

မမ ...

အိမ်ရှေ့ဘက်ကို ထွက်လာခဲ့သည်။

မောင် ...

ကျောင်းသွားပြီ။

ချစ်ကြိုးငယ်နဲ့ တွေ့နေမှာပဲ။

မမ ...

ဘယ်လိုတားဆီးရမလဲ။

မနက်ဖြန် ...

မောင့်မေမေ ရောက်လာတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း ... နာပြီသာမှတ်။

အန်တီမီးက မမကို သမီးအရင်းလေးတစ်ယောက်လို သဘောထားတာ ...

မမပြင်ဆင်ရတာပင် စိတ်မပါ။

ကျောင်းရောက်တော့ မမကို လူတစ်ယောက်လာရှာသည် တဲ့။

ကားအကောင်းစားကြီးနှင့် လူတစ်ယောက် ...

မမ အံ့အားသင့်နေမိသည်။

"ရင်ခုန်သံ ဆိုတာလား ... "

မမ ...

သူ့ကို မသိ။

အံ့အားသင့်စွာဖြင့် သူ့ကို ကြောင်ကြည့်နေမိသည်။

"ရှင်က ... "

"ကိုယ်က ဇာနည်ကျော်ပါ ... "

"ဟင် ... "

မေမေ ပြောထားတဲ့လူပဲ။

နောက်မှ တွေ့ပေးမည်ဟု မေမေပြောထားတာပဲ။

"ရင်ခုန်သံ ... "

"ရှင် ... "

"မင်းနာမည်ကို ကိုယ် အန်တီသီတာ့ဆီက သိထားတာ





ပြီးတော့ ... မင်းဓာတ်ပုံလည်း ကိုယ့်ဆီမှာလည်းရှိတယ်"

"ရှင် ... "

သူ ...

ဇာနည်ဆိုတဲ့သူ

သန့်ခန့်ပြီး ချောမောတဲ့ လူတစ်ယောက်။

ချစ်ကြိုးငယ်ရဲ့ ကိုအောင်ကျော်နိုင်ဆိုတဲ့လူအကြောင်း မောင်က ပြောပြခဲ့သည်။

မမကရော ...

ချစ်ကြိုးငယ်လို တခမ်းတနား မကြို့ဆိုခဲ့ပေမယ့် နှစ်လိုဖွယ် အပြုံးတွေနှင့် မမကို နူးညံ့နွေးထွေးစွာ မိတ်ဆက်လာသည်။

သူက ...

မိန်းကလေးတွေကို ညို့ယူဖမ်းစားနိုင်သော ယောကျ်ား တစ်ယောက်ပဲ ဖြစ်၏။

ဒါပေမဲ့ ...

ချစ်ကြိုးငယ်လိုပဲ ...

မမ သူ့ကို စိတ်မဝင်စားပါဘူး။

ရင်ခုန်လှုပ်ရှားမှုလေးတစ်ခုတလေတောင် ဖြစ်မလာခဲ့တာ အမှန်ပင်။

"ရင်ခုန်သံ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ကိုယ့်နာမည်ကိုတော့ ရင်ခုန်သံကြားဖူးထားပြီးသားပဲ ဖြစ်မှာပါနော်"

"ဟုတ်ကဲ့ ... မေမေ ပြောထားပါတယ်"

ချောမောသန့်ရှင်းတဲ့ ကိုဇာနည်နဲ့ စကားပြောရတာတောင် မမ စိတ်မဝင်စား။

"ကိုယ် ကျောင်းထဲကို ကိစ္စတစ်ခုရှိလို့လာရင်းက ရင်ခုန်သံကိုရှာကြည့်မိတာပါ ... နာမည်လေးကြားထဲက ကိုယ်အရမ်းတွေ့ချင်နေခဲ့တာ"

"ဟုတ်လား"

"ဟုတ်တယ် ... ရင်ခုန်သံ ... ရင်ခုန်သံက အပြင်မှာပိုလှနေတယ် သိလား"

"ကျွန်မ အတန်းတက်ရဦးမယ်"

"ဩော်"

"စာမေးပွဲနီးနေလို့ပါ ... သွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့"

မမ ...

သူ့ကိုထားပြီး ထွက်လာခဲ့သည်။

မေမေ သိရင် ဘာပြောမလဲ။

ပြောလည်း မတတ်နိုင်ဘူး။





ကိုဇာနည်ဆိုတဲ့လူကို မမ ဘယ်တော့မှ စိတ်ဝင်စားလာမှာ မဟုတ်တာ အမှန်ပင် ဖြစ်သည်။

"ရင်ခုန်သံ ..."

"ဟင် ..."

"သူက ... နင်နဲ့ ဘယ်လိုပတ်သက်နေတာလဲ"

"မေမေ့မိတ်ဆွေရဲ့ သားပါ ..."

"နင်နဲ့က ..."

"မေမေကတော့ သဘောတူထားတာတဲ့"

"ဟာ ... မိုက်တယ်ကွာ"

"မမိုက်ပါဘူး"

"ဘာလို့ ဒီလောက်ချောမောသန့်ညားတဲ့သူကို ..."

"ငါ့မှာချစ်ရတဲ့သူ ရှိတယ်"

"ဟင် ... ဘယ်သူလဲ ..."

"နောက်မှ ပြောပြမယ်"

မမရင်ထဲမှာ မောင်ရှိတာကို ဖွင့်ပြောရခက်နေသည်။

သူငယ်ချင်းတွေ ဘာပြောကြမလဲ။

မောင်က ရုပ်ရည်ချောမောတာကလွဲလို့ အစွမ်းအစသိပ်ရှိတဲ့သူမဟုတ်။

မမ ...

မောင့်အကြောင်းကိုပဲ တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင် ...

ချစ်ကြိုးငယ်နဲ့တွေ့နေမှာ သေချာသည်။

မမ ဘယ်လိုတားဆီးရမလဲ။

မောင့်မှာ ကားပါတာပဲ။

ကျောင်းကနေ သွားချင်တဲ့နေရာကို အလွယ်တကူသွားလို့ ရနေတာပဲ။

မမ ရင်ထဲမှာပူလာရသည်။

မဖြစ်သေးပါဘူး ...

ညနေတော့ မောင့်ဆီ လိုက်သွားမှပါပဲ။

မိန်းကလေး ဣန္ဒြေ ထိခိုက်တယ်ဆိုပေမယ့် မတတ်နိုင်ဘူး။

မောင့်ဆီတော့သွားကိုသွားရမယ်။

ချစ်ကြိုးငယ်ရှေ့မှာ မောင့်ကိုရအောင် ခေါ်လာပြရမယ်။

ချစ်ကြိုးငယ် ...

မမဆိုတာ နင့်ကိုယှဉ်နိုင်တဲ့လူတစ်ယောက်ဆိုတာ နင် သိလာစေရမယ်။

"ရင်ခုန်သံ"

"ဟင် ... "

"နင့်လူ မပြန်သေးဘူး"

"ဟင် ... "

မမ အတန်းရှေ့ထွက်ကြည့်လိုက်တော့ သူ့ကားလေး ရပ်





ထားတာကို တွေ့ရသည်။

ဟုတ်မှဟုတ်ရဲ့လား ...

ကိုဇာနည်ဆိုတဲ့သူ မပြန်သေးဘဲ ဘာလုပ်နေတာလဲ။

ကားကိုမှီပြီး ရပ်နေသည်။

"အဲဒီလူ ... ကားကိုမှီပြီးရပ်နေလိုက် ... ကားထဲဝင်ထိုင်လိုက် ... လှုပ်နေတာ တော်တော်ကြာပြီ"

ဘုရားရေ ...

အတန်းတက်နေတာ နှစ်ချိန်ဆက်။

ဒီလူ မပြန်သေးပါလား။

စိတ်ညစ်လိုက်တာ။

"ဒုက္ခပါပဲဟာ ... "

အတန်းချိန်ပြီးတော့ မမ အောက်ကိုဆင်းလာခဲ့သည်။

"ရင်ခုန်သံ ... "

"ရှင် ... မပြန်သေးဘူးလား"

"ဟင့်အင်း ... ကိုယ် မင်းကိုစောင့်နေတာ၊ မင်းနဲ့အေးအေးဆေးဆေး စကားပြောချင်လို့ ... "

"ကျွန်မ ... မောင်လေးဆီသွားရဦးမယ်၊ နောက်မှပဲ တွေ့ကြတာပေါ့နော်"

"မောင်လေးဆိုတာက ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့မောင်လေ ..."

"သိပြီ ... မြတ်သောမောင်ဆိုတာ မဟုတ်လား"

"ဟုတ်တယ် ..."

သူမ ...

ကိုဇာနည်ကို နှုတ်ဆက်ပြီး ကားမောင်းထွက်လာခဲ့လိုက်သည်။

မမ ...

မောင်နှင့်ချစ်ကြိုးငယ်ကို တွဲပြီးမြင်ရမှာကြောက်လို့ နေမိတော့၏။

***

အခန်း ( ၁၄ )

မောင်တို့ အဆောင်ရှေ့မှာ မမ ကားရပ်လိုက်သည်။

မောင် ...

ဘေးမှာ ကောင်မလေးတစ်ယောက် ...

မမ ရင်နင့်သွားရအောင် အဲကောင်မလေးလက်ကို မောင်က ဆုပ်ကိုင်ထားသည်။

ကားပေါ်တက်တော့မယ့် မောင့်နားကို မမအပြေးအလွှား ရောက်သွားရ၏။

"မောင် ..."

"ဟင် ... မမ ..."

မောင်က အထိတ်လန့်ဖြင့် သူမကို ကြည့်နေ၏။

"မမ ..."

"အိမ်ပြန်မယ်လေ ..."

"မမ ဒီကိုဘာလာလုပ်တာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ဆီလာတာလေ ... "

"ဗျာ ... "

ဘေးမှာ ချစ်ကြိုးငယ်ရှိနေသည်။

မောင် ...

မမကို စိတ်ရှုပ်ထွေးစွာဖြင့် ကြည့်နေမိသည်။

"မောင် အိမ်ပြန်နောက်ကျတာ မမ မကြိုက်ဘူးနော်"

"မမ ... "

မမ ...

ဒေါသတွေနှင့် မပြောမိစေရန် စိတ်ကိုမနည်းထိန်းချုပ်ထားရသည်။

ချစ်ကြိုးငယ် ...

နင့်ကို အရမ်းမုန်းတာပဲ။

"မမ ... မောင်မပြန်သေးဘူး"

"ဘာ ... "

"ငယ့်ကို ပြန်ပို့ပေးရဦးမယ်"

"မရဘူး ပြန်မယ်"

မမကြောင့် မောင်အခက်တွေ့နေရသည်။

"မောင် ... ငယ့်ဘာသာပဲ ပြန်တော့မယ်"

"ငယ် ... "

"နောက်မှတွေ့မယ်မောင် ... ငယ်ဖယ်ရီနဲ့ပဲ ပြန်လိုက်တော့





မယ်"

"ငယ် ... "

ငယ်က မောင့်နားကနေ ထွက်သွားသည်။

"မမ ... "

"မင်း ဘာမှပြောမနေနဲ့ ... ဒါ မင်းဘဝရှေ့ရေးအတွက် ပြောနေတာ ... "

"မဟုတ်တာဘဲမမရာ ... ငယ် စိတ်ဆိုးသွားပြီထင်တယ်"

"ဆိုး ... ဆိုးကွာ ... "

"မမ ... "

"မင်းကို ချစ်သူရည်းစားမထားရဘူးလို့ ပြောထားတယ်လေ"

"မမရာ ... မောင်က ကလေးမှ မဟုတ်တော့တာပဲဟာ"

မောင် ...

စိတ်ပျက်မိသည်။

ငယ် စိတ်ဆိုးသွားပြီ။

မမကြောင့် ...

"မောင် ... "

"ဟင် ... "

"မင်း ... စာပဲကြိုးစားပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"မောင် ကြိုးစားနေတာ မမလည်းသိတာပဲ"

မောင် ကြိုးစားနေတာပါ။

ငယ်နဲ့ဝေးရမှာကြောက်လို့ ကြိုးစားနေတာပါ။

"မနက်ဖြန် မောင့်မေမေ ရောက်မယ် ... မမတို့ဆီအပ်ထားတဲ့ မောင့်ကို စောင့်ရှောက်ရမှာ မမတို့တာဝန်ပဲ ... "

မမစေတနာကို အသိအမှတ်ပြုတဲ့အနေနှင့် မောင် အိမ်ပဲပြန်လာခဲ့လိုက်သည်။

မတတ်နိုင် ...

ငယ့်ကိုတော့ နောက်မှပဲ ပြန်တောင်းပန်တော့မည်။

အိမ်ရောက်လာသည်။

"မောင် ရေချိုးတော့လေ ... ပြီးရင် မမ ထမင်းစားဖို့လာခေါ်မယ်"

မမ ...

အိပ်ခန်းထဲ ဝင်လာခဲ့သည်။

ချစ်ကြိုးငယ် ရှေ့ကနေ မောင့်ကို ခေါ်လာနိုင်ခဲ့၍ မမ ကျေနပ်နေမိ၏။

မောင် ...

ဒီလိုကျတော့လည်း မမဘက်လိုက်သွားပဲ။

ချစ်ကြိုးငယ် ...

နင့်ကို ငါ ယှဉ်ပြိုင်မယ်။





မောင့်ကိုတော့ ဘယ်လိုမှ နင့်လက်ထဲ အပ်မခံနိုင်ဘူး။

မမ ...

ရေချိုးလိုက်သည်။

"သမီးရေ ... "

"ရှင် ... "

မေမေ ရောက်လာသည်။

ကျေနပ်ပီတိတွေဝေနေတဲ့ မေမေ့အပြုံးတွေကို မမ စိတ်မဝင်စားပေ။

"မောင်ဇာနည်နဲ့ စကားပြောဖြစ်တယ် ... သမီးလေးနဲ့တွေ့ပြီဆို"

"ဟုတ် ... "

"သမီးတွေ့တယ်မဟုတ်လား ... မောင်ဇာနည်က အရမ်းအညီကြည်ခန့်သားပြီး ငွေကြေးဥစ္စာလည်း ပြည့်စုံတယ်ဆိုတာ"

မမ ...

စိတ်မဝင်စားပါ။

မောင်နဲ့ ညစာအတူစားဖို့ပဲ မမစိတ်စောနေမိသည်။

"သမီးတို့ချင်း တွေ့ပြီးသွားပြီဆိုတော့ မေမေတို့ စီစဉ်တော့မယ်နော် ... "

"မေမေ ... "

"ဘာဆင်ခြေပေးဦးမလို့လဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"သမီး အိမ်ထောင်ရေးကို မစဉ်းစားချင်သေးဘူး၊ နောက်မှ ပဲ အေးဆေးစီစဉ်ပါ ..."

"မေမေကတော့ အမြန်ဆုံးစီစဉ်ချင်နေပြီ"

"ဖြည်းဖြည်းပေါ့ မေမေရာ ..."

"သမီးလည်း ကျောင်းပြီးတော့မှာပဲ ..."

"သမီး ... ကိုဇာနည်ကို လေ့လာချင်သေးတယ်"

"ဘာလေ့လာချင်သေးတာလဲ ... မောင်ဇာနည်က အရာ ရာပြည့်စုံတဲ့ လူတစ်ယောက်ပဲ ..."

သူမကတော့ သမီးအတွက် စီစဉ်ချင်နေမိသည်။

သမီးက လက်မခံ ...

"မမ ..."

"ရှင် ..."

"မေမေ စီစဉ်တာကို လက်ခံရမယ်"

မေမေ ပြန်ထွက်သွားသည်။

မမ ...

စိတ်ညစ်ပြီးပဲ ကျန်ခဲ့ရ၏။

မေမေ စိတ်ညစ်အောင်လည်း မမ မလုပ်ချင်ပါဘူး။

ဒါပေမဲ့ ...

မမရင်ထဲမှာ မောင်တစ်ယောက်တည်းကိုပဲ သံယောဇဉ် တွယ်နေမိသည်။





မောင်ရယ် ...

မမတို့ကြားမှာ အတားအဆီးတွေများလိုက်တာ။

မောင်နဲ့အတူ ညစာစားဖို့ မမအောက်ထပ် ဆင်းလာခဲ့လိုက် သည်။

"မမ ..."

"ဟင် ..."

"ဟင်းတွေက စုံနေတာပဲ"

"မောင့်အတွက် မမစီစဉ်ထားတာလေ"

"မမလို အစ်မတစ်ယောက်ရှိနေတာ မောင့်အတွက် အရမ်း ကောင်းတာပဲ"

မောင်က ချီးမွမ်းတော့ မမ ဝမ်းသာကြွနပ်နေမိသည်။

"မောင် ..."

"ဟင် ..."

"စား ..."

"ဟုတ် ..."

"မမရဲ့ စေတနာ မေတ္တာတွေကို မောင် နားလည်သဘော ပေါက်စေချင်တယ်"

"မောင် သိပါတယ်"

"မောင် ... စားလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇာနည်ကတော့ ကံကောင်းတာပဲ"

"ဟင် ..."

မောင် ...

ကိုဇာနည်ကို သိနေတာလား။

"မောင် ..."

"အန်တီ ပြောတာလေ ..."

"ဩော် ..."

မမ ...

မောင့်ကို ကြည့်နေမိသည်။

မောင် ...

မောင်ရော ကံမကောင်းချင်ဘူးလား။

မောင်ရယ် ...

မမက မောင့်အတွက်ပဲ ဖြစ်ချင်ခဲ့တာပါ မောင်ရယ်။

***

အခန်း ( ၁၅ )

မောင့်မမက ဘယ်လိုလဲ ...

တစ်မျိုးပဲ ထင်တယ် ...

သူမကိုကြည့်တဲ့ အကြည့်တွေက ကြောက်စရာကောင်းအောင် စူးရှလွန်းနေသည်။

မလိုမုန်းထား အကြည့်မျိုးတွေ ...

မမ ...

မောင့်ဘဝကို ဘာလို့အဲလောက်ထိ ဝင်စွက်ဖက်နေရတာလဲ ...

ညနေက ...

သူမ ငိုချင်လိုက်တာ ...

ကားပေါ်တက်ခါနီးမှ မောင့်မမက လာရောက်ခေါ်ဆောင်သွားသည်။

သူမ မကျေမနပ်ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ..."

"ရှင် ..."

"ခဏနေရင် မာမီ့ဆီကို လာခဲ့ဦးနော်"

"ဟုတ် ..."

သူမ ရေချိုးခန်းထဲ ဝင်ခဲ့မိသည်။

စိတ်လန်းသွားအောင် ရေချိုးပစ်လိုက်၏။

ပြီးမှ မာမီ့အခန်းထဲ ဝင်လာခဲ့သည်။

"မာမီ ..."

"ဝင်လာခဲ့ ..."

"ဟုတ် ..."

မာမီက အပြုံးတွေနှင့် ဆီးကြိုနေ၏။

"သမီး ..."

"ရှင် ..."

"သမီးကို မောင်အောင်ကျော်နိုင်က လက်ဆောင်တွေပေး ထားတာ ပြမလို့ ..."

"ဟင် ..."

ကိုအောင်ကျော်နိုင်ပေးတဲ့ လက်ဆောင်တွေတဲ့ ...

သူမ အံ့ဩနေမိသည်။

"ဘယ်တုန်းက လာပေးသွားတာလဲ မာမီ ..."

"မနက်က ..."





များလိုက်တာ ...

အဝတ်အစားတွေ ...

အလှကုန်တွေ ...

"မောင်အောင်ကျော်နိုင်က သမီးကို မြတ်နိုးမယ့် သူမျိုးပါ ကွယ်"

သူမ ...

ဝမ်းမသာမိ ...

စိတ်ထောင် ညစ်နေမိ၏။

"သမီးကို ဒီလိုချစ်ခင်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်နဲ့ အခုလို ဆုံတွေ့ရတာ မာမီအရမ်းဝမ်းသာတာပဲကွယ်"

သူမကတော့ မောင့်ကိုပဲ ရင်ခုန်မိသည်။

သူမမှာတော့ ...

မောင့်မမက တစ်မျိုး ...

တကယ် စိတ်ပျက်ဖို့ကောင်းတယ် ...

မောင်နဲ့မမက ဘာတွေလဲ ...

မောင်က ဘာလို့ မလွန်ဆန်နိုင်ရတာလဲ ...

သူမ ဟန်းဖုန်းလေးက အသံမြည်လာသည်။

မောင့်ဆီက ဖုန်း ...

"မာမီ ခဏလေးနော် ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ အပြင်ထွက်လာခဲ့လိုက်သည်။

"ဟဲလို ... "

"ငယ်"

"ပြော"

သူမ အသံက ပြတ်တောက်နေသဖြင့် မောင်ပျာပျာသလဲ ဖြစ်သွားရသည်။

"ငယ် ... စိတ်မဆိုးနဲ့နော် ... မောင်တောင်းပန်ပါတယ် ငယ်ရယ် ... "

"ငယ် အရမ်းရှက်တယ် မောင် ... ပြီးတော့ မောင့်ရဲ့မမက ငယ့်ကို မုန်းနေသလိုပဲ"

"မဟုတ်ပါဘူး ... မမက မောင့်အပေါ် မောင်အရင်းတစ်ယောက်လိုပဲ သဘောထားတာပါ"

"တော်ပြီ မောင် ... "

"ငယ် ... မောင် တောင်းပန်ပါတယ် ... မမကို နားလည်ပေးပါ ... ကောင်မလေးတွေကြောင့် မောင်က စာမေးပွဲ ခဏခဏ ကျတတ်လို့ မမက စိတ်ပူတာပါ ... "

မောင့်မမက မောင့်အပေါ် မရိုးသားတော့ဘူးဟု ပြောချင်သည်။

ပြောမထွက် ...





"မောင်က မမကို ငယ်က မောင့်ဘဝကို တောက်ပစေမယ့် အလင်းရောင်လေးလို ပြောခဲ့တယ် ... "

"တကယ် ... "

"အင်း ... "

"ငယ်နဲ့မောင် ချစ်သူတွေဖြစ်နေတာ မောင့်မမသိတယ်ပေါ့"

"သိတယ် ... "

မောင့်မမ မရိုးသားတော့တာ သေချာသည်။

သူမကို မလိုမုန်းထားနေ၏။

"မောင့် မမကို ငယ်ကြောက်နေတယ်"

"မကြောက်ပါနဲ့ ငယ်ရယ် ... မမက သဘောကောင်းပါတယ်"

မောင်က မမကိုဆို ချီးမွမ်းလွန်းသည်။

အရမ်းမိန်းမပီသပြီး အိမ်မှုကိစ္စတွေလည်း နိုင်နင်းသည်တဲ့။

သူမက အိမ်မှုကိစ္စတွေနားမလည် ...

ဘာမှမလုပ်ရတာ ...

အလုပ်သမားတွေ အများကြီးရှိတော့ သူမ ဘာမှ လုပ်စရာ မလိုခဲ့ ...

"ငယ် ... "

"ဟင် ... "

"စိတ်မဆိုးပါနဲ့တော့နော် ... "



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... "

ပြောနေတုန်းမှာ မမအသံကြားလိုက်ရပြီး မောင်ကဖုန်းချ သွားသည်။

သူမ ...

မကျေမနပ် ဖြစ်သွားရ၏။

မောင် ...

ဒီတစ်ခါတွေ့ရင်တော့ ပြတ်ပြတ်သားသား ဆွေးနွေးရတော့မည်။

***

အခန်း ( ၁၆ )

"မောင် ... "

"ဗျာ ... မမ"

"အန်တီမီးကို သွားကြို့ရမယ် ... မောင် ကျောင်းမသွားနဲ့တော့နော်"

"မမပဲ သွားကြိုလိုက်ပါ ... မောင် ကျောင်းပျက်လို့ မရဘူး ကျူတိုရီရယ်ရော ပရက်တီကယ်ရောရှိတယ်"

"ဘာ ... မင်း ဟိုကောင်မလေးနဲ့တွေ့ဖို့ မဟုတ်လား ... အမေတစ်ယောက်လုံး လာတာတောင် မကြိုနိုင်လောက်အောင် အဲဒီကောင်မလေးက အရေးကြီးနေလား ... "

"မောင်တော့ ခက်ပြီ ... "

မေမေလာမည် ...

မောင် သွားမကြိုချင်တာတော့ မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ငယ်နှင့်တွေ့ရမည်။

စိတ်ကောက်နေတဲ့ ငယ့်ကို ချော့ရဦးမည်။

"ချစ်ကြိုးငယ်ဆိုတဲ့ ကောင်မလေးက မောင့်အတွက် ဒီလောက်ထိ အရေးကြီးနေလားမောင်"

မမ လေသံတွေက တင်းမာခက်ထန်နေသည်။

"မင်း ... ကျောင်းမသွားနဲ့"

"မမ့်ပဲ ... မောင့်ပညာရေးက အရေးကြီးတယ်ဆို ... "

မမ ...

စိတ်တိုနေမိသည် ...

မောင်က ချစ်ကြိုးငယ်နဲ့ တွေ့ရဖို့ကိုပဲ စိတ်ထဲမှာထားနေမိ၏။

"မင်းကို မမပြောထားပြီးပြီနော် ... ကျောင်းမသွားနဲ့လို့"

မောင် ငြိမ်နေလိုက်မိသည်။

ငယ်နဲ့ကတော့ မတွေ့လို့ မဖြစ်ဘူး ...

မောင် ဘယ်လို လုပ်ရမလဲ ...

"မမ အဝတ်အစား သွားလဲလိုက်ဦးမယ် ... မေမေလည်း နေမကောင်းလို့ မလိုက်နိုင်ဘူး မောင် ... "

မေမေ နေမကောင်းဘူး ...

အိပ်ရာထဲ လဲနေသည်။





မမထွက်သွား၏။

မောင် အပြင်ထွက်လာခဲ့သည်။

ကျောင်း သွားမယ် ...

မေမေတို့က ညနေပြန်လာမှ တွေ့လို့ရတာပဲ ...

"မောင် ... "

"ဟင် ... "

မောင် ခြေလှမ်းပြင်ရုံပဲ ရှိသေးသည်။

မမက ရောက်လာ၏။

ခုက္ခပဲ ...

မောင် လစ်ထွက်သွားမလို့ မမရောက်လာ၍ မသွားဖြစ်တော့ ...

ငယ် ...

မောင့်ကို စိတ်ဆိုးနေရပြီလား ...

မမကြောင့် ခက်နေသည်။

ဘယ်လိုမှ ပြောလို့ မရပေ ...

"လာ ... သွားရအောင်"

မောင့်လက်ကိုဆွဲပြီး မမက အတင်းခေါ်နေသည်။

မလိုက်လို့ မရတော့ ...

"မမ ကားပေါ်က စောင့်နေ ... မောင် အပေါ်ခဏတက်ပြီး ပြန်လာခဲ့မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... "

"ဗျာ ... "

"မင်း ... ဟိုကောင်မလေးဆီ ဖုန်းဆက်မလို့ မဟုတ်လား"

"ဟုတ်တယ် မမ ... ခဏလေးပါ မောင် ... ငယ်နဲ့ချိန်းထား ပြီးသားဖြစ်နေလို့"

"မင်း တော်တော်ပြောရခက်ပါလား မောင် ... ဒီကောင် မလေးက မင်းဘဝကို ဖျက်ဆီးပစ်မယ့် ကောင်မလေး"

"မမ ... "

"မဆက်နဲ့"

"ဒုက္ခပါပဲဗျာ ... "

ချစ်ကြိုးငယ်ဆီ မောင် ဖုန်းမဆက်အောင် မမတားဆီးနေမိ သည်။

မောင် ...

မမ တားဆီးရမှာပဲ ...

မောင့်လက်ထဲက ဖုန်းကို လုယူပြီး ပိတ်ပစ်လိုက်သည်။

"မမ ... "

"လာ ... သွားကြမယ် ... "

မောင် မကြည်မလင်နှင့် မမနောက်သို့ လိုက်လာခဲ့ရသည်။

"ကိုယ့်အမေ ကိုယ်ကြိုရတာ မောင်က ဘာတွေ မကြည် မလင်ဖြစ်နေရတာလဲ"





ချစ်ကြိုးငယ်လောက် ဘယ်အရာမှ အရေးမကြီးတော့ဘူး လား မောင် ...

မမ မကျေမနပ်ဖြစ်မိသည်။

မောင်က ချစ်ကြိုးငယ်အတွက် အရေးတကြီးဖြစ်နေတဲ့ အချိန်မှာ မမကတော့ မိခင်နေမကောင်း ဖြစ်နေတာပင် အရေး မစိုက်နိုင်အောင် ဖြစ်နေရသည်။

မမ ဘဝမှာ မောင်က အရေးကြီးဆုံးပါပဲ ...

"မောင် ... "

"ဟင် ... "

"အန်တီမီးက အဝေးကြီးက လာရတာ သားကလာကြို ဘယ်ဆိုရင် အန်တီမီး ဘယ်လောက်ပျော်မလဲ"

မမကြောင့် မောင့်အခွင့်အရေးတွေ ဆုံးရှုံးတာလို့ မောင် ခင်သွားမှာလည်း မမကြောက်နေမိသည်။

မောင်ရယ် ...

မင်းဘက်က မမအပေါ်ငြိုငြင်သွားမှာကိုလည်း မမ မလို ပါဘူး ...

မမရဲ့ သံယောဇဉ်တွေကို မောင် အသိအမှတ်ပြုစေချင်တာ

လေဆိပ်ရောက်တော့ လေယာဉ်က ဆိုက်နေပြီ ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီမီးက သားလာကြို၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။

"သားလာကြိုတော့ မေမေ ပင်ပန်းတာတွေ ဘယ်ရောက်သွားမှန်းတောင် မသိဘူး ... "

"တွေ့လားမောင် ... အန်တီမီးက မောင့်ကိုအရမ်းတွေ့ချင်နေတာ"

မမက တမင်နှောက်ယှက်တာဟု မောင်မထင်အောင် ကာကွယ် ပြောဆိုလိုက်သည်။

"မမ ... "

"ရှင် ... "

"မောင် လိမ္မာရဲ့လား"

"မလိမ္မာဘူး"

"ဟင် ... "

"မမနော် မောင်ဘယ်လောက် ကြိုးစားနေတယ်ဆိုတာ မေမေ့ကို ပြောပြလိုက်စမ်းပါ"

"အန်တီမီးကို သမီးပြောစရာတွေ အများကြီးရှိသေးတယ်"

"မမ ... "

"အန်တီမီး မောင်က ရည်းစားရနေပြီ ... ပညာရေးကို ဘယ်လောက် အနှောက်အယှက် ဖြစ်လဲ ... "





မောင် စိတ်ညစ်စွာဖြင့် မမကို ကြည့်နေမိသည်။

မမကတော့ စေတနာနဲ့ပါ ...

ယေ်ရေ ...

မောင်တော့ ဒုက္ခရောက်နေပြီ ...

ချစ်သူကို မောင်တမ်းတနေမိသည်။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

"မောင့်မှာ ချစ်သူရှိနေတယ် အန်တီမီး"

မမ ...

တိုင်ပြောလိုက်မိသည်။

မမနည်းတူ မောင်ချစ်သူထားတာကို တားဆီးနိုင်တာလည်း အန်တီမီးပဲ ရှိတာ ...

အန်တီမီးကို လိုလေသေးမရှိအောင် ဥည့်ဝတ်ကျေနေမိ၏။

မမ ဖြစ်စေချင်တာက ...

မောင်နှင့် မမကို မိဘတွေ သဘောတူ စီစဉ်ပေးဖို့ပင် ...

"မမက မောင့်ဘဝကို တိုးတက်မြင့်မားစေချင်လို့ ဒီ လောက်အထိ ကာကွယ်တားဆီးနေတာ မောင် သဘောမပေါက် ဘူး ..."

"ဟုတ်တယ် မမ ... အန်တီက သားကိုမနိုင်ဘူး ... မမပဲ ဆုံးမပါ ..."





"မမ စကားကို နားထောင်ရမယ်လို့ အန်တီမီး အမိန့်ထုတ် လိုက်"

ချစ်ကြိုးငယ်နှင့်မောင် အဆက်အသွယ်ပြတ်ဖို့ မမနည်းမျိုး စုံသုံးပြီး လုပ်ဆောင်ရမည်ဖြစ်သည်။

"မမ ..."

"ရှင် ..."

"အန်တီမီးကတော့ သားနဲ့မမကို လက်ထပ်ပေးချင်တယ်"

သူမ ...

ဝမ်းသာသွားရသည်။

မမ အကြားချင်ဆုံး စကားပါ ...

"ဒါပေမယ့် ..."

အန်တီမီးက ဒါပေမယ့်ဆိုတော့ မမရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရသည်။

"မမရဲ့ မေမေက သားနဲ့မမကို သဘောတူချင်ပုံ မရဘူး မကို ဓာနည်ဆိုတဲ့ သူနဲ့ပဲ လက်ထပ်စေချင်ပုံရတယ်"

ဟူး ...

မမ သက်ပြင်းမောကိုပဲ ချလိုက်မိသည်။

အန်တီမီးကတော့ မျက်နှာမကောင်း ဖြစ်နေ၏။

"အန်တီရယ် ... သမီးကမှ အဲဒီ ဓာနည်ဆိုတဲ့သူကို လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ချင်တာ ... မေမေ အတင်းစီစဉ်လည်း သမီးဘက်က ငြင်းရမှာပဲ"

"သမီး မေမေရဲ့ ရောဂါကိုလည်း ထည့်စဉ်းစားရမယ်လေ"

"ဟင့်အင်း ... မမကတော့ အဲဒီလူကို လုံးဝ လက်မထပ်နိုင်ပါဘူး ... "

မမ ...

ခေါင်းတွင်တွင်ခါရင်း ငြင်းဆန်နေမိသည်။

မမ လက်ထပ်ချင်တဲ့ တစ်ဦးတည်းသော ယောကျ်ားက မြတ်သောမောင်ဆိုတဲ့ မောင်ပါ ...

ဘာလို့ အဲဒါကို တခြားသူတွေ မသိကြတာလဲ ...

"မမ ... "

"ရှင် ... "

"သမီးကရော ... "

"မောင့်ကို သမီးသံယောဇဉ်ဘယ်လောက်ရှိလဲ အန်တီမီး သိပါတယ်"

"အန်တီ သိပါတယ်"

"အန်တီမီး ... "

"ပြော ... "

"ချစ်ကြိုးငယ်နဲ့ မောင့်ကို သဘောတူမှာလား"





"သားက ချစ်နေတော့ အန်တီမီးက ဘယ်လိုတားဆီးရမလဲ မမ ... "

"မောင့် ပညာရေးအတွက် ... "

"လောလောဆယ်တော့ တားရမှာပေါ့ ... မမပဲ တာဝန်ယူပါ ... "

"အန်တီ ... ပြောပေးသွားနော်"

"စိတ်ချပါ ... "

မမ ...

တွေဝေနေမိသည်။

မေမေပြောတာလည်း မမှားပါဘူး ...

မောင်ကရော မမကိုချစ်တာမှ မဟုတ်တာ ...

မမဘက်ကသာ ...

"မမ ... "

"ရှင် ... "

"မောင်က ခေါင်မာတယ် ... ချစ်ကြိုးငယ်ကို လွယ်လွယ်နဲ့ ဖြတ်မှာ မဟုတ်ဘူး ... "

အန်တီမီး စကားကမှန်သည်။

မောင်က ခေါင်းမာလွန်း၏။

မမ ဘာမှ မပြောဘဲ ထွက်လာခဲ့လိုက်သည်။

မောင်က အစောကြီးထဲက ထွက်သွားပြီ ... ။



www.burmeseclassic.com

www.burmeseclassic.com



မမလိုက်မှာ စိုးလို့ မဟုတ်လား ...

မောင်ရယ် ...

အဲဒီလောက်ထိ မမကို ကြောက်နေရလား ...

မမ ...

ဝမ်းနည်းသွားမိသည်။

မမတစ်ယောက်ထဲပဲ ကျောင်းကို ထွက်လာခဲ့လိုက်၏။

"ရင်ခုန်သံ ... "

"ဟင် ... "

ကိုဇာနည် ...

ကျောင်းကို ရောက်နေသည်။

"ရှင် ... ရောက်နေတာလား"

မမ ...

အံ့ဩသွားမိသည်။

"ရင်ခုန်သံကို တွေ့ချင်လို့ လာခဲ့တာ"

"ဩော် ... "

"ကိုယ် ဘာလို့ ရင်ခုန်သံကို တွေ့ချင်နေရတာလဲ ဆိုတာ ရော သိလား"

"ဟင့်အင်း ... "

"ချစ်လို့"

"ဘာရှင့် ... "





"ကိုယ် ... ရင်ခုန်သံကို မြင်မြင်ချင်းပဲ ချစ်မိသွားတာ"

"ဟို ... ဟို"

"လူကြီးတွေ သဘောတူလို့ စီစဉ်တာမျိုး မဖြစ်စေချင်ဘူး"

မမစိတ်ထဲမှာ မောင်ပဲရှိသည်။

ကိုဇာနည်ကို သူမ ဘယ်လိုမှ စိတ်ဝင်စား၍မရ ...

"ရင်ခုန်သံ ... "

သူမ မော့ကြည့်လိုက်မိသည်။

"ကိုယ် အချစ်နဲ့ပဲ အိမ်ထောင်ရေးကို တည်ဆောက်ချင်တယ် လူကြီးတွေ စီစဉ်လို့ လက်ခံလိုက်ရတာမျိုး မဖြစ်စေချင်ဘူး ... "

မမ ...

ရှင့်ကို မချစ်ဘူး ...

"ရင်ခုန်သံ ... "

"ရှင် ... "

"ကိုယ့်ကို ချစ်လား"

"ဟို ... "

"မင်း စဉ်းစားဦးမှာလား"

"ပြောလေ ... ရင်ခုန်သံ"

သူ ...

အံ့ဩစွာဖြင့် မမကိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေလေ ရင်ခုန်သံ ..."

"ကျွန်မ ..."

"ဖြေပါ ... မင်းဆီက အဖြေကို ကိုယ်အရမ်းသိချင်တယ်"

"ရှင့်ကို မချစ်နိုင်ဘူး ..."

"ဟင် ..."

မမ ...

ပြတ်သားစွာ ပြောပစ်လိုက်သည်။

မမေသိရင် ဘာပြောမလဲ ...

"ဒါ ... မင်းရဲ့ အဖြေပဲလား ရင်ခုန်သံ ..."

"ဟုတ်တယ် ..."

ဆုံးဖြတ်ပြီးပြီ ...

သူမ ...

ပြတ်ပြတ်သားသားဖြေမှ ဖြစ်မည်။

"ကျွန်မ သွားတော့မယ် ..."

"ရင်ခုန်သံ ..."

သူ အနောက်က လှမ်းခေါ်ပေမယ့် သူမ လှည့်မကြည့်တော့ပဲ ထွက်လာခဲ့လိုက်သည်။

မတတ်နိုင်ဘူးလေ ...

မမေဆူရင်လည်း ဆူပါစေတော့ ...





မမရင်ထဲမှာ သူ့အတွက် အချစ်ဆိုတာမှ မရှိတာ ...

မောင် ...

မမရင်ထဲမှာက မောင်တစ်ယောက်ထဲပါ မောင်ရယ် ...

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

"မောင် ... "

"ငယ် ... "

"မောင့်မမက တစ်မျိုးပဲနော်"

မမနှင့် ပတ်သက်ပြီး သူမရင်ထဲမှာ တစ်မျိုးဖြစ်နေသည်။ အကြည့်တွေက ကြောက်စရာကောင်း၏။

"မမက မောင့်အပေါ်မှာ အရမ်းသံယောဇဉ်ကြီးတယ်"

မောင် ပညာတစ်ပိုင်းတစ်စဖြစ်မှာ အရမ်းကြောက်တာ မမက စေတနာနဲ့ပါ ...

"ငယ်နဲ့ မောင့်ကို ခွဲချင်နေသလိုပဲ ... ငယ် မမကို အရမ်းကြောက်တယ်"

"မမက သဘောကောင်းပါတယ် ... စိတ်ထားလည်း အရမ်း နူးညံ့သိမ်မွေ့တယ်"

"မောင်က ချီးမွမ်းလှချည်လား"





"ငယ် ကြောက်နေမှာစိုးလို့ပါ ... "

သူမကတော့ မမစိတ်တွေ မောင့်အပေါ်မှာ မရိုးသားဟု ထင်နေမိသည်။

"မမကို လက်ထပ်ဖို့ ကမ်းလှမ်းတဲ့ ကိုဇာနည်က အရမ်းချမ်းသာတယ်တဲ့"

"မမက လက်ခံလား"

"လက်မခံဘူး"

"ဟင် ... "

မောင့်ကြောင့်လား ...

သူမ စိတ်ပူသွားမိသည်။

"မောင် ... "

"ဟင် ... "

"ငယ်လည်း ကိုအောင်ကျော်နိုင်ကို ငြင်းဆန်ခဲ့တာပဲ"

ကိုအောင်ကျော်နိုင်လည်း သူမကို တခမ်းတနားနဲ့ မြတ်မြတ်နိုးနိုး ကြိုးဆိုခဲ့တာပဲလေ ...

ဒါပေမယ့် ...

မောင့်အတွက်နဲ့ သူမ စိတ်မဝင်စားခဲ့တာပဲ မဟုတ်လား

"ငယ် ... မောင့်ကိုပဲ လက်ထပ်ချင်တယ် ... ငယ့်အတွက် ကြီးကျယ်ခမ်းနားမှုတွေ မလိုအပ်ပါဘူး ... မောင်ရှိနေဖို့ပဲ လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

"ငယ်ရယ်"

"မောင် ငယ့်ကိုခွဲသွားမှာ ငယ်အရမ်းကြောက်တယ်"

မောင့် ဟန်းဖုန်းမြည်လာသည်။

"မမ ..."

မမတဲ့ ...

"မောင် အခုပဲပြန်လာတော့မှာပါ မမ ..."

မောင်က ပြောပြီး ဖုန်းချလိုက်သည်။

"မမက စိတ်ပူလို့တဲ့ ပြန်မလာသေးဘူးလား မေးနေတာ"

မမ ...

ရိုးမှရိုးရဲ့လား ...

မောင့်ကို ပြောမပြရဲပေ ...

မောင့်ဘက်က ဖြူစင်ရိုးသားတယ် ဆိုတာကိုတော့ သူမ ရင်ထဲမှာ သိနေပြီသားပါ ...

"မောင်ပြန်ရင် ပြန်တော့လေ ... ငယ် ဖယ်ရီနဲ့ပဲ ပြန်လိုက်တော့မယ်"

"အင်း ..."

"မနက်ဖြန် တွေ့မယ်လေ ... မောင့်မေမေကိုပါ မောင် ခေါ်လာခဲ့မယ်"





"ဟုတ် ..."

သူမ သွားတော့မယ် ခြေလှမ်းပြင်ပြီးမှ ...

"ဟင် ..."

"ဘာလဲ ... ငယ်"

"ဟိုမှာ ကိုအောင်ကျော်နိုင်"

မောင်က သူမ ပြရာကိုလှမ်းကြည့်သည် ...

ကိုအောင်ကျော်နိုင်က သူမကို ရှာမတွေ့ဘဲဖြစ်နေ၏။

"ငယ် ..."

"ဟင် ..."

"ကားပေါ်တက် ..."

မောင်က သူမကို ကားပေါ်အတင်းတက်စေသည်။

ကိုအောင်ကျော်နိုင် သူမကိုရှာမတွေ့ဘဲ ကားမောင်းထွက် သွားသည်။

"ငယ့်ကို မောင်စိတ်မချတော့ဘူး ..."

ကိုအောင်ကျော်နိုင်က မောင့်ထက်အများကြီး သာကြောင်း မောင်သိသည်။

ငယ့်ကို စိတ်မချ ...

သူ ...

ငယ့်လက်ကလေးကို မလွှတ်ဘဲ မြတ်မြတ်နိုးနိုး ဆုပ်ကိုင် ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် … ငယ့်အိမ်နားအထိ လိုက်ပို့ပေးမယ်"

"ဟုတ် … "

မောင့်ဆန္ဒက ငယ့်ဆန္ဒပါပဲ …

ငယ်ချစ်ရတဲ့ မောင် …

စိုးရိမ် စိတ်တွေနှင့် ပူလောင်နေရမှာကို ငယ်မလိုလားပါဘူး မောင်ရယ် …

ငယ်လေ …

မောင့်ကို အရမ်းချစ်တယ် သိလား …

မောင့်ကို ငယ်မခွဲနိုင်ဘူး …

"မနက်ဖြန် မေမေနဲ့ ငယ်နဲ့တွေ့ပေးမယ်လေ … မေမေက တော့ ချွေးမ ချောချောလေးရလို့ ဝမ်းသာနေတော့မှာပဲ"

"မောင်နော် … "

ငယ့်ကို လိုက်ပို့ပြီး အပြန်လမ်းတွင် မောင်စိတ်ကူးတွေနှင့် ပျော်နေမိသည်။

မောင် …

နည်းနည်း နောက်ကျသွား၏။

ခြံထဲ ဝင်လိုက်တော့ မမရဲ့တင်းမာခက်ထန်သော မျက်ဝန်း တွေနှင့် ရင်ဆိုင်လိုက်ရသည်။

"မင်း ဘာလို့ ဖုန်းပိတ်ထားတာလဲ မောင် … "

"မမ … "





"ဘာမမလဲ … မင်း ငါ့စေတနာကို အလေးအနက်မထား တာလား"

"ဒုက္ခပါပဲဗျာ … မမကို မလေးမစား လုပ်တာ မဟုတ်ပါဘူး ငယ်နဲ့ … "

"တော်စမ်း … "

မမ …

ဒေါသတကြီးနှင့် အော်ပစ်လိုက်မိသည်။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနှင့် ပြည့်လျှံလာရ၏။

"မင်း ချစ်ကြိုးငယ်နဲ့ တွေ့နေတာ မဟုတ်လား"

"ဟုတ်တယ် မမ … "

"ဘာ … "

"မောင်တို့က ငယ်တဲ့သူတွေမှ မဟုတ်တော့တာ ငယ်က လည်း ပေါ့ပျက်ပျက် မိန်းကလေး မဟုတ်ဘူး မမ"

"ယောက်ျားလေးတစ်ယောက်နဲ့ ဒီလောက်မြန်မြန်ဆန်ဆန် တွဲဖြစ်တာ မင်းကောင်မလေးက ဘယ်လိုအဆင့်အတန်းမျိုးလဲ"

"မမ … "

မမလွန်နေပြီ …

မောင် … ဒေါသဖြစ်သွားပေမယ့် ဒေါသတွေကို ထိန်းချုပ် ထားလိုက်သည်။

မမ စေတနာတွေကို နားလည်ပေမယ့် ငယ့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထိ အထင်မသေးသင့်ဘူး ထင်မိသည်။

မမ မျက်ဝန်းတွေက အလင်းရောင်အောက်မှာ စိုစွတ်တောက်ပနေသည်။

မောင် အံ့သြမိသည်။

မမ ...

ဘာဖြစ်နေတာလဲ ...

"မမ ..."

"ဘာလဲ ..."

"ငယ်က မောင့်ကို အရမ်းချစ်တာ"

"ဘာ ..."

"မောင့်အတွက် သူကိုလာတောင်းတဲ့ ကိုအောင်ကျော်နိုင်လို လူကိုတောင် ငြင်းပစ်ခဲ့တာ ..."

"မောင် ..."

"ပြော ..."

"မမလည်း ကိုဇာနည်ကို ငြင်းလိုက်ပြီ"

"ဗျာ ..."

မောင် အံ့သြသွားရသည်။

မမ ဘာလို့ ငြင်းဆန်ရတာလည်း ...

"မမ ဘာလို့ ငြင်းရတာလည်း ကိုဇာနည်က မမနဲ့သင့်တော်တဲ့ အိမ်ထောင်ဘက်ပဲလေ ..."





"မချစ်လို့ ..."

"ဗျာ ..."

မောင် တိတ်ဆိတ်နေမိသည်။

"မမ ..."

"ဟင် ..."

"မောင် ... ငယ်နဲ့ ခေါ်စပ်တော့မလို့"

"ဘာ ..."

"ငယ် အမေကလည်း သူ့သမီး သဘောပါပဲတဲ့"

"မောင် မိန်းမရမှ မမလည်း စိတ်အေးရမှာပါ"

မမ ...

ဘာလုပ်ရမလဲ ...

ဘယ်လို တားဆီးရမလဲ ...

သမုဒ္ဒရာရေ အလျဉ်ကို ကျူပင်နဲ့ တားမိသလိုဖြစ်နေပြီ

တစ်ညလုံး ...

မမ ငိုနေမိသည် ...

ကြေကွဲစွာ ငိုရှိုက်နေမိ၏။

ရင်ထဲမှာ ...

နာကျင်နေမိသည်။

✳✳✳

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

"ရင်ခုန်သံ"

"ရှင် ... မေမေ"

"သမီး ... မောင်ဇာနည့်ကို ငြင်းလိုက်တယ်ဆို"

"ဟုတ်တယ် မေမေ ..."

"မေမေ့ဆန္ဒတွေကို သမီးက ဆန့်ကျင်တာလား"

"မေမေ ... သမီး"

"မေမေ သမီးကို ပွင့်ပွင့်လင်းလင်းပဲပြောမယ် ... မောင့်ကို သမီးမျှော်လင့်နေတာ မိုက်မဲမှုတစ်ခုပဲ သမီး"

မေမေ လေသံက တင်းမာနေသည်။

မမနှင့် မေမေ့ကြားမှာ ပထမဆုံး အကြိမ် တင်းမာမှုဖြစ်လာခြင်းပင် ...

"ကိုယ့်ထက်လည်း ငယ်တယ် ... ကိုယ့်ကိုလည်း မချစ်ဘူး အဲဒီလို ယောကျ်ားတစ်ယောက်ကို သမီး မရွေးချယ်သင့်ဘူး"





မမ ...

ငြိမ်သက်နေမိသည် ...

မေမေ့ရဲ့ မျှော်လင့်တကြီး ဖြစ်နေတဲ့ မျက်ဝန်းတွေကို ရင်ဆိုင်မိအောင် ကြိုးစားရှောင်လွှဲနေမိ၏။

"ရင်ခုန်သံ ... မေမေ့စကားကို သမီးအမြဲတမ်းနားထောင်ခဲ့တာပဲ မဟုတ်လား ... မောင်ဇာနည်ကိုပဲ သမီးရွေးချယ်ပါ"

"ကိုဇာနည်ကို သမီးမချစ်ဘူး မေမေ"

"မောင်ဇာနည်က သမီးကိုချစ်နေတာပဲ ... ဘယ်လောက်မြတ်နိုးလဲ ... "

"ဟင့်အင်း ... "

မမ ...

မောင့်ကိုပဲ ချစ်တယ် ...

ခွင့်လွှတ်ပါ မေမေ ...

"ရင်ခုန်သံ ... "

"ရှင် ... "

"သမီး ... မေမေ့စကားတွေကို နားမထောင်ဘူးလားဟင်"

မမငြိမ်သက်နေ၍ မေမေ ဒေါသတွေ ပေါက်ကွဲနေသည်။

"တိုးတိုးပြောပါ မေမေ ... အန်တီမီး ရှိနေတယ်"

"ဒီ ... "



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ..."

"မေမေ့စကားကို နားမထောင်ရင် ဘယ်တော့မှ မေမေ့နား မလာခဲ့နဲ့"

မေမေက မမကို အတင်းမောင်းထုတ်နေသည်။

မမ ထွက်လာခဲ့၏။

"ရင်ခုန်သံ ... ညည်း တော်တော်မိုက်မဲတဲ့ မိန်းမပဲ"

မေမေ့ အသံကို ကြားသည်။

မမ ...

ထွက်လာခဲ့လိုက်သည်။

"မမ ..."

"ဟင် ... အန်တီမီး ..."

"သားက သူ့ကောင်မလေးနဲ့ တွေ့ပေးမလို့တဲ့ ..."

အန်တီမီးကို တွေဝေစွာ ကြည့်မိသည်။

နှုတ်ခမ်းလေးကို ဖိကိုက်ထားမိ၏။

"မမ ... လိုက်မလား"

"အန်တီမီး ..."

"ဟင့် ..."

"မသွားရဘူး ..."

"ဘာဖြစ်လို့လဲ မမ ..."

"မောင့် ပညာရေးအတွက် အန်တီမီးက ဒါမျိုးကိစ္စတွေ အား





မပေးရဘူး"

"မမ ..."

"မသွားပါနဲ့ အန်တီမီး ..."

"အန်တီမီးလည်း ... မသွားချင်ပါဘူး ... ဒါပေမယ့် မိဘဆိုတော့ သားဆန္ဒတွေ နားလည်ပေးတာပါ ..."

"မောင့် ပညာရေးအတွက် အန်တီမီးအလိုမလိုက်သင့်ဘူး"

မမ ...

ဇွတ်အတင်း ပြောမိသည်။

မသွားရဘူး ...

အန်တီမီး ချစ်ကြိုးငယ်နဲ့ မတွေ့ရဘူး ...

မမ ...

တားဆီးရမယ် ...

"မောင့်ကို လိမ္မာစေချင်တယ်ဆိုရင် အန်တီမီးကိုယ်တိုင်က မောင် ချစ်သူထားတာကို လက်ခံကြည်ဖြူဖို့ မသင့်ဘူး"

"မမရယ် ... အန်တီကလည်း သားကို အရမ်းချစ်တာ"

"အန်တီမီး ..."

"ပြောလေ မမ ..."

"မောင်ခေါ်ရင် အန်တီမီးဘာသာ ငြင်းလိုက်ပါ"

'အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



မောင်ရောက်လာသည်။

"မေမေ သွားရအောင်"

"မေမေ မလိုက်တော့ဘူး သား ... "

"လိုက်ခဲ့ပါ မေမေရာ ... မောင် ပြောထားပြီးပြီ ... ငယ်က စောင့်နေမှာ"

မောင် ...

မေမေ့ကိုတော့ အပါခေါ်မှ ဖြစ်မည်။

မေမေ မလိုက်လျှင် ငယ်က ဘယ်လိုထင်နေမလဲ ...

"မေမေ ... "

"သား ပညာသင်နေတဲ့အချိန်မှာ မေမေဒီကိစ္စတွေ အား မပေးသင့်ဘူး ထင်တယ်"

မမ ...

ဒါ ...

မမ လက်ချက်ပဲ ဖြစ်ရမည်။

"မမ ... မေမေ့ကို ပြောပါဦး ... မောင်က ငယ်နဲ့ချိန်းထား ပြီးပြီ ... "

"အန်တီမီးက မလိုက်သင့်လို့ မလိုက်တာမောင် ... မင်း အန်တီမီးစကားနားထောင်ပါ ... "

"မမ ... "





"အန်တီမီး မမတို့ဈေးသွားရအောင်"

ဒီနေ့ ...

ကျောင်းပိတ်ရက် ...

မောင်က ငယ်နှင့်ချိန်းထားပြီးသား ...

"မေမေ ... "

"မေမေ မလိုက်တော့ဘူး သား ... မင်းလည်း ပညာရေး ထက် ချစ်သူကို ဦးစားပေးနေတာ မကောင်းဘူးနော်"

မေမေ့ လေသံပြောင်းသွားတာ မမကြောင့်ပဲဆိုတာ မောင် သိလိုက်သည်။

"မေမေ ... "

"မေမေ မလိုက်ဘူးပြောပြီးပြီလေ ... "

"ငယ်က ... "

မေမေ့ကို ဘယ်လိုမှ ပြောမရ ...

"မမ ... "

"ဘာလဲ မောင် ... "

"မေမေ့ကို ပြောပေးပါဦး"

"အန်တီမီး မှန်တယ်မောင်"

"မမ ... "

"တော်တော့ မောင်"



www.burmeseclassic.com

www.burmeseclassic.com



မမကို ဘယ်လို ပြောရမလဲ ...

မမက ...

ဘယ်လိုမှ လက်မခံ ...

"မမ ..."

"အန်တီမီး မမတို့ဈေးသွားရအောင်"

မမ

အန်တီမီးကိုခေါ်ပြီး ဈေးဝယ်ထွက်လာခဲ့မိသည်။

မောင် ...

မမတားကိုတားရမယ် ...

"မမ ..."

"ရှင် ..."

"တကယ်ဆို အန်တီမီးက မမနဲ့သားကို လက်ထပ်စေချင်တာ ... သီတာက လက်မခံဘူး"

"မေမေက မမကို မောင်မချစ်နိုင်မှာ စိုးရိမ်နေတာပါ"

"မမ ဘာကြောက်ရော"

မမ ...

ပြောဖို့ ဝန်လေးနေမိသည်။

"မမ ..."

"ရှင် ..."





"ပြောလေ ..."

"မောင့်ဘက်ကတစ်ဆင့် အန်တီမီး ..."

"မောင်ကသာ လက်ခံရင် မမ လက်ခံမလား"

အန်တီမီးကို မမကြည့်လိုက်မိသည်။

"အန်တီမီးက မမလို ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးကိုပဲ ချွေးမတော်ချင်တာပါ"

မမ ...

ရှက်နေမိသည်။

"မေမေက ..."

"အန်တီမီး သီတာ့ကို ရအောင်ပြောမယ်"

မမ ...

ပျော်သွားမိသည်။

မောင်က လက်ခံမှာ မဟုတ် ...

အန်တီမီးကိုပဲ တွန်းအားပေးဖို့ မမကြိုးစားရမှာပဲ ...

"မောင့်မှာ ချစ်ကြိုးငယ်ရှိနေတာပဲ မဖြစ်နိုင်ဘူးထင်ပါတယ်"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ ... မမသာ လက်ခံမယ်ဆိုရင် အန်တီ အတင်းအကျပ် စီစဉ်မယ်"

"မမ ... လက်ခံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ မမရယ် ... အန့်တီက မမနဲ့ပဲ သဘော တူနေတာ"

မမ ...

ကျေနပ်စွာဖြင့် ပြုံးနေမိတော့၏။

***

အခန်း ( ၂၀ )

"မောင့် မေမေက ဘာလို့ မလိုက်လာရတာလဲ"

ငယ် ...

မကျေနပ်သလိုဖြင့် နှုတ်ခမ်းလေးစူထော်ပြီး ပြောနေမိ သည်။

မမကြောင့်လား ...

မောင့် မေမေ လိုက်မလာတာကို သူမ အောင့်သက်သက် ဖြစ်နေရ၏။

"မေမေက ငယ့်ကိုတွေ့မှာပါ မေမေ့စိတ်ကို မောင်သိပါ တယ် ... ငယ် မောင့်အပေါ် ဘယ်လောက်အထိ အနစ်နာခံပြီး ချစ်တယ်ဆိုတာ မောင်သိပါတယ် မောင်ချစ်တာ ငယ်ပဲ"

"မောင်"

"ပြောလေ ... ငယ်"



www.burmeseclassic.com

www.burmeseclassic.com



"မာမီကတော့ ငယ့်ဆန္ဒတွေကို လိုက်လျောတယ် … မောင့်ကို တွေ့မယ်တဲ့ … ငွေကြေးဥစ္စာတွေထက် ငယ်ချစ်တဲ့ သူကိုပဲ လက်ထပ်ခွင့်ပေးမယ်တဲ့"

"ငယ်ရယ် … မောင်တောင်းပန်ပါတယ် … မောင့်ကို နားလည်ပေးပါနော် … မောင်တို့ နှစ်ယောက် ဘယ်တော့မှ မခွဲကြဘူးနော် … "

"ငယ်လည်း မောင့်လိုပါပဲ"

အေးစက်နေတဲ့ ငယ်လက်လေးတွေကို ဆုပ်ကိုင်ထားမိသည်။

မောင် မြတ်နိုးတာ ငယ်ပဲ …

မမ …

ဘာလို့ တားဆီးနေရတာလဲ …

"မောင် … "

"ဟင် … "

"မမက … "

"မမက မောင့်အပေါ် သံယောဇဉ် ကြီးတာပါ … မောင့် ရှေ့ရေးအတွက် မမစိတ်အရမ်းပူပင်နေတာ … "

"တကယ်လို့ မမက တားဆီးနေရင်ရောမောင်"

"မောင်နဲ့ ငယ့်ကို မချစ်ဖို့ ဘယ်လို အရာမျိုးကမှ တားဆီး





လို့ မရဘူးငယ် … "

"မောင်ရယ် … "

မောင် …

ငယ့်ကို ဘယ်လောက်အထိ ငယ်ချစ်လည်းဆိုတာငယ်အသိဆုံးပါပဲ …

မမက တစ်မျိုး …

မရိုးသားဘူးဟု ထင်သည်။

မမ …

ဘာလို့ တားဆီးရတာလဲ …

မနာလို ဝန်တိုဖြစ်နေတာပါ …

"ငယ့်မေမေဆီကိုပဲ မောင်လိုက်ခဲ့နော်"

"မောင် လိုက်ခဲ့မယ်"

မာမီနှင့် မောင့်ကိုတွေ့ပေးဖို့ ငယ်ဆုံးဖြတ်လိုက်သည်။

မမကို စိတ်မချတော့ …

မောင်နှင့် ငယ့်ကားမှာ မမက အနှောက်အယှက် အဟန့်အတားဖြစ်လာနိုင်တယ် … ။

"ငယ်စိတ်ပူတယ် … "

"မောင့်ကို မယုံတာလား"

"မောင်နဲ့ ဝေးမှာကို … "

"ငယ် … ငယ်အဲလို သတ္တိရှိတာ မောင်အရမ်းဝမ်းသာတယ် မောင်ညှံ့လို့ မေမေ့ကိုခေါ်မလာနိုင်တာပါ"

မောင် …



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်မိသည်။

မမကြောင့်ပဲ ...

မောင်မကျေမနပ်ဖြစ်နေမိသည်။

မမ ဒီလောက်အထိ မနှောက်ယှက်သင့်ဟု ထင်မိသည်။

ငယ် မာမီနှင့်တွေ့ရ၏။

ငယ့်မာမီက သူ့ကို ပြုံးရွှင်နွေးထွေးစွာ ဆီးကြိုနေ၏။

"မြတ်သောမောင်ကို သမီးက နှစ်သက်နေတော့ အန်တီ့အနေနဲ့ သမီးရဲ့ဆန္ဒတွေကို လိုက်လျောပေးဖို့ ဆုံးဖြတ်လိုက်တာပါ"

မောင် ...

ရှက်နေမိသည်။

ငယ့်ကိုလည်း အားနာနေ၏။

မေမေနဲ့ချိန်းထားပြီးမှ မမလုပ်လို့ မေမေ့ဘက်က ပျက်ကွက်ခဲ့ရသည်။

"မြတ်သောမောင် ... "

"ဗျာ ... "

"သမီးကို အရမ်းချစ်လား"

"ချစ်ပါတယ် အန်တီ ... ငယ့်အတွက် စိတ်ချပါ ... ငယ်တစ်သက်လုံး စိတ်ချမ်းသာပျော်ရွှင်အောင် မောင်ထားမှာပါ"

"သမီးက မြတ်သောမောင်ကို ချစ်နေမှတော့ အန်တီမောင်အောင်ကျော်နိုင်ကို ငြင်းလိုက်ပါ့မယ်"

မောင်ကတော့ ငယ့်မာမီရဲ့ သဘောကျမှုကို ခံရ၍ ဝမ်းသာသွားမိသည်။





အင်အားတွေ ပြည့်လာရ၏။

"မောင် ... "

"ငယ် ... "

"မောင်ကျေနပ်ပါတယ်နော် ... "

"ငယ်ရယ် ... ငယ်က တာဝန်ကျေပါတယ် မောင့်ဘက်ကသာ"

မမကို ငယ်စိတ်ပူနေမိ၏။

"ငယ် ... "

"မောင် ... "

"ဘာမှ မစိုးရိမ်နဲ့နော် ... ငယ့်ကိုမောင် အရမ်းချစ်တယ် မောင့်ကြောင့် ငယ်စိတ်မညစ်စေရဘူးလို့ မောင်ကတိပေးပါတယ်နော် ... "

မမ ...

မမရဲ့ အကြည့်တွေကို ငယ်မေ့ပစ်လို့မရ ...

တွေးလိုက်တိုင်း စိုးရိမ်စိတ်တွေနှင့်ပဲ ပူလောင်နေမိတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

“မမနဲ့ လက်ထပ်ရမယ်ဟုတ်လား မေမေ ... မဖြစ်နိုင်တာပဲ ... လက်မခံနိုင်ဘူး မမဆိုတာ မောင့်ရဲ့အစ်မ ဘယ်လိုလက်ထပ်လို့ဖြစ်မှာလဲ ... ”

မောင် ...

အံ့သြတုန်လှုပ်ခြင်းနှင့်အတူ ပြတ်သားစွာ ငြင်းဆန်ပစ်လိုက်မိသည်။

မဖြစ်နိုင်ဘူး ...

မောင် လက်မခံနိုင်ဘူး ...

ငယ့်ကိုပဲ ချစ်တယ် ...

လက်ထပ်မယ် ...

“မေမေ ... မောင် သူ့ရဲ့အမေနဲ့လည်း တွေ့ခဲ့ပြီပြီ ... ”

သူ့မေမေကလည်း ငွေကြေးထက် ငယ်စိတ်ချမ်းသာဖို့ကိုပဲ





ဦးစားပေးမယ်တဲ့ ... ”

“မေမေကလည်း သားဘဝရှေ့ရေးအတွက် မမနဲ့လက်ထပ်စေချင်တာပါ ... မမက သားကို ငယ်ငယ်လေးထဲက သံယောဇဉ်ကြီးခဲ့တယ်ဆိုတာ သားသိပါတယ်”

သားက ခါးခါးသည်းသည်း ငြင်းဆန်နေ၍ ခက်နေသည်။

မမကိုလည်း သနားမိ၏။

“မမကို မေမေတို့ ငယ်စဉ်လေးထဲက ပြုစုစောင့်ရှောက်ခဲ့တာ မေမေရဲ့ သမီးလေးလိုပဲ မေမေချစ်တယ်”

“မဖြစ်နိုင်ဘူး ... သား သဘောမတူဘူး ... ငယ့်ကိုပဲ သားလက်ထပ်မယ် ... ”

“သား ... မမကိုပဲ လက်ထပ်ရမယ်”

“နေပါဦး မမကရော သားကို ... ”

“မမက သားကို ချစ်နေတယ် ... ”

“ဟင် ... ”

“မမ ဆန္ဒကို မေမေသိပါတယ် ... သားအပေါ် မမ သံယောဇဉ်တွေက အရမ်းကြီးမားလွန်းတယ်ဆိုတာ သားသိထားသင့်တယ်”

“သားနဲ့ ငယ်နဲ့က အရမ်းချစ်ကြတဲ့ ချစ်သူတွေပါ မေမေ မမကို သားလုံးဝ လက်မခံနိုင်ဘူး ... ”

မမ ...



www.burmeseclassic.com

www.burmeseclassic.com



တကယ် မထင်မိဘူးဗျာ ...

မမကို မောင် ဘယ်လိုနည်းနဲ့မှ လက်မထပ်နိုင်တာ သေချာ လွန်းနေသည်။

"မောင် ... အပြတ်ပြောထားမယ်နော် မေမေ ... မမော် လက်မထပ်နိုင်ဘူး ... မောင်ဒီမှာလည်း မနေတော့ဘူး ... အခန်း တစ်ခန်းငှားပြီးပဲ နေတော့မယ်"

"မောင် ..."

"မမအပေါ်မှာ မရိုးသားတဲ့ စိတ်တွေလည်း မရှိပါဘူး ... မောင့်ရဲ့ အစ်မအရင်းလိုပဲ သဘောထားတာပါ ..."

"သားကို မေမေပြောထားပြီးပြီပဲ ... မမနဲ့ပဲ သားကို စိတ် နိုင်မယ် သား ..."

"သား လက်မခံနိုင်ဘူး ..."

သူမအတွက် သားက ငြင်းဆန်နေ၍ အားနာနေမိသည်။

မမ ...

အရမ်းမျှော်လင့်နေမှာ ...

"သား ..."

"ဟင် ..."

"သားက မမရဲ့သံယောဇဉ်တွေကို ရက်ရက်စက်စက် ဥပေက္ခာပြုတော့မလို့လား ..."





"သား ဒီမှာ မနေတော့ဘူး မေမေ ... တခြားမှာပဲ ပြောင်း နေတော့မယ် ... မမနဲ့သားကို လက်ထပ်ဖို့ စီစဉ်မပေးပါနဲ့"

သားက ငြင်းဆန်နေသည်။

သူမ ဘယ်လိုမှ ပြောရမလဲ သားအခန်းထဲမှာ ထွက်လာခဲ့ရ သည်။

"မမ ..."

"မောင်က ငြင်းနေတယ် မဟုတ်လားဟင်"

မမ ...

ကြားနေရသည်။

မေမေကတော့ မမကို စကားမပြောတော့ ...

မောင့်ဘက်က ငြင်းဆန်တာကိုသာ မေမေသိသွားခဲ့လျှင်

"မောင်က အခန်းငှားပြီး နေမယ်တဲ့လား အန်တီမီး ... မမ တို့အိမ်မှာ မနေတော့ဘူးတဲ့လား"

မမ မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်နေသည်။

နှုတ်ခမ်းတွေက တဆတ်ဆတ် တုန်ရီနေရ၏။

"မောင် မသွားရဘူး ... ဒီမှာပဲ နေဖို့ပြောပေးပါ"

ဣန္ဒြေသိက္ခာတွေ ထိန်းထားနိုင်စွမ်း မဲ့သွားရ၏။

မောင် ...

ဘယ်မှ မသွားပါနဲ့ မောင်ရယ် ...



www.burmeseclassic.com

www.burmeseclassic.com



"မမ ..."

"ဟင် ..."

"သားကို မွေးလိုက်ပါ မမရယ်"

အန်တီမီးကပါ မောင့်ကို စွန့်လွှတ်လိုက်ဖို့ပြောနေပြီလား

မမ ...

စွန့်လွှတ်လိုက်ရမလား ...

မောင့်အခန်းထဲ ဝင်လာခဲ့လိုက်သည်။

"မောင် ..."

"ဟင် ... မမ"

"စောစောက မမတို့အိမ်မှာ မနေတော့ဘူးလို့ မောင်ပြောလိုက်တယ် မဟုတ်လား"

မမကို မောင် အံ့အားသင့်စွာဖြင့် ကြည့်နေမိသည်။

အစ်မတစ်ယောက်လိုပဲ သဘောထားသည့် အကြောင်းကို မမလက်ခံလာအောင် ရှင်းပြချင်နေမိ၏။

"မမ ... မောင် ငယ့်ကိုလက်ထပ်မယ် မမကို မောင်အစ်မတစ်ယောက်ထက်ပိုပြီး ..."

"မောင် ..."

"မမ ..."

"မင်း မမအပေါ် ဘယ်လိုပဲ သဘောထားထား မမတို့အိမ်





ကနေ တခြားမှာပြောင်းမနေပါနဲ့"

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်နေမိသည်။

မမ ...

ကိုယ့်ကိုယ်ကိုပဲ နားမလည်နိုင်တော့ ...

အမြဲတမ်း ...

ဣန္ဒြေသိက္ခာကြီးမားစွာနဲ့ ကိုယ့်ကိုယ်ကို တန်ဖိုးထားတတ်တဲ့ မိန်းမပါ ...

"မောင် ... ဒီမှာပဲနေပါ မောင်ရယ် ... မမ မျက်စိအောက်မှာပဲ နေပါ ..."

"ကျွန်တော့်အတွက် ပြတ်သားဖို့ လိုအပ်နေပြီလို့ ထင်တယ် မမ ... မောင် အခန်းတစ်ခန်းငှားပြီးပဲ နေတော့မယ်"

"နေရမယ် မင်း မမအနားမှာပဲ နေရမယ် မောင်"

မမပြောမိသည်။

မောင့်မျက်ဝန်းတွေက အရင်ကနှင့် မတူအောင် စိမ်းနေ၏။

မင်း မမကို ဘယ်တုန်းကများ ဒီလိုကြည့်ခဲ့ဖူးလို့လဲ မောင် အဲဒီလို မကြည့်ပါနဲ့ ...

မောင် လူ့လောကကြီးထဲကို ရောက်လာတည်းက ဝမ်းမြောက်ဝမ်းသာ အဖြစ်ဆုံးနဲ့ ဂရုစိုက်ပြီးတန်ဖိုးအထားရဆုံးက မမပဲ ...

"မမ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ငယ်နဲ့ မောင်လက်ထပ်မှာကို လက်ခံပါ"

"မင်း လက်မထပ်ပါနဲ့ဦး မောင်ရယ်"

"မောင့် အနာဂတ်အတွက် မောင် ငယ့်ကို လက်ထပ်မှ ဖြစ်မယ် မမ ..."

"တိတ်စမ်း ..."

မမ ...

ဒေါသတကြီးနှင့် အော်ဟစ်တားဆီး ပစ်လိုက်မိသည်။

မကြားချင်ဘူး ...

မောင် ဘယ်ကောင်မလေးကိုမှ မချစ်ရဘူး ...

မမကို မချစ်ရင် နေပါ ...

အစ်မတစ်ယောက်လိုပဲ သံယောဇဉ် တွယ်တာနေရင်တောင် မမကျေနပ်ပါပြီ မောင်ရယ် ...

မမ ...

ငိုပစ်ချင်မိသည်။

"မောင် ... ဒီမှာ မနေတော့ဘူး မမဘက်က မောင့်ကို မောင်လေးတစ်ယောက်လို သံယောဇဉ် တွယ်တာဆိုရင် မောင်နဲ့ ငယ် လက်ထပ်မှာကို လက်ခံပေးပါ ..."

မမ ...

မောင့် အမုန်းတွေကို မခံယူလိုတာ အမှန်ပဲဖြစ်သည်။





စိမ်းကားတဲ့ မောင့်မျက်ဝန်း အကြည့်တွေကို ရင်မဆိုင်ချင်တော့ပါ ...

"မမ လက်ခံမယ်"

"ဟင် ... တကယ်လား မမ မောင်နဲ့ ငယ့်အပေါ် မမ တကယ်ပဲ နားလည်ပြီလားဟင်"

"မောင် ..."

ဝမ်းသာသွားမိသည်။

"မောင် ဒီမှာပဲ နေနော် ..."

"မမအတွက် အနှောက်အယှက်ဖြစ်မှာကိုတော့ မောင် တကယ်ပဲ မလိုလားတာပါ"

မောင့်ရင်ထဲမှာ ရှိတဲ့ စကားကို ပြောလိုက်တာပါ ...

"မောင် ..."

"မမ ..."

"မမကို အစ်မတစ်ယောက်လိုတော့ ချစ်ပါနော်"

"ဟုတ်ကဲ့ မမ ..."

မမ ...

မောင့်အခန်းထဲက ပြန်ထွက်လာခဲ့လိုက်တော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၂ )

"ချစ်ကြိုးငယ်"

"ဟင် ... မမ"

မမ ...

ချစ်ကြိုးငယ် အထိတ်တလန့် ဖြစ်သွားရသည်။

"ထိုင်ပါ မမ ... "

ဧည့်ခန်းမှာ မမဝင်ထိုင်လိုက်သည်။

မဆိုးပါဘူး ...

အဆင့်အတန်းရှိပြီး ချမ်းသာတဲ့ ကောင်မလေးတစ်ယောက်ပဲ ...

ချစ်ကြိုးငယ် ...

မောင် နှစ်သက်စွဲလမ်းရလောက်အောင်လည်း တကယ်ချောမောလှပလွန်းသည်။





"မမ ... ဘာကိစ္စရှိလို့လဲဟင် ... "

အိမ်အထိ လိုက်လာတာမို့ ချစ်ကြိုးငယ် တအံ့တသြဖြစ်နေမိသည်။

မမ ...

ဘာလာလုပ်တာလဲ ...

"မမ ... "

"ဟင် ... "

"ကိစ္စရှိလို့လားဟင်"

"အင်း ... "

"ပြောလေ ... "

"မောင်နဲ့ ပတ်သက်တဲ့ ကိစ္စပါ ... "

"ပြောပါ မမ ... "

မမ မျက်ဝန်းအကြည့်တွေက သူမဆီ စူးခနဲရောက်လာသည်။

ကြောက်လိုက်တာ ...

"ချစ်ကြိုးငယ် ... "

"ရှင် ... "

"မောင်နဲ့လက်ထပ်ကြတော့မယ်ဆို ... "

"ဟုတ် ... "

"မမ ... သဘောတူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... "

"မမက မောင့်ရှေ့ရေးအတွက် တားနေတာပါ ချစ်ကြိုးငယ်"

မမ ဒါသတွေ ပေါက်ကွဲချင်နေတာပါ ...

မောင့်ကို လက်လွှတ်ဆုံးရှုံးသွားရမှာ ကြောက်လို့ သည်းခံနေရတာ သိလား ...

"မမ တစ်ခုတော့ ချစ်ကြိုးငယ်ဆီက တောင်းဆိုချင်တယ်"

"တောင်းဆိုပါ မမ ... "

'မောင်က အခု မမတို့အိမ်က ပြောင်းဖို့လုပ်နေတယ်"

မောင်က တခြားအိမ်မှာ ပြောင်နေတော့မည်ဖြစ်ကြောင်း ပြောသည်။

ဟုတ်တယ် ...

မမက ကြောက်စရာကောင်းလာပြီ ...

မမ အကြည့်တွေကို သူမလည်း ကြောက်စိတ်ဝင်လာရသည် ...

မုန်းတီး နာကြည်းပြီး မနာဝန်တိုမှုတွေနှင့် ပြည့်နှက်နေတဲ့ အကြည့်တွေ ...

"ချစ်ကြိုးငယ်ကို မမတောင်းဆိုချင်တာက မောင့်ကိုမမတို့ အိမ်မှာပဲ နေဖို့ပြောပေးဖို့ပါ ... "

"ဟုတ်ကဲ့ မမ ... ညီမ ပြောလိုက်ပါ့မယ်"





ချစ်ကြိုးငယ် ...

မောင့်ကို နင်ပိုင်ဆိုင်ရမယ်ထင်နေလား ...

ဝေးသေးတယ် ...

ငါ လက်မလျှော့ဘူး ...

သံယောဇဉ်တွေနဲ့ မောင့်ကို ချည်နှောင်ဖို့ မမထပ်ပြီး ကြိုးစားမည်။

မောင့်ကို လက်လွှတ်ဆုံးရှုံးမခံနိုင် ...

မမ ...

ကြိုးစားကြည့်ရမှာပဲ။

"မမ ဆန္ဒအတိုင်းဖြစ်အောင် ကူညီပေးပါ့မယ်"

"ကျေးဇူးပါပဲကွယ် မမသွားမယ်နော်"

မမထွက်လာခဲ့သည်။

အိမ်ပြန်ရောက်တော့ မောင်မရှိပေ ...

အခန်းငှားဖို့အတွက် မောင်အပြင်ထွက်ပြီး အခန်းရှာနေတာပဲ ဖြစ်မည်။

"မေမေ ... "

"ညည်း ကျုပ်ကို လာတွေဖို့ မကြိုးစားနဲ့ ရင်ခုန်သံ ... နင့်လို အရှက်သိက္ခာမရှိတဲ့ မိန်းမက ငါ့သမီး မဖြစ်နိုင်ဘူး"

"သမီးကို နားလည်ပေးပါ မေမေ ... မောင့်အပေါ် သမီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိ သံယောဇဉ်ရှိလည်းဆိုတာ မမေမေသိပါတယ်”

“ရင်ခုန်သံ ညည်းစိတ်တွေ ပုံမှန်မရှိတော့ဘူး ... သံယောဇဉ်ဆိုတဲ့ ကြိုးနဲ့ညည်းက မောင့်ကိုချည်နှောင်ဖို့ ကြိုးစားနေတာပဲ”

မေမေ့ အခန်းဝမှာ မမရပ်နေမိသည်။

သားကို တွယ်တာရသော တစ်ဦးတည်းသော မေမေက မမဆန္ဒတွေကို နားမလည်၍ မမခက်နေ၏။

“ညည်းက အမေတစ်ယောက်အပေါ်မှာတော့ သံယောဇဉ် မရှိတော့ဘူးလား”

ဒေါ်သီတာ ဒေါသသံတွေနှင့်အတူ ကြေကွဲဝမ်းနည်းမှုတွေပါ ရောယှက်နေသည်။

သမီး ...

မိုက်မဲလွန်းသည့် ...

“မောင့်မှာက ညည်းထက် ပိုသံယောဇဉ်ခိုင်မြဲတဲ့ ဘဝလက်တွဲဖော်ရှိနေပြီ ... ”

“သမီး မကြားချင်ဘူး ... ”

မမ ...

အခန်းထဲ ပြန်ဝင်လာခဲ့သည်။

မောင် ...

မမရင်တွေ ပူလောင်နေတယ် ...





“တီ ... တီ”

ကားဟွန်းသံကြား၍ မောင်ပြန်လာပြီဆိုတာ မမသိလိုက်သည်။

အပြင်ထွက်လာခဲ့၏။

“မောင် ... ”

“ဟင် ... မမ”

“ချစ်ကြိုးငယ်နဲ့ မောင်တွေ့ဖြစ်လား”

“တွေ့တယ် မမ ... ”

“မောင်ဒီမှာပဲနေဖို့ မပြောဘူးလား”

“မပြောဘူး မမ”

“ဟင် ... ”

ချစ်ကြိုးငယ် ...

နင်က ပြောပေးမယ်ဆိုပြီး ဘာလို့ မပြောရတာလဲ ...

မောင့်ကို ငါ့ဆီကနေ နင်ခေါ်ထုတ်သွားချင်တာပဲ မဟုတ်လား ...

တွေ့မယ် ...

“မမ ... ”

“ဟင် ... ”

“မောင် အခန်းရှုပြီ အခုပဲပြောင်းတော့မယ် မမ ... ”

“ဟင် ... ”



www.burmeseclassic.com

www.burmeseclassic.com



"မောင် ပစ္စည်းတွေသွားသိမ်းလိုက်ဦးမယ် မမ ... "

ငယ်ကပြောသည် ...

မမရောက်လာပြီး ... အိမ်မပြောင်းဖို့ ကိစ္စပြောသည်တဲ့ ...

မောင် လက်မခံပေ ...

တမင် ...

ငယ်ဘဝမှာ မပြောဘူးလို့ပြောလိုက်တာပါ ...

မမနှင့် စကားတွေ ရှည်ရှည်ဝေးဝေး ပြောချင်တဲ့ ဆန္ဒမရှိတော့ ...

မောင်ဒီမှာ ဆက်နေလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ကြောင်း မောင်သိသည်။

"မောင် ... "

"ဟင် ... မမ"

"မပြောင်းပါနဲ့ ... မောင်တို့နှစ်ယောက်ကို မမသဘောတူပါတယ်"

"မောင် အားလုံး စီစဉ်ပြီးသွားပြီ မမ ... "

"မောင် ... "

"ဟင် ... "

"မပြောင်းပါနဲ့ ... "

မောင် ...

အရမ်းရက်စက်တာပဲ မောင်ရယ် ...





မောင်က ဘယ်လိုမှ ပြောမရ ...

ဖွတ်အတင်းပဲ ပြောင်းသွားခဲ့သည် ...

ချစ်ကြိုးငယ် ...

ဒါ ...

နင့်ရဲ့ စနက်တွေပဲ ဖြစ်ရမယ် ...

မမ ...

မုန်းတီး နာကြည်းစွာဖြင့် နှုတ်ခမ်းလေး နှစ်ခုကိုဖိကပ်ပစ်ထားလိုက်မိသည်။

***

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၃ )

"အန်တီက ချစ်ကြိုးငယ်ရဲ့ မာမီလားဟင်"

"ဟုတ်ပါတယ် ကလေးရယ် သမီးကရော ချစ်ကြိုးငယ်ရဲ့ သူငယ်ချင်းပဲလား"

"မဟုတ်ပါဘူး … မြတ်သောမောင် နေတဲ့အိမ်ကပါ ကျွန်မ နာမည် ရင်ခုန်သံပါ …"

"ရင်ခုန်သံတဲ့လား …"

ချစ်ကြိုးငယ်ရဲ့ မာမီက နည်းနည်းတော့ ကြီးကျယ်ခမ်းနားတဲ့ မိန်းမတစ်ယောက်ပဲဖြစ်သည်။

မောင် ပြောင်းသွား၏။

မမဆီ မလာပေ …

ရက်စက်တယ် …

အစ်မတစ်ယောက် အဖြစ်တောင် မောင်က သံယောဇဉ် မထားတော့တာလား …





မမ နှလုံးသားတွေ နာကျင်နေမိသည်။

"ကလေးမ …"

"ရှင် …"

"မင်း ဘာပြောစရာရှိလို့လဲ … အန်တီ့ကို တစ်ခုခုပြောချင်တာလား"

"ဟုတ် …"

"ပြောလေ …"

မမကတော့ မစားရအမဲ သဲနဲ့ပတ်တယ်ပဲပြောပြော မောင်နဲ့ ချစ်ကြိုးငယ်ကို ခွဲပစ်မှာပဲ …

"မြတ်သောမောင် အကြောင်းပြောချင်လို့ပါ"

"ဟင် …"

"မြတ်သောမောင်က အရမ်းရှုပ်ထွေးပြီး တစ်ကိုယ်ကောင်း အရမ်းဆန်တဲ့ လူတစ်ယောက်ပါပဲ အန်တီ"

"ဟင် …"

ရင်ခုန်သံရဲ့ တည်ငြိမ်အေးချမ်းတဲ့ မျက်နှာလေးကြောင့် ါနှာ ယုံကြည်လက်ခံလိုက်မိသည်။

"အရမ်း ရှုပ်ထွေးလွန်းလို့ ဆယ်တန်းတောင် ကျခဲ့တာလေ ခုလည်း သမီးစောင့်ကြပ်ပေးနေလို့ နည်းနည်းအခြေအနေ ကောင်းလာတာပါ …"

"ဟင် …"



www.burmeseclassic.com

www.burmeseclassic.com



"အနံ့တို့ သမီးက ချောလည်း ချောတယ် ... အရမ်းလည်း ချမ်းသာတယ်ဆိုတော့ ခြေဖြင့်မိုးဟန်ပြုပြီး အရယူမလို့လေ"

"မင်း ဘာသဘောနဲ့ လာပြောနေရတာလည်းကွယ်"

အနံ့တို့သမီးလေက မြတ်သောမောင်ကို အရမ်းချစ်မြတ်နိုးတာပဲ ... သမီး စိတ်ချမ်းသာအောင် အနံ့တီက နားလည်မှု ပေးခဲ့တာပါ ... ။

သူမ စိတ်ပူပင်သွားပြီး ရင်ခုန်သံဆိုတဲ့ မိန်းကလေးကို ထိတ်ထိတ်ပျာပျာနှင့် မေးနေမိသည်။

"အနံ့တို့ကို စေတနာနဲ့ သတိပေးတာပါ ... မိန်းကလေးချင်း ကိုယ်ချင်းစာလို့ပါ"

"ဒုက္ခပါပဲကွယ် သမီးကိုအရမ်းချစ်ပြီး အရမ်းချမ်းသာတဲ့ လူကိုတောင် လက်မခံဘဲ မြတ်သောမောင် သဘောတူခဲ့ရတာ"

"အဲဒါကြောင့် သူ့အကြောင်းတွေ သမီးလာပြောပြတာပေါ့ ချစ်ကြိုးငယ် နစ်နာမှာစိုးလို့ပါ ... ချစ်ကြိုးငယ်လို မိန်းကလေးရဲ့ ဘဝရှေ့ရေး အတွက်ပါ ... "

မမ ...

နာကျင်နေရသည်။

မင်းက မမအပေါ် ရက်စက်ခဲ့တာပဲ ...

ချစ်ကြိုးငယ် ကိုယ်တိုင်တောင် မမရဲ့တောင်းဆိုမှုတွေကို လျစ်လျူရှုခဲ့သေးတာပဲ ...





မမ ...

မလွန်ပါဘူး ...

မောင်ကိုက အကြင်နာကင်းမဲ့လွန်းတာပါ ...

နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာဖိကိုက်ထားလိုက်မိသည်။

"မြတ်သောမောင်က မိန်းကလေးတွေနဲ့ အရမ်းရှုပ်ပွေတာပါ ကောင်မလေးတွေကို တန်ဖိုးမထားဘူး သမီးကိုတောင် ... "

"ဟင် ... "

"ဆက်မပြောချင်တော့ပါဘူး ... အနံ့တီရယ် သမီးပြောတာ မယုံရင် သမီးပေးတဲ့ ဖုန်းနံပါတ်ကို ဆက်သွယ်ပြီးမေးကြည့်ပါ"

မောင်နဲ့ ရှုပ်ခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ဖုန်းနံပါတ်ကို ပေးလိုက်မိသည်။

"ချစ်ကြိုးငယ်လို မိန်းကလေးဘဝ မနစ်မွန်းစေချင်လို့ပါ အနံ့တီ"

"ရင်ခုန်သံလို မိန်းကလေးတစ်ယောက်ကပြောတယ်ဆိုတော့လည်း အနံ့တီ ယုံကြည်ရမှာပါပဲလေ ... အနံ့တီလည်း သတင်းသဲ့သဲ့တော့ ကြားတယ် ... "

"ချစ်ကြိုးငယ်အတွက် စေတနာနဲ့ လာပြောတာပါ"

"ကျေးဇူးပါပဲ သမီးရယ်"

"ပြန်ခွင့်ပြုပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ထပြန်လာခဲ့လိုက်သည်။

ဒေါ်နန္ဒာကတော့ ရင်ခုန်သံဆိုတဲ့ ကောင်မလေးပေးခဲ့တဲ့ ဖုန်းနံပါတ်ကို ချက်ချင်းပဲ ဆက်ကြည့်လိုက်သည်။

ရင်ခုန်သံ ...

အဲဒီ ကလေးမပြောတဲ့အတိုင်းပင် ...

မြတ်သောမောင်က အဲလို ယောကျ်ားလေးမျိုးတဲ့လား

မဖြစ်ဘူး ...

သူမ ဒီကိစ္စကို တားကိုတားရမည်။

သမီး ...

ကျောင်းက ပြန်ရောက်လာသည်။

"သမီး ..."

"ရှင် ... မေမေ"

"ရင်ခုန်သံဆိုတဲ့ မိန်းကလေးတစ်ယောက်လာတယ်"

"ဟင် ..."

မမ ...

ဘာလာလုပ်တာလဲ ...

ကောင်းသောလာခြင်းတော့ မဟုတ်နိုင်ပါဘူး ...

"မာမီ ..."

"ဟင် ..."

"မမဘာပြောသွားလဲ ..."





"မြတ်သောမောင် အကြောင်းတွေ ပြောသွားတယ်"

"မမက ..."

"ရင်ခုန်သံလို မိန်းကလေးမျိုးကို မာမီယုံတယ် မဟုတ်တာ ပြောမယ့် သူ မဟုတ်ဘူး"

"မာမီ မမကို မယုံနဲ့ သူက မောင့်ကိုကြိတ်ပြီး ကြိုက်နေတာ"

"ရင်ခုန်သံပေးတဲ့ ဖုန်းနံပါတ်ကိုလည်း မာမီဆက်သွယ်ကြည့်ပြီးသွားပြီ ..."

"မာမီ ..."

"မြတ်သောမောင်နဲ့ သမီးကို မာမီ သဘောမတူနိုင်တော့ဘူး သမီး ..."

"မဟုတ်ဘူး မာမီ မမစကားကို မယုံပါနဲ့ မောင်က ခု အရမ်းကြိုးစားနေတာပါ ... အရင်က မောင်လုံးဝမဟုတ်တော့ပါဘူး"

"ရင်ခုန်သံ ပြောသွားတာပဲ ကိုယ်ကျင့်တရား လုံးဝပျက်စီးနေတဲ့ ယောကျ်ားတစ်ယောက်နဲ့ သမီးကို မာမီသဘောမတူနိုင်ဘူး"

မာမီက ဘယ်လိုမှ ပြောမရ ...

သူ ခက်နေမိသည်။

မမက ကြောက်စရာကောင်းလွန်းတဲ့ မိန်းမတစ်ယောက်ပါလား ...



www.burmeseclassic.com

www.burmeseclassic.com



မောင့်အပေါ် ထိုးနှက်ချက်က ပြင်းထန်လွန်းသည်။

မာမီ လက်မခံတော့ ...

မောင် ရောက်လာတော့ မာမီက သဘောမတူနိုင်တော့ကြောင်း ပြောလိုက်သည်။

"အန္တိတီ ဘာဖြစ်သွားတာလဲ ငယ် ... မောင်ဘာမှ နားမလည်ဘူး ... "

"မမကြောင့်ပဲ မောင်"

မောင် အံ့သြတုန်လှုပ်သွားရသည်။

မမ ...

အဲလောက်ထိ လုပ်လိမ့်မယ်ထင်မထား ...

မဖြစ်နိုင်ဘူး ...

မမ အဲလောက်ထိ မောင့်အပေါ် အကြံပက်စက်လိမ့်မယ်ဆိုတာ မောင်မယုံဘူး ...

"မောင့်ရည်းစားဟောင်းရဲ့ ဖုန်းနံပါတ်ပါ ပေးသွားတာမောင်"

"ဟင် ... "

မောင် ...

ဆောက်တည်ရာ မရတော့ ...

မမကို ဒေါသတွေနှင့် အကြီးအကျယ် ပေါက်ကွဲနေမိသည်။

မောင့်ခြေလှမ်းတွေက မမဆီရောက်သွား၏။





"ဒေါ်ရင်ခုန်သံ"

"ဟင် ... မောင်"

"ခင်ဗျားကို ရိုးသားဖြူစင်တဲ့ မိန်းမတစ်ယောက်လို့ ထင်ခဲ့မိတာ မှားတာပဲ ... ခင်ဗျား ကောက်ကျစ်ယုတ်မာလှချည်လား"

မမ ...

ပြုံးလိုက်မိသည်။

မောင့်ကို ချစ်ကြိုးငယ်ရဲ့ မေမေက ပြင်းပယ်လိုက်ပုံရသည်။

ဒါ ...

မမ ဖြစ်စေချင်တာပဲ ...

"အခုလိုက်ပြီး ပြန်ဖြေရှင်းပေးပါမမ ... မောင် အနူးညွတ်တောင်းပန်ပါတယ်"

"မရှင်းပေးဘူး ... "

"ဒီလို မလုပ်ပါနဲ့ မမ ... ငယ်ကို့မောင် လုံးဝ လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး ... "

"မင်း ပြန်ပါ ငါပြောပြီးပြီပဲ"

မမ ...

ခေါင်းမာစွာ ငြင်းဆန်နေမိသည်။

မင်းတောင် ငါ့အပေါ် ညှာတာထောက်ထားမှုမရှိဘဲ ရက်



www.burmeseclassic.com

www.burmeseclassic.com



စက်ခဲ့တာသေးတာပဲမောင် ...

"မမ ..."

"မင်းသွားတော့ ..."

"မသွားနိုင်ဘူးဗျာ ... မမလိုက်ပြီး ရှင်းပေးပါ ... မောင် အရင်က ရှုပ်ခဲ့တာ မှန်ပေမယ့် ငယ်နဲ့တွေ့ပြီးထဲက မောင်လိမ္မာခဲ့တာပဲ ..."

"အဲဒါ ... မင်း ယောက္ခမလောင်းကို ရှင်းပြပေါ့"

မမ မောင့်ကို ကျောခိုင်းလိုက်သည်။

"မမ ..."

မမလှည့်မကြည့် ...

"ခင်ဗျား တော်တော်ယုတ်မာ ကောက်ကျစ်တဲ့ မိန်းမပဲ ဟန်ဆောင်နေတဲ့ မိန်းမ ... ရိုးသားချင်ယောင်ဆောင်နေတာ ကိုယ်ကျင့်တရား ပျက်ပြားတာ ခင်ဗျားပဲ ... ။

မမ ...

မောင့်အသံတွေနဲ့ ဝေးရာကို ကျောခိုင်းပြီး ထွက်လာခဲ့လိုက်မိတော့သည်။

***

အခန်း ( ၂၄ )

"ဖြန်း ..."

"ဖြန်း ..."

"ဟင် ... မေမေ"

မျက်ရည်တွေ ပြည့်နေတဲ့ မျက်ဝန်းတွေနဲ့ မေမေက သူမကို ကြည့်နေသည်။

မမ အခန်းဝမှာ မေမေရပ်ပြီး စောင့်နေခြင်းဖြစ်သည်။

"နင့်ကိုယ်တိုင် တန်ဖိုးမထားနိုင်လောက်အောင် ဖြစ်နေပြီလား ရှင်ခုန်သံ"

ပြောပါ ...

မမကို ပြောချင်ရာသာပြောပါတော့ မေမေရယ် ...

မမရင်ထဲမှာ ဘယ်လောက်ခံစားနေရမလဲဆိုတာကို ဘယ်သူ တစ်ယောက်ကမှ နားလည်နိုင်မှာ မဟုတ်ဘဲ ...

မောင့်အပေါ် မမ ဘယ်လောက်ထိ သံယောဇဉ်ကြီးမားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရလဲ ...

မေမေ အသိဆုံးပါ ...

"နင့်ကို ငါ ငယ်ငယ်လေးထဲက မိန်းကလေးတစ်ယောက် ဘယ်လို ဗိုင်းကောင်းကျောက်ဖို နေရမလဲဆိုတာ သိအောင် ဘယ်လောက်ထိ ဆုံးမခဲ့ရသလဲ ရင်ခုန်သံ ... "

မေမေ့ အသံက ...

သမီးအတွက် ယူကျုံးမရ ဖြစ်နေတဲ့ မိခင်တစ်ယောက်ရဲ့ အသံ ...

ဒါပေမယ့် မေမေရယ် ...

မမကိုလည်း နားလည်ပေးကြည့်ပါဦးလား ...

မောင် လူ့ဘဝရောက်ထဲက မမက သံယောဇဉ်မေတ္တာ ကြီးမားစွာနဲ့ ချစ်ခဲ့ရတဲ့ သူပါ ...

"ရင်ခုန်သံ ... "

သူမ ...

မေမေ့ကို မော့မကြည့်ရဲ ...

"သမီးကို မေမေက အရမ်းကို မျှော်လင့်ခဲ့ရတာပါ ... အခုတော့"

မမ ...

ကျောက်ရုပ်လေးတစ်ရုပ်လိုပဲ ခေါင်းလေးငုံ့ရပ် မျက်ရည်ဝဲနေရသည်။





"ရင်ခုန်သံ ... "

"ရှင် ... "

"ညည်း လုပ်ထားတဲ့ ကိစ္စကို ပြန်ရှင်းပေးလိုက်ပါ မောင်နဲ့ သူ့ရဲ့ချစ်သူကြားမှာ ဝင်မရှုပ်ပါနဲ့"

"သမီး မလုပ်နိုင်ဘူး မေမေ"

"ဘာ ... "

"ဒါက မောင်နဲ့ထိုက်တန်တဲ့ အပြစ်ဒဏ်တစ်ခုဆိုတာ မမ ယုံတယ်"

"ရင်ခုန်သံ ... "

မေမေက ရင်ဘတ်လေးဖိပြီး အော်လိုက်ပေမယ့် ...

မမ ...

ခေါင်းမာမာနှင့် ငြင်းနေမိသည်။

"မမ ... မမိုက်စမ်းပါနဲ့ မေမေ့သမီးရဲ့ဂုဏ်သိက္ခာကို အထိ ခိုက်မခံပါနဲ့"

"ဟင့်အင်း ... "

"ရင်ခုန်သံ ... "

မောင် ...

မင်းနဲ့ချစ်ကြိုးငယ် လုံးဝမပေါင်းရဘူး ...

"ညည်း ... ညည်း ရင်ခုန်သံဆိုတဲ့ ငါ့သမီးမှ ဟုတ်သေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား … ငါသိခဲ့တဲ့ ငါ့သမီးက အရမ်းကို ဣန္ဒြေသိက္ခာနဲ့ ပြည့်စုံခဲ့တာ … အခု ညည်းလို မဟုတ်ဘူး … ”

ဒေါ်သီတာ …

ရင်ဘတ်ကို လက်နဲ့ဖိရင်း မောဟိုက်လာရ၏။

နှလုံး တစ်ခုလုံး စူးရှနာကျင်နေရသည်။

တင်းကျပ်လွန်းလာသဖြင့် အသက်ရှူလို့ပင် မဝတော့ …

“မေမေ … ”

ရုတ်တရက် လဲကျသွားတဲ့ မေမေ့ကို ကမန်းကတန်းပွေ့ဖက်ရင်း မမပါပြိုလဲကျသွားရသည်။

“မေမေ … ”

“မေမေ … ”

မမ …

မေမေ့ကို ကမန်းကတန်း ဆေးရုံပို့ဖို့ ပြင်ပေမယ့် မရတော့မမလက်ပေါ်မှာပဲ မေမေဆုံးသွားခဲ့သည်။

မေမေရယ် ဖြစ်မှ ဖြစ်ရလေတယ် …

မေမေ မရှိတော့ဘူးဆိုမှ မမရင်ထဲမှာ နှမြောတမ်းတစွာဖြင့် အသိဝင်လာရသည်။

မေမေ …

မမကို ငယ်ငယ်လေးထဲက အကြင်နာကြီးမားစွာဖြင့် တယု





တယကျေးမွေး စောင့်ရှောက်လာခဲ့တာ …

အခုတော့ …

မမအပေါ် မျှော်လင့်ချက်သိပ်ကြီးမားခဲ့တဲ့ မေမေက မမအနားက ထွက်သွားခဲ့ပြီ။

မမမှားတာ …

မမ မိုက်တာ …

မေမေရယ် …

မမ နောင်တတွေရနေပါပြီ …

မမအပေါ် ဘယ်လိုမှ ချစ်လာမှာ မဟုတ်တဲ့ လူတစ်ယောက်အတွက် မမကို အရမ်းချစ်တဲ့ မေမေ့အပေါ် မှားမိတာပါ

မေမေ …

မမကို ခွင့်လွှတ်ပါနော် …

မမ နာရေးလာမေးတဲ့ ဧည့်သည်တွေကို ထားခဲ့ပြီး အခန်းထဲဝင်ကာ ငိုရှိုက်နေမိသည်။

နာကြင်မှုတွေနှင့်ပြည့်နှက်နေရ၏။

“မမ … ”

“ဟင် … ”

မောင့်အသံ …

မမ အရမ်းမျှော်လင့်ခဲ့ရတဲ့ မောင့်ရဲ့အသံ …

“မငိုပါနဲ့တော့ မမရယ် … ”



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... မောင် ဟုတ်ပါတယ်နော်"

အိပ်မက်များ မက်နေသလား ...

မောင်က သူမထိုင်နေတဲ့ အိပ်ရာလေးပေါ်မှာ ဝင်ထိုင်လိုက်သည်။

"မောင် ... မောင်ဘာလာလုပ်တာလဲ"

"မမ့်ဆီ လာတာလေ ..."

မောင်ရယ် ...

လူမှုရေး စိတ်ဓာတ်နဲ့ မေမေ့နာရေး လာတာမဟုတ်လား

"မမ ..."

"ဟင် ..."

"မောင့်ကိုဘာလို့ အဲလောက်ချစ်ရတာလဲ ... အန်တီသီတာနဲ့ အတိုက်အခံ လုပ်ပြီး ဘာလို့ ချစ်ရတာလဲ"

"မောင် ..."

"မောင်က မမအဲလောက်ချစ်ဖို့တန်တဲ့သူလား ..."

သူမ ...

မောင့်ကို မော့ကြည့်မိသည်။

မောင်က သူမကို စူးခြားလေးနက်တဲ့ မျက်ဝန်းတွေနှင့် ကြည့်နေ၏။

"မောင် ချစ်ကြိုးငယ်ရော ပါလာလား ..."

"ဟင့်အင်း ... သူ စေ့စပ်သွားပြီ မမ ..."





"ဟင် ... မမ အဲဒါ မမကြောင့် ... အို ..."

ထင်မှတ်မထားဘဲ မောင်က သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်တာမို့ မမ အထိတ်တလန့် ဖြစ်သွားရသည်။

မမ ...

ရုန်းကန်ပေမယ့် မောင်က မလွှတ် ...

"မမရယ် မမအဲလောက်ချစ်မှန်း သိတဲ့အချိန်မှာ မောင် အရမ်း မှားသွားပြီဆိုတာ သိလိုက်ပါတယ် ... မမရဲ့ သံယောဇဉ်တွေ အပေါ်မှာ မောင် အရမ်းရက်စက်မိတယ် ..."

မောင် ...

မောင် တကယ်ပြောနေတာလား ...

"မောင် ချစ်ကြိုးငယ်ကို မရှင်းပြတော့ဘူး ... ထင်ချင်ရာ ထင်ပါစေတော့ ... မောင် မမနားမှာပဲ တစ်သက်လုံး အတူရှိနေတော့မယ် ..."

မောင်က ပိုပြီး တင်းကျပ်စွာ ဖက်ထား၏။

"မမ ..."

"ဟင် ..."

"မောင် မမကို လက်ထပ်ပါရစေနော် ..."

မမ ...

မောင့်ရင်ခွင်ထဲမှာ ဘာမှ ပြန်မပြောပဲ ငြိမ်သက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်မထပ်ဘူးလားဟင် ... "

မမ ...

ငြိမ်သက်နေဆဲ ...

"ကဲ ... ဒီလောက်တောင် လက်မထပ်ချင်တာ ... "

"အို ... မောင်"

နွေးထွေးတဲ့ မောင့်အနမ်းတွေကြားမှာ မမ ရင်ခုန်လိုက်မောရင်း' ပျော်ဝင်သွားမိတော့၏။

ချစ်ခင်လေးစားစွာဖြင့်
သင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com